http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

http://www.dhammadownload.com

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ် (၄၉)

# ရတနသုတ် အနှစ်ချုပ်

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

http://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ရတနသုတ် အနှစ်ချုပ်

http://www.dhammadownload.com



**အပရိဟာနိယတရား(၇)ပါး** ဆိုတာ ဟောထားတာ ရှိတယ်။ အဲဒီ အပရိဟာနိယတရား (၇)ပါးမှာ အဓိကကျတာကတော့ အစည်းအဝေးတွေ လုပ်ခြင်းပဲ။ အားလုံး ဘာပဲလုပ်လုပ် ညီညီညွတ်ညွတ် စည်းဝေးတယ်၊ ညီညီညွတ်ညွတ်ဆုံးဖြတ်တယ်၊ ညီညီညွတ်ညွတ် အကောင်အထည်ဖော်တယ်ဆိုတဲ့ အချက်က ပိုပြီးအဓိက ကျတယ်။ အဲတော့ ဝေသာလီက မင်းတွေဟာ ဘယ်ကိစ္စမှာမဆို တညီတည်း အစည်းဝေးထိုင်ကြတယ်။ သူတို့အစည်းအဝေး ထိုင်တဲ့၊ ခုခေတ်လိုဆိုရင် လွှတ်တော်လို့ ပြောချင်ပြောမယ် အစည်းအဝေးခန်းမကြီး **သန္ထာဂါရ** လို့ခေါ်တယ်။ **သန္ထာဂါရ** လို့ခေါ်တဲ့ လွှတ်တော်ကြီးမှာ စည်းဝေးပြီးတဲ့အခါ တိုင်းရေးပြည်ရေး စီးပွားရေးအစရှိတဲ့ ကိစ္စတွေကို ဆောင်ရွက်ကြတယ်။

အဲဒီလောက် စည်ကားတဲ့ ကြီးပွားတိုးတက်လာတဲ့ နိုင်ငံကြီးမှာ ရံဖန်ရံခါ ရာသီဥတုမကောင်းလို့ အခြေအနေဆိုးတွေ ကြုံတွေ့ရတယ်။ ရှေးကလည်း ကြုံတွေ့တာပဲ။ အခုမြန်မာနိုင်ငံမှာ ဒီနှစ်နွေရာသီ အင်မတန်ပူပြင်းတဲ့ ရာသီဥတုတွေနဲ့ ကြုံတွေ့ကြရတယ်။ အဲဒီလို မမျှော်လင့်ဘဲနဲ့ အန္တရာယ်မျိုးဆိုတာ တခြားအန္တရာယ်တွေလည်း ကမ္ဘာမှာ အမြဲတမ်းတွေ့ရတာပဲ။ ၂၀၀၄ ခုနှစ်က ဆူနာမီဆိုတဲ့ ဒီလှိုင်းကြီးတွေ ဖြစ်ပေါ်ခဲ့တယ်၊ ဒီလှိုင်းကြီးတွေကြောင့် အန္တရာယ်ဆိုးတွေ ကြုံတွေ့ခဲ့ရတာပဲ။ ကမ္ဘာမှာ သမိုင်းမှတ်တမ်းတွေထဲမှာ ကြည့်မယ်ဆိုရင် ရံဖန်ရံခါ ထိုကဲ့သို့ အန္တရာယ်ဆိုးတွေနဲ့ ကြုံတွေ့ခဲ့ရတာတွေ ရှိခဲ့ကြတယ်ပေါ့။

http://www.dhammadownload.com



အေး . . ဝေသာလီပြည်မှာလည်းပဲ မိုးခေါင်တဲ့ ရာသီဥတု တစ်ခါတစ်ရံ ကြုံတတ်တယ်။ အဲတော့ ဝေသာလီပြည်မှာ မိုးခေါင်တဲ့ရာသီဥတုနဲ့ ကြုံတဲ့အခါမှာ ဆန်ရေစပါးတွေ စိုက်လို့ ပျိုးလို့ မရဘူး။ စိုက်ပျိုးလို့ မရတဲ့အခါ ဝမ်းစာ စားနပ်ရိက္ခာ မလုံမလောက် ဖြစ်နေတယ်။ ယနေ့ခေတ်မှာတော့ သယ်ယူပို့ဆောင်ရေးယာဉ်တွေ၊ ဆက်သွယ်ရေးတွေက အင်မတန် ကောင်းသည့် အတွက်ကြောင့် တစ်နေရာ တစ်ဒေသမှာ စားနပ်ရိက္ခာ မဖူလုံဘူးဆိုရင် ပို့ဆောင်ပေးကြတယ်၊ ထောက်ပံ့ပေးကြတယ်။ အတော်အသင့် သက်သာတယ်လို့ ပြောရမယ်။ အားလုံး သိကြပါလိမ့်မယ်၊ နှစ်တွေမကြာမီကမှ အာဖရိကတိုက် အီသီယိုပီးယားနိုင်ငံမှာ စားနပ်ရိက္ခာတွေ ပြတ်လပ်ပြီးတော့ ကပ်ဆိုးဆိုတာ ကျရောက်ခဲ့သေးတာပဲ။

ဝေသာလီပြည်ကြီးမှာ မိုးခေါင်ရေရှား ဖြစ်ပြီးတော့ ကောက်ပဲသီးနှံတွေ စိုက်တာပျိုးတာတွေ မအောင်လို့ လူဦးရေများတဲ့ဒေသမှာ စားနပ်ရိက္ခာ မဖူမလုံ ဖြစ်ပြီးတော့ လူတွေဟာ အစာအာဟာရ ပြတ်လပ်တဲ့ ဒုက္ခကြီး၊ ဘေးဆိုးကြီးနဲ့ ကြုံရတယ်။ အဲဒါကို **ဒုဗ္ဘိက္ခန္တရ**ကပ်လို့ခေါ်တယ်။ **ဒုဗ္ဘိက္ခ**၊ ဒု ဆိုတာ မပြည့်စုံတဲ့ **ဘိက္ခ** စားနပ်ရိက္ခာ၊ စားနပ်ရိက္ခာမပြည့်စုံ ရှားပါးပြီးတော့ လူတွေဟာ ဝဝလင်လင် မစားကြရဘူး။

အဲဒီလို ကပ်ဆိုးကြီးနဲ့ ကြုံရတဲ့အခါ တခြားနိုင်ငံကနေ လာရောက်ပြီးတော့ ထောက်ပံ့ဖြေရှင်းပေးနိုင်တဲ့ အနေအထား မျိုး မရှိဘူး။ မရှိသည့်အတွက်ကြောင့် ကိုယ့်နိုင်ငံဖြစ် ကိုယ်ပဲခံနေ

http://www.dhammadownload.com



ရတဲ့ အနေအထားမျိုး ဖြစ်တယ်။

အဲသလို စားနပ်ရိက္ခာ မပြည့်စုံတဲ့အခါ လူတွေမှာ ရောဂါဝေဒနာတွေက ထပ်ဆင့်ပြီးတော့ ဖြစ်လာတယ်။ ထပ်ဖြစ်လာတော့ လူတွေဟာ အသေအပျောက် များလာကြတယ်။ ရောဂါကလည်း အင်မတန် ကူးစက်တတ်တဲ့ လျှင်မြန်တဲ့ရောဂါ။ အဲဒီခေတ်တုန်းကတော့ **"အဟိဝါတရောဂါ"** လို့ခေါ်တယ်၊ အဟိဝါတ ရောဂါရဲ့ အဓိပ္ပါယ်ကို ကျကျနနဖွင့်ထားတာတော့ မတွေ့ဘူး။ သို့သော် စကားလုံး အဓိပ္ပါယ်ကို ကြံဖန်ဖော်မယ်ဆိုရင်တော့ **အဟိ** ဆိုတာ မြွေ၊ **ဝါတ** ဆိုတာ 'လေ' လို့ဆိုတဲ့ အဓိပ္ပါယ်ရတယ်။ **အဟိ** မြွေဆိပ်လို ပြင်းထန်ပြီးတော့၊ **ဝါတ** လေလို လျှင်မြန်စွာ ကူးစက်တတ်တဲ့ ရောဂါလို့ မှတ်သင့်တယ်။ ဘာနဲ့ အလားသဏ္ဌာန် တူလဲဆိုရင် မြန်မာနိုင်ငံမှာ ဒုတိယကမ္ဘာစစ် ပြီးကာစတုန်းက **ပလိပ်ရောဂါ**ဆိုတာ ဖြစ်ခဲ့တယ်၊ အင်မတန် လျှင်မြန်တဲ့နှုန်းနဲ့ ကူးစက်တယ်။ ပလိပ်ရောဂါ ဖြစ်ပြီးတော့ သေကြတာ အဲဒီတုန်းက အင်မတန်မှ များခဲ့တယ်။

အေး အဲဒါမျိုးလို စားနပ်ရိက္ခာမဖူလုံလို့ လူတွေ ဆင်းရဲဒုက္ခရောက်နေရတဲ့ကြားထဲမှာ ရောဂါဝေဒနာ ဖြစ်လာတယ်၊ ကူးစက်လျှင်မြန်တဲ့ ပလိပ်ရောဂါလို လျှင်မြန်စွာ ကူးစက်တတ်တဲ့ **အဟိဝါတ** ရောဂါဖြစ်တယ်။ အဲဒီလို ရောဂါတွေဖြစ်လာတဲ့အခါ လူအသေအပျောက် များလာတယ်။

လူတွေ အသေအပျောက် များလာတဲ့အခါမှာ မကောင်းဆိုးဝါးတွေကလည်းပဲ လူသေတွေများတာကို အကြောင်းပြု

http://www.dhammadownload.com



ပြီးတော့ ပိုပြီးတော့ ဝင်ရောက်နှောက်ယှက်လာတဲ့ အနေအထား မျိုး ဖြစ်လာတယ်။

စားနပ်ရိက္ခာ ရှားပါးပြီးတော့ အစာအာဟာရ မဖူလုံတာကို **ဒုဗ္ဘိက္ခန္တရကပ်** လို့ခေါ်တယ်။ ရောဂါဝေဒနာတွေ ဖြစ်ပြီးတော့ ပြန့်ပွားနေတာကို **ရောဂန္တရကပ်** လို့ခေါ်တယ်။ မကောင်းဆိုးဝါးတွေက ဝင်ရောက်ပြီးတော့ လူတွေကို အခွင့်ကောင်းယူပြီး နှိပ်စက်တာကျတော့ **အမနုဿန္တရကပ်** လို့ခေါ်တယ်။ ဘီလူးဘေးပေါ့။

အဲဒီမှာ ကပ်ဆိုတဲ့ အဓိပ္ပါယ်က အတိုင်းအတာကြီးတစ်ခုကို ပြောတာ။ အင်္ဂလိပ်လိုတော့ period လို့ခေါ်တယ်၊ အတိုင်းအတာ။ ရှည်လျားတဲ့ ကာလကြီးတစ်ခုပေါ့။ အချိန်အတိုင်းအတာအရ၊ ဒီလို အတိုင်းအတာတစ်ခုအရ စားနပ်ရိက္ခာမဖူမလုံနဲ့ မိုးခေါင်နေတဲ့ အချိန်ပိုင်းကြီးကို **ဒုဗ္ဘိက္ခန္တရကပ်** လို့ခေါ်တယ်။ ရောဂါဝေဒနာတွေဖြစ်ပြီး ကူးစက်ပြန့်ပွားနေတဲ့ အချိန်ပိုင်းကို **ရောဂန္တရ** လို့ခေါ်တယ်။ အဲဒီအချိန်မှာ မကောင်းဆိုးဝါးတွေက ဝင်ရောက်ပြီးတော့နှိပ်စက်တဲ့ အချိန်ပိုင်းကို **အမနုဿန္တရကပ်** လို့ခေါ်တယ်။ **"ရောဂါ မနုဿ ဒုဗ္ဘိက္ခ သမ္ဘူတံ တိဝိဓံ ဘယံ"** လို့ဆိုတဲ့အတိုင်း ဝေသာလီပြည်မှာ ကြုံခဲ့တယ်။

အဲဒီလို ကြုံကြိုက်လာတဲ့ အခါကျတော့ ဒီဘေးဆိုးအန္တရာယ်ကြီးက ဘယ်လိုလုပ်ပြီး လွတ်မြောက်အောင် လုပ်ကြမလဲလို့ တိုင်ပင်ညှိနှိုင်းကြတယ်။ လူတွေဟာ အန္တရာယ်ဆိုးတွေကျရောက်ပြီ ဆိုတဲ့အခါ ကိုယ်ယုံကြည်ရာတွေကို လုပ်တတ်ကြ

http://www.dhammadownload.com



တယ်ပေါ့။ နတ်ယုံကြည်သူတွေက ဘာအကြံပေးတုန်းလို့ ဆိုလို့ရှိရင် ဗလိနတ်စာတွေပေးမယ်၊ နတ်ပွဲတွေ ကျင်းပပြီးတော့ တောင်းပန်မယ်။ ဒီလိုလုပ်တဲ့ နည်းတွေနဲ့လည်း ဖြေရှင်းတယ်၊ မရဘူး။ မရတဲ့အခါကျတော့ နတ်တွေကို တောင်းပန်တိုးလျှိုး၊ အန္တရာယ်ဆိုးတွေကို ပေးနေတဲ့ သတ္တဝါတွေကို တောင်းပန် တိုးလျှိုးတဲ့ ပွဲတွေ ကျင်းပပြီးတော့ တောင်းပန်တာ လုပ်ကြတယ်။ ဒါလည်းမရဘူး၊ အဲဒီလိုနည်းအမျိုးမျိုးနဲ့ ကြိုးစားကြပေမယ်လို့ ဘေးဆိုးကပ်ဆိုးကြီးနဲ့ မလွတ်ကြဘူးတဲ့။

အဲလိုမလွတ်တဲ့အခါမှာ အကြံအမျိုးမျိုး ပေးကြတယ်။ ဘာသာရေးဘက်ကို လှဲ့လာကြတယ်။ အဲဒီခေတ်က ကိုးကွယ်ရာ ဘာသာဟာ (၇)မျိုးရှိတယ်လို့ ပြောရမယ်။ အိန္ဒိယနိုင်ငံမှာ ထင်ရှားတဲ့ ဘာသာရေး ခေါင်းဆောင်ကြီးတွေက (၇)ဦး ရှိတယ် ပေါ့။ အဲဒီ(၇)ဦးထဲက (၆)ဦးကတော့ **ပူရာဏကဿပ၊ မက္ခလိဂေါသာလ၊ နိဂဏ္ဌနာဋပုတ္တ၊ သဉ္စယဗေလဋ္ဌပုတ္တ၊ ပကုဓကစ္စာယန၊ အဇိတကေသကမ္ဗလ** ဆိုတဲ့ တိတ္ထိဆရာကြီး (၆) ယောက်၊ အဲဒီဆရာကြီးတွေကို ကိုးကွယ်တဲ့ အုပ်စုကလည်း အကြံပေးတယ်၊ တိတ္ထိဆရာကြီးတွေကို ပင့်လိုက်လို့ရှိရင် သူတို့ရဲ့ ဘုန်းတန်ခိုးတေဇော် အာနုဘော်ကြောင့် ဒီဘေးဆိုး အန္တရာယ် ကြီးက လွတ်မြောက်သွားမှာပဲလို့ အကြံပြုကြတယ်။

မြတ်စွာဘုရားရဲ့ ဂုဏ်သတင်းကလည်း အင်မတန်မှ ကြီးတယ်။ ကြီးတော့ ဘုရားကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေကလည်း အများကြီးရှိတယ်။ သူတို့ကလည်း မြတ်စွာဘုရား ရာဇဂြိုဟ်မှာ

http://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ရတနသုတ် အနှစ်ချုပ်

http://www.dhammadownload.com

ကွန်ပျူတာစာစီ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ညွှန်ကြားရေးမှူး ဦးဘဟိန်း

မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို

ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

http://www.dhammadownload.com

# ရတနသုတ်အနှစ်ချုပ်
## (အပိုင်း-၁)

**မှတ်တမ်း။** ။သာသနာတော်နှစ် ၂၅၅၄ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၇) ရက် ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ (၃)ရက်။ မုံရွာမြို့၊ ရွှေစည်းခုံ မြတ်စွာဘုရား မဟာသာသနာ့ဗိမာန်တော်ကြီးအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်သည့် ဓမ္မသဘင် အခမ်းအနားဝယ် မုံရွာမြို့၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လက်ထောက်မန်နေဂျာ ဦးသက်မင်းအောင်+ဒေါ်တင်တင်ခိုင် သား မောင်ကောင်းခန့်နိုင် မိသားစုတို့၏အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"ရတနသုတ် အနှစ်ချုပ်" အပိုင်း(၁)** တရားဒေသနာတော်။

မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေ ငယ်စဉ်ကာလကတည်းက ပရိတ်ကြီး(၁၁)သုတ်ကို သင်ယူကြတယ်။ ပရိတ်ကြီး(၁၁)သုတ်ကို အားလုံးကြားဖူး၊ နာဖူးကြတယ်။ ဒီကနေ့ ရတနသုတ်အနှစ်ချုပ်ကို (၃)ရက်ခွဲပြီး ဘုန်းကြီးတို့ ဟောပါ့မယ်။

ဒီကနေ့တော့ အပိုင်း(၁)အနေနဲ့ ဟောမယ်။ ပရိတ်ဆိုတာ **"ပရိတ္တ"** ဆိုတဲ့ ပါဠိစကားက လာတယ်။ မမြင်ရတဲ့ ဘေးရန်အန္တရာယ်တွေ မကျရောက်အောင် အကာအကွယ်ပြုတဲ့ အနေနဲ့ မြတ်စွာဘုရားက ဟောတာ။ ရွတ်ဖတ်သရဇ္ဈာယ် နှလုံးသွင်းရင် အရံအတားဖြစ်အောင် ဟောကြားထားတဲ့ ထူးခြားတဲ့သုတ္တန်တွေ

http://www.dhammadownload.com



ဖြစ်တယ်။ အဲဒီ ထူးခြားတဲ့ သုတ္တန်တွေကို ဗုဒ္ဓသာမြန်မာလူမျိုးတွေရော အခြားနိုင်ငံက ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံက လူတွေရော အန္တရာယ်ကင်းဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သံဃာတော်အရှင်မြတ်များ ပင့်ဖိတ်ပြီး နာယူကြတယ်။ ဟိုး ပုဂံခေတ်ကတည်းက ပရိတ်တရားကို နာယူကြတယ်ဆိုတဲ့ အစဉ်အလာရှိတယ်။ မြန်မာမင်း အဆက်ဆက် လိုက်နာကျင့်သုံးခဲ့တယ်၊ နန်းတော်တွေမှာတောင် "ပရိတ်နာဆောင်" ဆိုပြီး သီးသန့်အဆောင်တစ်ခု ထားတာမျိုးတောင် ရှိတယ်။

လူတိုင်းလူတိုင်းဟာ အန္တရာယ် ကင်းချင်ကြတယ်။ အန္တရာယ်ကင်းချင်တော့ အန္တရာယ်ကင်းရာ ကင်းကြောင်းနည်းလမ်းကောင်းတွေကို ရှာဖွေပြီး လိုက်နာကျင့်သုံးကြရတယ်။ ဗုဒ္ဓသာဝင်တွေတင်မက အခြားဘာသာဝင်တွေလည်း အန္တရာယ်ကင်းချင်ကြတာပဲ။ သူတို့လည်း သူတို့နည်း သူတို့ဟန်နဲ့ အန္တရာယ်ကင်းအောင် ပြုလုပ်ကြတာပဲ။ လောကမှာ အန္တရာယ်ကင်းမှုလိုလားတာဟာ လူတိုင်းလူတိုင်းရဲ့ ဆန္ဒပဲ။ အန္တရာယ်ကျရောက်မှာကို ကြောက်ကြတယ်။ အန္တရာယ်ကင်းရှင်းတဲ့ အနေအထားမျိုးရောက်အောင် ကြိုးစားကြတယ်၊ ဆောင်ရွက်ကြတယ်။ သို့သော်အန္တရာယ်ကင်းအောင် ဆောင်ရွက်တဲ့ ကိစ္စတိုင်းဟာ အန္တရာယ်ကင်းမှုကို ဖြစ်စေနိုင်သလား၊ စစ်မှန်တဲ့နည်းလမ်း ဟုတ်သလားဆိုတာကတော့ အတပ်ပြောလို့ မရဘူး။

ဗုဒ္ဓမြတ်စွာက အန္တရာယ်ကင်းစေဇာတ်တဲ့ နည်းလမ်း၊ တကယ့် အန္တရာယ်ကင်းအောင် ဆောင်ရွက်နိုင်တဲ့ နည်းလမ်း

http://www.dhammadownload.com



အစစ်များကို **'ပရိတ္တ'** ဆိုတဲ့ ဒေသနာတွေကို ဟောပြီးတော့ထားတယ်။

**'ပရိတ္တ'** တဲ့၊ အရံအတား protection လို့ခေါ်တယ်။ မမြင်ရတဲ့ အန္တရာယ်ဆိုရင် ကြုံတင်ပြီး မသိနိုင်သည့်အတွက် အန္တရာယ် ကြုံလာတတ်တယ်။ အဲဒီလို ကြုံလာမယ့် အန္တရာယ်ကို ကာကွယ်ပြီးသားဖြစ်အောင် ဒီပရိတ်တရားတော်များကို ရွတ်ပွားခြင်း၊ ပရိတ်တရားတွေမှာ ပါတဲ့အတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် အန္တရာယ်ကင်းမှုကို ရရှိနိုင်တယ်။ ဒီစီမံချက်နဲ့ မြတ်စွာဘုရားက ဟောထားတယ်။

အဲဒီတော့ ပရိတ်တရားတော်နဲ့ အန္တရာယ်ကင်းဖို့ဆိုတဲ့ အထဲမယ် အဓိကအချက်က သုံးချက်ရှိတယ်။ အဓိက သုံးချက်ဆိုတာ ဘာတုန်းဆိုရင် **မေတ္တာရယ်၊ သစ္စာရယ်၊ ဘုရားတရားသံဃာဂုဏ်ရယ်**ပေါ့။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်ကို အာရုံပြုပြီးတော့လည်းပဲ အန္တရာယ်ကင်းအောင် လုပ်လို့ရတယ်။ ဒါက တစ်ချက်။ မေတ္တာပွားပြီးတော့လည်း အန္တရာယ်ကင်းအောင် လုပ်လို့ရတယ် ဒါကတစ်ချက်။ သစ္စာဆိုပြီးတော့ အန္တရာယ်ကင်းအောင် လုပ်လို့လည်းရတယ်၊ ဒါကတစ်ချက်။ အဲဒီထဲမှာအဓိကကျတာကတော့ မေတ္တာနဲ့ သစ္စာပေါ့။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က မေတ္တာတရားနဲ့ သစ္စာစကား ဒီနှစ်ခုကို အခြေခံထားပြီး ပရိတ်တရားကို ဟောထားတယ်။

မေတ္တာသုတ် ဆိုလို့ရှိရင် မေတ္တာကို အခြေပြုပြီးတော့ အန္တရာယ်ကင်းစေတတ်တဲ့ နည်းစနစ်ကို မြတ်စွာဘုရားက

http://www.dhammadownload.com



ပေးထားတယ်။ နောက်တစ်ဖန် ခန္ဓသုတ်ဆိုတာကလည်းပဲ မြွေဆိုးတွေ၊ အဆိပ်အတောက်ရှိတဲ့ သတ္တဝါတွေရဲ့ အန္တရာယ်က ကင်းဝေးဖို့ဆိုပြီး မြတ်စွာဘုရားက အထူးဟောထားတာ ဖြစ်တယ်။ ယုံယုံကြည်ကြည်နဲ့ လိုက်နာကျင့်သုံးမယ်၊ ပွားများမယ် ရွတ်ဖတ် သရဇ္ဈာယ်မယ်ဆိုရင် အန္တရာယ်ကင်းတဲ့ သာဓကတွေ အများကြီးရှိတယ်ပေါ့။ မြတ်စွာဘုရား ကိုယ်တိုင်ကိုက မေတ္တာ တရားကို အသုံးပြုပြီးတော့ မေတ္တာဘာဝနာပွားမယ်၊ မေတ္တာနဲ့ ဆိုင်တဲ့ ပရိတ်တရားတော်တွေကို ရွတ်ဖတ် နှလုံးသွင်းမယ်ဆိုရင် အဆိပ်ပြင်းထန်တဲ့ တိရစ္ဆာန်တွေရဲ့ အန္တရာယ်ကြောင့် အသက် အန္တရာယ်တွေ မဖြစ်နိုင်ဘူးလို့ ဒီလိုဟောထားတာ ရှိတယ်။

အဲဒီလိုပဲ နောက်တစ်ခုကတော့ “**သစ္စာ**” ဆိုတာ။ သစ္စာ ဆိုခြင်းဖြင့် လူတွေရဲ့သန္တာန်မှာ မဖြစ်ပေါ်သေးတဲ့ အန္တရာယ် တွေကို ကြိုတင်ကာကွယ်နိုင်သလိုပဲ ဖြစ်ပေါ်ကျရောက်ပြီးသား ဖြစ်တဲ့ အန္တရာယ်တွေကိုလည်း ပယ်ဖျောက်နိုင်တယ်၊ တားဆီး နိုင်တယ်လို့ အဓိပ္ပါယ်ရတယ်။ ဒါကြောင့်မို့ **ရတနသုတ်** ဆိုတာ သစ္စာဆိုတဲ့နည်းကို အသုံးချပြီးတော့ မြတ်စွာဘုရားက အန္တရာယ် ကင်းအောင် ဆောင်ရွက်ပေးခဲ့တယ်။

လောကမှာ လူတွေ မမျှော်လင့်ဘဲနဲ့ အန္တရာယ်ဆိုးတွေ၊ ကပ်ဆိုးတွေ၊ ဘေးဆိုးတွေ ကျရောက်လာတတ်တယ်ပေါ့။ မျှော်လင့်မထားတဲ့ အန္တရာယ်ဆိုး ကပ်ဆိုးဘေးဆိုးတွေ ကျရောက် လာတတ်တယ်။ အဲဒီလို ကျရောက်လာတဲ့အခါမှာ အန္တရာယ်က လွတ်မြောက်အောင် လုပ်တဲ့နည်းကို မြတ်စွာဘုရားက ဒီသုတ္တန်မှာ

http://www.dhammadownload.com



ဟောပေးတယ်။ သစ္စာဆိုတဲ့နည်းနဲ့ အန္တရာယ်ကို ကာကွယ်ပေးတယ် ဘေးအန္တရာယ်က လွတ်မြောက်အောင် ဆောင်ရွက်ပေးတယ်။

မြတ်စွာဘုရား လက်ထက်တော် အခါကာလတုန်းက **ဝေသာလီ** နိုင်ငံကြီးဟာ အလွန်စည်ကားခဲ့တယ်။ တိုင်းပြည်အုပ်ချုပ်တဲ့ မင်းတွေ အများကြီးပဲ။ (မင်းဆိုပေမယ်လို့ ခုခေတ်လိုပြောမယ်ဆိုရင် ပါလီမန်မင်းဘားတွေလို့ ပြောရမယ်ထင်တယ်။ တကယ့်ရာဇာဆိုတဲ့ ဧကရာဇ်ဘုရင်တော့ မဟုတ်ဘူး။) တိုင်းပြည်အုပ်ချုပ်တဲ့အခါ သူတို့က အဖွဲ့အစည်းနဲ့ အုပ်ချုပ်တယ်။ အဲဒါကို oligarchy system လို့ခေါ်တယ်။ oligarchy system ဆိုတာ အဖွဲ့အစည်းတစ်ရပ်က တိုင်းပြည်ကို အုပ်ချုပ်တာ။ ခုခေတ်စကားနဲ့ ပြောရရင် တစ်ပါတီအာဏာရှင် စနစ်ပေါ့။ oligarchy ဆိုတာ လူတစ်စု၊ ပါတီတစ်ခုက တိုင်းပြည်ကို အုပ်ချုပ်တဲ့ စနစ်။ ဧကရာဇ်ဘုရင်က တိုင်းပြည်ကို အုပ်ချုပ်တဲ့စနစ်ကျတော့ Monarchy system လို့ခေါ်တယ်။ monarch ဆိုတာ ဧကရာဇ်ဘုရင်ပေါ့။ အဲဒီ ဧကရာဇ်ဘုရင်ကနေ အုပ်ချုပ်တဲ့အခါမှာ တစ်ဦးတည်းရဲ့ အာဏာနဲ့ အုပ်ချုပ်သွားတယ်။

ခု ဝေသာလီနိုင်ငံကြီးကတော့ ဂဏရာဇာ လို့ခေါ်တယ်။ မင်းတွေ စုပေါင်းပြီး အုပ်ချုပ်ကြတယ်။ မင်းပေါင်း (၇၇၀၇) ယောက် ရှိတယ်။ တိုင်းပြည်ကလည်း အလွန်စည်ကားတယ်။ ညီညွတ်ရေးကလည်း အလွန်ကောင်းတယ်။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ဝေသာလီက လိစ္ဆဝီမင်းတွေနဲ့ ပတ်သက်ပြီး

http://www.dhammadownload.com



**အပရိဟာနိယတရား(၇)ပါး** ဆိုတာ ဟောထားတာ ရှိတယ်။ အဲဒီ အပရိဟာနိယတရား (၇)ပါးမှာ အဓိကကျတာကတော့ အစည်းအဝေးတွေ လုပ်ခြင်းပဲ။ အားလုံး ဘာပဲလုပ်လုပ် ညီညီညွတ်ညွတ် စည်းဝေးတယ်၊ ညီညီညွတ်ညွတ်ဆုံးဖြတ်တယ်၊ ညီညီညွတ်ညွတ် အကောင်အထည်ဖော်တယ်ဆိုတဲ့ အချက်က ပိုပြီးအဓိကကျတယ်။ အဲတော့ ဝေသာလီက မင်းတွေဟာ ဘယ်ကိစ္စမှာမဆို တညီတည်း အစည်းဝေးထိုင်ကြတယ်။ သူတို့အစည်းအဝေး ထိုင်တဲ့၊ ခုခေတ်လိုဆိုရင် လွှတ်တော်လို့ ပြောချင်ပြောမယ် အစည်းအဝေးခန်းမကြီး **သန္ထာဂါရ** လို့ခေါ်တယ်။ **သန္ထာဂါရ** လို့ခေါ်တဲ့ လွှတ်တော်ကြီးမှာ စည်းဝေးပြီးတဲ့အခါ တိုင်းရေးပြည်ရေး စီးပွားရေးအစရှိတဲ့ ကိစ္စတွေကို ဆောင်ရွက်ကြတယ်။

အဲဒီလောက် စည်ကားတဲ့ ကြီးပွားတိုးတက်လာတဲ့ နိုင်ငံကြီးမှာ ရံဖန်ရံခါ ရာသီဥတုမကောင်းလို့ အခြေအနေဆိုးတွေ ကြုံတွေ့ရတယ်။ ရှေးကလည်း ကြုံတွေ့တာပဲ။ အခုမြန်မာနိုင်ငံမှာ ဒီနှစ်နွေရာသီ အင်မတန်ပူပြင်းတဲ့ ရာသီဥတုတွေနဲ့ ကြုံတွေ့ကြရတယ်။ အဲဒီလို မမျှော်လင့်ဘဲနဲ့ အန္တရာယ်မျိုးဆိုတာ တခြား အန္တရာယ်တွေလည်း ကမ္ဘာမှာ အမြဲတမ်းတွေ့ရတာပဲ။ ၂၀၀၄ ခုနှစ်က ဆူနာမီဆိုတဲ့ ဒီလှိုင်းကြီးတွေ ဖြစ်ပေါ်ခဲ့တယ်၊ ဒီလှိုင်းကြီးတွေကြောင့် အန္တရာယ်ဆိုးတွေ ကြုံတွေ့ခဲ့ရတာပဲ။ ကမ္ဘာမှာ သမိုင်းမှတ်တမ်းတွေထဲမှာ ကြည့်မယ်ဆိုရင် ရံဖန်ရံခါ ထိုကဲ့သို့ အန္တရာယ်ဆိုးတွေနဲ့ ကြုံတွေ့ခဲ့ရတာတွေ ရှိခဲ့ကြတယ်ပေါ့။

http://www.dhammadownload.com



အေး . . .ဝေသာလီပြည်မှာလည်းပဲ မိုးခေါင်တဲ့ ရာသီဥတု တစ်ခါတစ်ရံ ကြုံတတ်တယ်။ အဲတော့ ဝေသာလီပြည်မှာ မိုးခေါင်တဲ့ရာသီဥတုနဲ့ ကြုံတဲ့အခါမှာ ဆန်ရေစပါးတွေ စိုက်လို့ ပျိုးလို့ မရဘူး။ စိုက်ပျိုးလို့ မရတဲ့အခါ ဝမ်းစာ စားနပ်ရိက္ခာ မလုံမလောက် ဖြစ်နေတယ်။ ယနေ့ခေတ်မှာတော့ သယ်ယူ ပို့ဆောင်ရေးယာဉ်တွေ၊ ဆက်သွယ်ရေးတွေက အင်မတန် ကောင်းသည့် အတွက်ကြောင့် တစ်နေရာ တစ်ဒေသမှာ စားနပ် ရိက္ခာ မဖူလုံဘူးဆိုရင် ပို့ဆောင်ပေးကြတယ်၊ ထောက်ပံ့ပေးကြ တယ်။ အတော်အသင့် သက်သာတယ်လို့ ပြောရမယ်။ အားလုံး သိကြပါလိမ့်မယ်၊ နှစ်တွေမကြာမီကမှ အာဖရိကတိုက် အီသီယိုပီးယားနိုင်ငံမှာ စားနပ်ရိက္ခာတွေ ပြတ်လပ်ပြီးတော့ ကပ်ဆိုးဆိုတာ ကျရောက်ခဲ့သေးတာပဲ။

ဝေသာလီပြည်ကြီးမှာ မိုးခေါင်ရေရှား ဖြစ်ပြီးတော့ ကောက်ပဲသီးနှံတွေ စိုက်တာပျိုးတာတွေ မအောင်လို့ လူဦးရေ များတဲ့ဒေသမှာ စားနပ်ရိက္ခာ မဖူမလုံ ဖြစ်ပြီးတော့ လူတွေဟာ အစာအာဟာရ ပြတ်လပ်တဲ့ ဒုက္ခကြီး၊ ဘေးဆိုးကြီးနဲ့ ကြုံရတယ်။ အဲဒါကို **ဒုဗ္ဘိက္ခန္တရကပ်**လို့ခေါ်တယ်။ **ဒုဗ္ဘိက္ခ၊** ဒု ဆိုတာ မပြည့်စုံတဲ့ **ဘိက္ခ** စားနပ်ရိက္ခာ၊ စားနပ်ရိက္ခာမပြည့်စုံ ရှားပါးပြီးတော့ လူတွေဟာ ဝဝလင်လင် မစားကြရဘူး။

အဲဒီလို ကပ်ဆိုးကြီးနဲ့ ကြုံရတဲ့အခါ တခြားနိုင်ငံကနေ လာရောက်ပြီးတော့ ထောက်ပံ့ဖြေရှင်းပေးနိုင်တဲ့ အနေအထား မျိုး မရှိဘူး။ မရှိသည့်အတွက်ကြောင့် ကိုယ့်နိုင်ငံဖြစ် ကိုယ်ပဲခံနေ

http://www.dhammadownload.com



ရတဲ့ အနေအထားမျိုး ဖြစ်တယ်။

အဲသလို စားနပ်ရိက္ခာ မပြည့်စုံတဲ့အခါ လူတွေမှာ ရောဂါဝေဒနာတွေက ထပ်ဆင့်ပြီးတော့ ဖြစ်လာတယ်။ ထပ်ဖြစ်လာတော့ လူတွေဟာ အသေအပျောက် များလာကြတယ်။ ရောဂါကလည်း အင်မတန် ကူးစက်တတ်တဲ့ လျှင်မြန်တဲ့ရောဂါ၊ အဲဒီခေတ်တုန်းကတော့ **"အဟိဝါတရောဂါ"** လို့ခေါ်တယ်၊ အဟိဝါတ ရောဂါရဲ့ အဓိပ္ပါယ်ကို ကျကျနနဖွင့်ထားတာတော့ မတွေ့ဘူး။ သို့သော် စကားလုံး အဓိပ္ပါယ်ကို ကြံဖန်ဖေါ်မယ်ဆိုရင်တော့ **အဟိ** ဆိုတာ မြွေ၊ **ဝါတ** ဆိုတာ 'လေ' လို့ဆိုတဲ့ အဓိပ္ပါယ်ရတယ်။ **အဟိ** မြွေဆိပ်လို ပြင်းထန်ပြီးတော့၊ **ဝါတ** လေလို လျှင်မြန်စွာ ကူးစက်တတ်တဲ့ ရောဂါလို့ မှတ်သင့်တယ်။ ဘာနဲ့ အလားသဏ္ဍာန် တူလဲဆိုရင် မြန်မာနိုင်ငံမှာ ဒုတိယကမ္ဘာစစ် ပြီးကာစတုန်းက **ပလိပ်ရောဂါ**ဆိုတာ ဖြစ်ခဲ့တယ်၊ အင်မတန် လျှင်မြန်တဲ့နှုန်းနဲ့ ကူးစက်တယ်။ ပလိပ်ရောဂါ ဖြစ်ပြီးတော့ သေကြတာ အဲဒီတုန်းက အင်မတန်မှ များခဲ့တယ်။

အေး အဲဒါမျိုးလို စားနပ်ရိက္ခာမဖူလုံလို့ လူတွေ ဆင်းရဲဒုက္ခရောက်နေရတဲ့ကြားထဲမှာ ရောဂါဝေဒနာ ဖြစ်လာတယ်၊ ကူးစက်လျှင်မြန်တဲ့ ပလိပ်ရောဂါလို လျှင်မြန်စွာ ကူးစက်တတ်တဲ့ **အဟိဝါတ** ရောဂါဖြစ်တယ်။ အဲဒီလို ရောဂါတွေဖြစ်လာတဲ့အခါ လူအသေအပျောက် များလာတယ်။

လူတွေ အသေအပျောက် များလာတဲ့အခါမှာ မကောင်းဆိုးဝါးတွေကလည်းပဲ လူသေတွေများတာကို အကြောင်းပြု

http://www.dhammadownload.com



ပြီးတော့ ပိုပြီးတော့ ဝင်ရောက်နှောက်ယှက်လာတဲ့ အနေအထားမျိုး ဖြစ်လာတယ်။

စားနပ်ရိက္ခာ ရှားပါးပြီးတော့ အစာအာဟာရ မဖူလုံတာကို **ဒုဗ္ဘိက္ခန္တရကပ်** လို့ခေါ်တယ်။ ရောဂါဝေဒနာတွေ ဖြစ်ပြီးတော့ ပြန့်ပွားနေတာကို **ရောဂန္တရကပ်** လို့ခေါ်တယ်။ မကောင်းဆိုးဝါးတွေက ဝင်ရောက်ပြီးတော့ လူတွေကို အခွင့်ကောင်းယူပြီး နှိပ်စက်တာကျတော့ **အမနုဿန္တရကပ်** လို့ခေါ်တယ်။ ဘီလူးဘေးပေ့ါ။

အဲဒီမှာ ကပ်ဆိုတဲ့ အဓိပ္ပါယ်က အတိုင်းအတာကြီးတစ်ခုကို ပြောတာ။ အင်္ဂလိပ်လိုတော့ period လို့ခေါ်တယ်၊ အတိုင်းအတာ။ ရှည်လျားတဲ့ ကာလကြီးတစ်ခုပေ့ါ။ အချိန်အတိုင်းအတာအရ၊ ဒီလို အတိုင်းအတာတစ်ခုအရ စားနပ်ရိက္ခာမဖူမလုံနဲ့ မိုးခေါင်နေတဲ့ အချိန်ပိုင်းကြီးကို **ဒုဗ္ဘိက္ခန္တရကပ်** လို့ခေါ်တယ်။ ရောဂါဝေဒနာတွေဖြစ်ပြီး ကူးစက်ပြန့်ပွားနေတဲ့ အချိန်ပိုင်းကို **ရောဂန္တရ** လို့ခေါ်တယ်။ အဲဒီအချိန်မှာ မကောင်းဆိုးဝါးတွေက ဝင်ရောက်ပြီးတော့နှိပ်စက်တဲ့ အချိန်ပိုင်းကို **အမနုဿန္တရကပ်** လို့ခေါ်တယ်။ **“ရောဂါ မနုဿ ဒုဗ္ဘိက္ခ သမ္ဘုတံ တိဝိဓံ ဘယံ”** လို့ဆိုတဲ့အတိုင်း ဝေသာလီပြည်မှာ ကြုံခဲ့တယ်။

အဲဒီလို ကြုံကြိုက်လာတဲ့ အခါကျတော့ ဒီဘေးဆိုးအန္တရာယ်ကြီးက ဘယ်လိုလုပ်ပြီး လွတ်မြောက်အောင် လုပ်ကြမလဲလို့ တိုင်ပင်ညှိနှိုင်းကြတယ်။ လူတွေဟာ အန္တရာယ်ဆိုးတွေကျရောက်ပြီ ဆိုတဲ့အခါ ကိုယ်ယုံကြည်ရာတွေကို လုပ်တတ်ကြ

http://www.dhammadownload.com



တယ်ပေါ့။ နတ်ယုံကြည်သူတွေက ဘာအကြံပေးတုန်းလို့ ဆိုလို့ရှိရင် ဗလိနတ်စာတွေပေးမယ်၊ နတ်ပွဲတွေ ကျင်းပပြီးတော့ တောင်းပန်မယ်။ ဒီလိုလုပ်တဲ့ နည်းတွေနဲ့လည်း ဖြေရှင်းတယ်၊ မရဘူး။ မရတဲ့အခါကျတော့ နတ်တွေကို တောင်းပန်တိုးလျှိုး၊ အန္တရာယ်ဆိုးတွေကို ပေးနေတဲ့ သတ္တဝါတွေကို တောင်းပန်တိုးလျှိုးတဲ့ ပွဲတွေ ကျင်းပပြီးတော့ တောင်းပန်တာ လုပ်ကြတယ်။ ဒါလည်းမရဘူး၊ အဲဒီလိုနည်းအမျိုးမျိုးနဲ့ ကြိုးစားကြပေမယ်လို့ ဘေးဆိုးကပ်ဆိုးကြီးနဲ့ မလွတ်ကြဘူးတဲ့။

အဲလိုမလွတ်တဲ့အခါမှာ အကြံအမျိုးမျိုး ပေးကြတယ်။ ဘာသာရေးဘက်ကို လှဲ့လာကြတယ်။ အဲဒီခေတ်က ကိုးကွယ်ရာဘာသာဟာ (၇)မျိုးရှိတယ်လို့ ပြောရမယ်။ အိန္ဒိယနိုင်ငံမှာ ထင်ရှားတဲ့ ဘာသာရေး ခေါင်းဆောင်ကြီးတွေက (၇)ဦး ရှိတယ်ပေါ့။ အဲဒီ(၇)ဦးထဲက (၆)ဦးကတော့ **ပုရာဏကဿပ၊ မက္ခလိဂေါသာလ၊ နိဂဏ္ဌနာဋပုတ္တ၊ သဉ္စယဗေလဋ္ဌပုတ္တ၊ ပကုဓကစ္စာယန၊ အဇိတကေသကမ္ဗလ** ဆိုတဲ့ တိတ္ထိဆရာကြီး (၆) ယောက်၊ အဲဒီဆရာကြီးတွေကို ကိုးကွယ်တဲ့ အုပ်စုကလည်း အကြံပေးတယ်၊ တိတ္ထိဆရာကြီးတွေကို ပင့်လိုက်လို့ရှိရင် သူတို့ရဲ့ ဘုန်းတန်ခိုးတေဇော် အာနုဘော်ကြောင့် ဒီဘေးဆိုး အန္တရာယ်ကြီးက လွတ်မြောက်သွားမှာပဲလို့ အကြံပြုကြတယ်။

မြတ်စွာဘုရားရဲ့ ဂုဏ်သတင်းကလည်း အင်မတန်မှ ကြီးတယ်။ ကြီးတော့ ဘုရားကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေကလည်း အများကြီးရှိတယ်။ သူတို့ကလည်း မြတ်စွာဘုရား ရာဇဂြိုဟ်မှာ

http://www.dhammadownload.com



ရှိတယ်၊ ဗုဒ္ဓမြတ်စွာကို ပင့်လိုက်မယ်ဆိုရင် ဗုဒ္ဓမြတ်စွာ ကြွလာတာနဲ့ ဘေးဆိုးရန်ဆိုးတွေက လွန်မြောက်သွားနိုင်တယ်လို့ ယုံကြည်တယ်။ အဲဒီ အဆိုပြုတဲ့ ပုဂ္ဂိုလ်တွေရဲ့ စကားဟာ ရှေ့တန်းရောက်လာတယ်။ အဲဒီအချိန်က မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးနေတဲ့ အချိန်ဖြစ်တယ်။ ဘုရားပင့်ဖို့ ဆိုပြီးတော့ **မဟာလိ** ဆိုတဲ့ လိစ္ဆဝီမင်းနဲ့ ပုရောဟိတ်ပုဏ္ဏား သူတို့နှစ်ယောက် ခေါင်းဆောင်ပြီးတော့ ကိုယ်စားလှယ် အဖွဲ့ တစ်ဖွဲ့ကို စေလွှတ်လိုက်တယ်။

တိုင်းရေးပြည်ရေးကိစ္စ ပေါ်လို့ရှိရင် ဒီလိုပဲ စီမံဆောင်ရွက်ကြရတယ်ပေါ့။ ဘုရားကို သွားပင့်ရမယ်။ သူများနိုင်ငံ သွားရမယ်ဆိုတော့ သက်ဆိုင်ရာ ဘုရင်ကို ခွင့်ပန်ရမယ်ပေါ့။

မဂဓတိုင်းမှာ အုပ်ချုပ်နေတဲ့ **ဗိမ္ဗိသာရမင်းကြီး** ဆီ သံတမန်အနေနဲ့ ဘုရားပင့်ဖို့ ခေါင်းဆောင် **မဟာလိမင်းသား**၊ ပုရောဟိတ်ပုဏ္ဏားတို့ ခေါင်းဆောင်တဲ့ အဖွဲ့တစ်ဖွဲ့ သွားရောက်တယ်။ ဟိုရောက်တဲ့ အခါကျတော့ ဗိမ္ဗိသာရမင်းကြီးထံ ဝင်ပြီးတော့ ခစား၊ "အရှင်မင်းကြီး၊ ဝေသာလီပြည်မှာ ဒီလို ဘေးအန္တရာယ်တွေ ကြုံနေပါတယ်။ သူတို့ မြတ်စွာဘုရားကို ပင့်ချင်ပါတယ်၊ မြတ်စွာဘုရားကို ဝေသာလီပြည်ကြွဖို့ အကူအညီ ပေးပါ" ဆိုတော့ ဗိမ္ဗိသာရမင်းကြီးက ဘာပြောတုန်းဆိုတော့ "မြတ်စွာဘုရားကို သင်တို့ကိုယ်တိုင် တိုက်ရိုက်ပင့်ပါ။ လိုအပ်လို့ ရှိရင် မြတ်စွာဘုရား ကြွလာပါလိမ့်မယ်" တဲ့။ သူတို့ကိုယ်တိုင် သွားပြီးတော့ ဘုရားကိုပင့်ကြတယ်။ ပင့်တဲ့အခါ မြတ်စွာဘုရားက

http://www.dhammadownload.com



လက်ခံလိုက်တယ် ဆိုပါစို့။

အဲဒီမှာ ဗိမ္ဗိသာရမင်းကြီးက ခရီးသွားလာဖို့ အစီအစဉ်တွေလုပ်တယ်။ ဂင်္ဂါမြစ်ကြီးကို ဖြတ်ကူးရမယ်၊ ရာဇဂြိုဟ်ကနေပြီးတော့ ဂင်္ဂါမြစ်ကိုသွားဖို့ရန်အတွက် ငါးယူဇနာကွာဝေးတယ်၊ တစ်ယူဇနာဆိုတာ ဒီကနေ့ခေတ်နဲ့ ပြောမယ်ဆိုရင် ရှစ်မိုင်လောက် ရှိတယ်ပေါ့၊ အဲဒီလောက် ကွာဝေးတဲ့နေရာကို သန့်ရှင်းရေးတွေတို့၊ နားနေဆောင်တွေတို့၊ တစ်ယူဇနာမှာ တစ်ကျောင်း တစ်ကျောင်း ဆောက်ပြီးတော့ ဘုရားကြွတဲ့အခါ တစ်ညတာ တစ်ညတာ နားဖို့ဆိုတဲ့ ခရီးလမ်းပန်း အစီအစဉ်တွေကို ဗိမ္ဗိသာရမင်းကြီးက အားချင်း ဆောင်ရွက်ပေးတယ်။

ဂင်္ဂါမြစ်ကြီးကို ဖြတ်ရမယ်။ ဂင်္ဂါမြစ်ကြီးကို ဖြတ်တဲ့အခါမှာ ထိုခေတ်က ခုခေတ်လို စက်တပ်ယာဉ်တွေ မရှိသေးသည့်အတွက်ကြောင့် လှေတွေ ဖေါင်တွေ ကျကျနန စီမံပြီးပေးတယ်။ မြတ်စွာဘုရားနဲ့လည်း ရဟန်းငါးရာအတူတကွ လိုက်ပါပြီးတော့ သွားမယ်၊ အဲဒီအစီအစဉ်ကို ဗိမ္ဗိသာရမင်းကြီးက လျှင်လျှင်မြန်မြန် ဆောင်ရွက်ပြီးတော့ ပေးတယ်။

မဟာလိတို့အဖွဲ့ကလည်း ဝေသာလီကို ပြန်သွားပြီးတော့ ဂင်္ဂါမြစ် ဟိုဘက်ကမ်း ရောက်တဲ့အခါ သူတို့နိုင်ငံကလည်း အစီအစဉ်တွေ လုပ်ကြတယ်ပေ့ါ၊ အဲဒီလို အစီအစဉ်ဆောင်ရွက်ပြီးတဲ့အခါမှာ မြတ်စွာဘုရားကို ဝေသာလီပြည်ကို ပင့်ကြတယ်။

ဂင်္ဂါမြစ်ကို ဖြတ်ကူးပြီးတော့ ဟိုဘက်ကမ်းလည်း ရောက်ရော **လိစ္ဆဝီ** တွေက အကြီးအကျယ် ကြိုဆိုကြတယ်၊

http://www.dhammadownload.com



ဂင်္ဂါမြစ်ကနေပြီးတော့ ဝေသာလီကို သွားဖို့ရန် အတွက်ကျတော့ သုံးယူဇနာ ကွာဝေးတယ်၊ အဲဒီသုံးယူဇနာ ဆိုလို့ရှိရင် သုံးညအိပ် သွားရတယ်ပေါ့။ ရှေးတုန်းကတော့ ယာဉ်နဲ့သွားတာ မဟုတ်ဘူး၊ ကုန်းကြောင်းလျှောက်တာဆိုတော့ သုံးညအိပ်။ တစ်နေ့ကို ရှစ်မိုင်နှုန်းလောက် ခရီးသွားပြီးတော့ သုံးညအိပ်။ အဲဒီလိုနဲ့ မြတ်စွာဘုရား အမှူးရှိတဲ့ သံဃာတွေဟာ လိစ္ဆဝီမင်းတို့ရဲ့ အစီအစဉ်နဲ့ ဂင်္ဂါမြစ်ကဆင်းပြီးတော့ ကမ်းပေါ် လည်း တက်လိုက်ရော မိုးအကြီးအကျယ် ရွာချတယ်တဲ့။

မိုးအကြီးအကျယ် ရွာချလိုက်တဲ့အခါ ဝေသာလီပြည်မှာ ခုနက လူတွေက အများကြီး သေထားသည့်အတွက် လူသေအလောင်းတွေကို မမြုပ်နိုင်လောက်အောင် လူတွေကများတယ်။ သင်္ချိုင်းတွေမှာ ဒီအတိုင်းပစ်ထားရတယ်။ မိုးကြီးရွာချလိုက်တဲ့အခါ ဝေသာလီတစ်မြို့လုံး သုသာန်တွေရော ဘာတွေရော အကုန်လုံး သန့်ရှင်းပြီးသွားတယ်လို့ ဒီလိုဆိုတယ်။

အဲတော့ မြတ်စွာဘုရား ရောက်သွားတဲ့ နေ့မှာဆိုရင် ဘုရားကြွလာတယ်လို့ ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် မြတ်စွာဘုရားကို ကြည်ညိုတဲ့ ဘုန်းတန်ခိုးကြီးတဲ့ နတ်တွေကလည်းပဲ ပါလာတတ်တယ်။ ဘုရားကြွလာတာနဲ့ တစ်ပြိုင်နက် ဘုန်းတန်ခိုးကြီးတဲ့ နတ်တွေပါလာတာနဲ့ ခုနတုန်းက အန္တရာယ်ပေးတတ်တဲ့ နတ်ဆိုးတွေ၊ သရဲတွေ၊ ဘီလူးတွေ အလိုအလျောက် ရှောင်တိမ်းပြီးတော့ ထွက်ပြေးသွားကြရတယ်။

မြတ်စွာဘုရား ရောက်သွားတဲ့အခါမှာ မြတ်စွာဘုရားက

http://www.dhammadownload.com



ဒီဘေးဆိုး အန္တရာယ်တွေ မကျရောက်အောင် ဘယ်လိုလုပ်မလဲ ဆိုတဲ့ စီမံချက်တစ်ခုချတယ်။ ဝေသာလီမြို့ကလည်း အင်မတန်မှ ကြီးမားတယ်၊ တံတိုင်း သုံးထပ်၊ မြို့ကြီးက သုံးခါချဲ့ထားတယ်၊ ပထမတည်ကာစက မြို့က သိပ်မကြီးဘူး တံတိုင်းတစ်ထပ်တည်း၊ လူဦးရေ များလာတဲ့အခါ နောက်ထပ်ပြီးတော့ ချဲ့ရတယ်။ ချဲ့ရတဲ့ အခါ နောက်ထပ် တံတိုင်းတစ်ခု ထပ်ပြီးပတ်ရတယ်။ တစ်ခါ အဲဒါနဲ့ မလုံလောက်လို့ လူဦးရေ တိုးလာတဲ့အခါ နောက်ထပ် တစ်ခါ ထပ်ပြီးတော့ မြို့သစ်တွေ ဖော်ပြန်တဲ့အခါ မြို့ကြီးက ကြီးသထက် ကြီးလာတော့ ဝေသာလီမြို့ဟာ တံတိုင်းသုံးထပ် ကာရံထားတယ်လို့ ပြောတာ။ တံတိုင်းသုံးထပ်ဆိုတာ တစ်ခုနဲ့ တစ်ခု နီးနီးတော့ မဟုတ်ဘူး။

အေး . . အဲဒီလို အင်မတန် ကြီးမားတဲ့မြို့ကြီး၊ နောက်ဆုံး တတိယတံခါးမှာ၊ အစွန်ဆုံးတံခါးကနေ မြတ်စွာဘုရား ရောက်တဲ့ အခါ မြတ်စွာဘုရားက ရှင်အာနန္ဒာကို **ရတနသုတ်** ကို ပို့ချပေး တယ်၊ ရှင်အာနန္ဒာက မြတ်စွာဘုရား ပို့ချပေးတာကို မှတ်သား တယ်၊ မြတ်စွာဘုရားက "အာနန္ဒာ ဟောဒီ ရတနသုတ်ကို ရွတ်ဖတ်ပြီးတော့ တံတိုင်းသုံးထပ်မှာ လှည့်လည်ပြီးတော့ တစ်ထပ်ပြီးတစ်ထပ် မြို့ကို လှည့်ပတ်ပြီး ရတနသုတ်ကို ရွတ်ဖတ် ပါလို့" မြတ်စွာဘုရားက ခိုင်းတယ်။ အန္တရာယ်ကင်းတဲ့ စီမံချက် တစ်ခုပေါ့နော်၊ အန္တရာယ်ကင်းအောင် လုပ်ဖို့။

ဒါကြောင့်မို့လို့ ကနေ့ခေတ်မှာလည်းပဲ အန္တရာယ်တွေ ဘာတွေ ကျရောက်လာလို့ရှိရင် သို့မဟုတ် မကျရောက်အောင်

http://www.dhammadownload.com



ဆိုပြီး သံဃာတွေ ပင့်ပြီးတော့ ပရိတ်တရားတွေ နာကြရတယ်၊ ရွတ်ဖတ်ကြတယ် ဆိုတဲ့အစဉ်အလာတစ်ခုဟာ ရှိခဲ့တယ်။ အဲဒီလို ရှင်အာနန္ဒာက တံတိုင်းသုံးထပ်မှာ လှည့်ပတ်ပြီးတော့ ပရိတ်တရားတွေ ရွတ်တယ်။

မြတ်စွာဘုရားရဲ့ ကျောက်ညိုသံပိတ်ကြီးထဲ ရေတွေကို ထည့်သွားပြီးတော့ အဲဒီပရိတ်ရေတွေ ပက်ဖျန်းလိုက်တယ်၊ ပက်ဖျန်းလိုက်တဲ့အခါကျတော့ မကောင်းဆိုးဝါးတွေ၊ ချောင်ကြို ချောင်ကြား ကပ်နေတဲ့ မကောင်းဆိုးဝါးတွေ ဆက်ပြီးတော့ မနေနိုင်တော့ဘူး အကုန်ထွက်ပြေးကြရတယ်။ အကုန်ထွက်ပြေး သည့်အတွက်ကြောင့် မကောင်းဆိုးဝါး အန္တရာယ်ကို အရင်ရှင်း လိုက်တယ်၊ ပျောက်သွားပြီ။ မကောင်းဆိုးဝါးတွေ မရှိသည့်အခါ လူတွေမှာ ကျန်းမာရေးတွေ ပိုကောင်းလာတယ်၊ **အမနုဿန္တရကပ်** လည်း ပျောက်သွားတယ်။ **ရောဂန္တရကပ်**လည်း ပျောက်သွား တယ်။ မိုးတွေရွာချလို့ အစာအဟာရတွေလည်း လူတွေ ရရှိလာ တယ်ဆိုတော့ ကပ်ကြီးသုံးပါးက လွတ်မြောက်သွားတယ်လို့ ဒီလို မှတ်တမ်းတင်ထားတယ်ပေါ့နော်။

အဲတော့ ဝေသာလီပြည်မှာ အင်မတန်မှ လူတွေသေကြ ကျေကြတဲ့ ဒီလိုကြီးမားတဲ့ ဘေးအန္တရာယ်ကြီး၊ ကြောက်စရာ ကောင်းတဲ့ ဘေးအန္တရာယ်ဆိုးကြီး သုံးမျိုးနဲ့ တွေ့ကြုံနေတဲ့ အတိုင်းအတာကြီးတစ်ခု ပျောက်ကင်းအောင် ဟောဒီသုတ္တန်ကို မြတ်စွာဘုရား ဟောထားတယ်။ အဲတော့ ဒီသုတ္တန်ကို လူတိုင်း လူတိုင်းလည်း ကြားဖူးကြတယ်၊ အလွတ်ရတဲ့ ပုဂ္ဂိုလ်လည်းပဲ

http://www.dhammadownload.com



အများကြီး ရှိကြလိမ့်မယ်။ သို့သော် စနစ်တကျ ဆောင်ရွက်ဖို့ လိုအပ်တယ်၊ သစ္စာပြုပြီးတော့ မြတ်စွာဘုရားက အန္တရာယ် ကင်းအောင်လုပ်တဲ့ စိမံချက်ကို ဒီသုတ္တန်မှာ အဓိကထားပြီးတော့ ဟောသွားတာဖြစ်တယ်။

အေး . . ဒီသုတ္တန်ရွတ်တော့မယ် ဆိုလို့ရှိရင် အဋ္ဌကထာ ဆရာက ဘာပြောတုန်းဆိုလို့ရှိရင် မြတ်စွာဘုရားရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေကို အာရုံပြုပြီး ရွတ်ဆိုရမယ်တဲ့။ **"ပဏိဓာန တော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမိယော"** အစချီပြီးတော့ ရွတ်ဖတ်မယ့် ပုဂ္ဂိုလ်တွေဟာ နှလုံးသွင်းဆင်ခြင်ရမယ်။ ရွတ်တော့ မယ် ဆိုလို့ရှိရင် ဘုရားအလောင်းတော်ဟာ ဒီပင်္ကရာ မြတ်စွာ ဘုရားထံမှာ ဗျာဒိတ်ခံခဲ့တဲ့ အချိန်ကစပြီးတော့ ပါရမီဆယ်ပါး အပြားသုံးဆယ် ဖြည့်ကျင့်ခဲ့ပုံ၊ စွန့်ခြင်းကြီးငါးပါး ကျင့်ခဲ့ပုံ၊ စရိယ သုံးပါးကို ကျင့်ခဲ့ပုံ၊ ဒုက္ကရစရိယ အကျင့်တွေ ကျင့်ခဲ့ပုံ၊ အပရာဇိတ ပလ္လင်မှာ ထူးခြားတဲ့ သဗ္ဗညုတဉာဏ်တော်ကြီး ရခဲ့ပုံ၊ ဓမ္မစကြာ တရားဟောတော်မူပုံ စတဲ့ဗုဒ္ဓဝင်၊ မိမိတို့ တတ်သမျှ မှတ်သမျှ မြတ်စွာဘုရားရဲ့ ကြည်ညိုဖွယ်၊ ဘဝဖြစ်စဉ်တွေကို ရှေးဦးစွာ ဆင်ခြင်ပါတဲ့။ ဆင်ခြင်ပြီးတဲ့အခါ ဒီသုတ္တန်ကိုရွတ်ပါလို့ ဒီလိုပြောတယ်။

အဲတော့ စနစ်တကျ လုပ်ဖို့လိုတယ်ပေါ့။ ရွတ်ပြီဆိုတဲ့ ပုဂ္ဂိုလ်တွေ ဘာလုပ်ရမလဲဆိုတော့ သတ္တဝါတွေအပေါ် ဒုက္ခ ရောက်နေတဲ့ ပုဂ္ဂိုလ်တွေအပေါ် သနားခြင်းဆိုတဲ့ ကရုဏာတရား ကိုလည်း ရှေ့တန်းတင်ထားပြီးတော့ လုပ်ပါ။ ကရုဏာနဲ့ ရွတ်ဖတ်

http://www.dhammadownload.com



သရဇ္ဈာယ်ပေးပါ။

**“တီသု ပါကာရန္တရေသု၊ တိယာမရတ္တိံ ပရိတ္တံ ကရောန္တော အာယသ္မာ အာနန္ဒတ္ထေရော ဝိယ”** ဆိုတဲ့အတိုင်း ဒီတံတိုင်း သုံးထပ်အတွင်းမှာ ရှင်အာနန္ဒာမထေရ်မြတ်ဟာ **တိယာမရတ္တိံ** ညလုံးပေါက် ရွတ်တယ်၊ ပထမယာမ်လည်း ရွတ်တယ်၊ ဒုတိယာမ် လည်း ရွတ်တယ်၊ တတိယယာမ်လည်း ရွတ်တယ်၊ ပရိတ်ရွတ် တယ်ဆိုတာ ခဏလေးရွတ်တာ မဟုတ်ဘူး၊ ညလုံးပေါက်ရွတ် တယ်။

အဲဒီ နည်းစနစ်အတိုင်းပဲ မြန်မာနိုင်ငံမှာတော့ ဒီကနေ့ ပဋ္ဌာန်းတရားတော်တွေကို အသံမစဲ တစ်ရက်မက၊ နှစ်ရက်မက၊ သုံးရက်မက ဒီလိုရွတ်တယ်။ ပရိတ်ကိုတော့ အသံမစဲရွတ်တာ သိပ်ပြီးတော့မရှိဘူး။ ညလုံးပေါက် ရွတ်တာတောင် မကြားဖူးဘူး။ ပရိတ်ရွတ်တယ်ဆို ခဏလေးနဲ့ ပြီးသွားတယ်။ သီဟိုဠ်နိုင်ငံမှာ ကျတော့ အဲဒါရှိတယ်။ ညလုံးပေါက် ပရိတ်ရွတ်ပွဲတွေ ရှိတယ်။ ပရိတ်မဏ္ဍပ်တွေကို ဆောက်ပြီးတော့ ညလုံးပေါက် ပရိတ်ရွတ်ပွဲ တွေရှိတယ်။ အဲ သူတို့နိုင်ငံမှာတော့ ပဋ္ဌာန်းရွတ်တာတော့ မရှိ ဘူး။ ဗမာဘုန်းကြီးတွေ ရောက်တဲ့အခါ တစ်ခါတစ်ရံတော့ ဗမာပြည်ရောက်ဖူးတဲ့ သီဟိုဠ်နိုင်ငံသားတွေက မြန်မာပြည်မှာ အသံမစဲပဋ္ဌာန်းပွဲတွေကို တွေ့ခဲ့ဖူးသည့် အတွက်ကြောင့် သူတို့က လည်း တစ်ခါတစ်ရံ ဗမာဘုန်းကြီးတွေ ပင့်ရွတ်တာတော့ ကြုံဖူးတယ်နော်။ အဲ ပရိတ်ပွဲကတော့ သူတို့ကျကျနန လုပ်တယ်။ ပရိတ်မဏ္ဍပ်တွေ၊ ပရိတ်အိုးတွေ၊ ပရိတ်ရေတွေနဲ့ ညလုံးပေါက်

http://www.dhammadownload.com



ရွတ်တယ်။

ရှင်အာနန္ဒာ မထေရ်မြတ် ဟောဒီရတနသုတ်ကို ရွတ်တဲ့ အခါမှာလည်း ညလုံးပေါက်ရွတ်တယ်၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က အဲဒီအချိန်မှာ သန္ထာဂါရ လို့ခေါ်တဲ့ အစည်း အဝေးဆောင်ကြီးမှာ အားလုံးစုဝေးစေပြီးတော့ (၇)ရက်တိတိ ဝေသာလီပြည်မှာ အန္တရာယ်ကင်း ပရိတ်ဆောင်ရွက်ကြတယ်။ မြတ်စွာဘုရားက အဲဒီ သန္ထာဂါရဆိုတဲ့ လွှတ်တော်အဆောက် အဦးကြီးထဲမှာ ဒီရတနသုတ်ကိုပဲ (၇) ရက်တိတိ ဟောခဲ့တယ်။ အန္တရာယ်ကင်းဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထပ်ပြီးတော့ဟောတယ်။

မြတ်စွာဘုရား ဟောထားတဲ့ ဒီရတနသုတ် ပရိတ်တရား တော်ကြီးဟာ ဘယ်လောက်ထိအောင် ပြန့်နှံ့သလဲဆိုရင်-

**"ကောဋိသတသဟဿေသု၊**

**စက္ကဝါဠေသု ဒေဝတာ။**

**ယဿာဏံ ပဋိဂ္ဂဏှန္တိ၊**

**ယဉ္စ ဝေသာလိယာ ပုရေ"။**

စကြာဝဠာကုဋေတစ်သိန်းက နတ်တွေက မြတ်စွာဘုရား တရားတော်တွေကို၊ တန်ခိုးအာဏာပါဝါကို ခံယူထားတာ ဖြစ်သောကြောင့် မြန်မာနိုင်ငံလို နိုင်ငံလေးတစ်နိုင်ငံ၊ ဒါတင် မကဘူး အခုလို မုံရွာမြို့လေး တစ်မြို့တည်း ဒီလိုမဟုတ်ဘူး၊ အားလုံး စကြာဝဠာ ကုဋေတစ်သိန်းထိအောင် မြတ်စွာဘုရား ဟောတဲ့ ဒီရတနသုတ်ရဲ့ တန်ခိုး အာဏာဟာ ပျံ့နှံ့နိုင်တယ်လို့ ပြောတာ။ စွမ်းရည်သတ္တိဟာ အဲလောက်ထိ ကျယ်ပြန့်တယ်လို့

http://www.dhammadownload.com



ပြောတာ။

တစ်နေရာတည်းက ရွတ်လိုက်လို့ရှိရင် လူသားတွေ အနေနဲ့ မကြားနိုင်ပေမယ်လို့ စကြာဝဠာမှာရှိနေတဲ့ နတ်တွေ ကတော့ ဒါတွေကိုကြားနိုင်တဲ့ အနေအထားရှိတယ်။ ဒါကြောင့် မို့လို့ ဟောဒီ ရတနသုတ်ကို ရွတ်လိုက်လို့ရှိရင် စကြာဝဠာ ကုဋေ တစ်သိန်းမှာရှိတဲ့ နတ်တွေက မြတ်စွာဘုရားရဲ့ တန်းခိုးအာဏာ ပါဝါကို၊ တရားတော်မြတ်ကို ခံယူကြည်ညိုထားသည့်အတွက် ကြောင့် စကြာဝဠာ ကုဋေတစ်သိန်းမှာ အန္တရာယ်တွေကင်းနိုင် တယ်လို့ ဒီလိုဆိုတာနော်။

အဲဒီလောက် အစွမ်းထက်တဲ့ ပရိတ်တရားတော်ကို လေးလေးနက်နက်ထားပြီးတော့ အဓိပ္ပါယ်သိဖို့ အင်မတန်မှ အရေးကြီးတယ်နော်။ သာမန်ရွတ်ရိုးရွတ်စဉ် ရွတ်သွားတဲ့အခါ ကျတော့ ဘာမှမသိလိုက်တော့ဘူး။ တကယ်တော့ ရတနသုတ် ဆိုတာ **သစ္စာ**ကို အသုံးပြုပြီးတော့ မြတ်စွာဘုရားက အန္တရာယ် ကင်းအောင် စီမံပေးတာပဲ။ အကြိမ်ကြိမ် အထပ်ထပ်ရွတ်တယ်။

**'သစ္စာ'**လို့ ဆိုတဲ့နေရာမှာ ဘုန်းကြီးတို့ စာပေကျမ်းဂန်မှာ သစ္စာကို(၆)မျိုး ခွဲပြထားတာ ရှိတယ်။ တစ်မျိုးက ဘာလဲဆိုရင် **ဝစီသစ္စာ**၊ စာထဲမှာ တစ်ခါတစ်ရံ **ဝါစာသစ္စာ** လို့လည်း ခေါ်တယ်။ **'ဝစီသစ္စာ'** ဆိုတာ နှုတ်ကပြောလို့ရှိရင် လိမ်မပြောဘူး၊ အမှန်အတိုင်း ပြောတယ်၊ အဲဒါကို ဝစီသစ္စာ လို့ခေါ်တယ်။ အဲဒီ ဝစီသစ္စာဟာ အင်မတန်မှ စွမ်းရည်သတ္တိထက်တယ်လို့ ပြောတယ်။ လောကလူတွေကတော့ 'မုသားမပါလက်ာမချော' ဆိုပြီးတော့

http://www.dhammadownload.com



နည်းနည်းလေးတော့ အပိုအမိုလေးနဲ့ မမှန်မကန်တာတွေ ထည့်ပြောလေ့ ရှိကြတယ်။ မုသားပါမှ ချောတယ် ပြောတယ်လို့ ဒီလိုထင်ကြတယ်။

မြတ်စွာဘုရားက အဲဒီလို မဟုတ်ဘူး။ မှန်မှန်ကန်ကန် ပြောရမယ်၊ မှန်မှန်ကန်ကန်ပြောတာ တန်ခိုးအာဏာ ရှိတယ်။ မှန်ကန်တဲ့ စကားဟာ တန်ခိုးရှိတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ ရှေးတုန်းက ဒီလိုသစ္စာဆိုပြီး ရေကိုဖြတ်ကူးတာတွေ ရှိခဲ့ဖူးတယ်။ သစ္စာဆိုပြီးတော့ သင့်ရောက်နေတဲ့ အဆိပ်တွေ ပြေပျောက်သွားအောင် လုပ်ခဲ့ဖူးတာ ရှိတယ်၊ အမျိုးမျိုးပဲ။ လောကမှာ သစ္စာတရားရှိနေတဲ့ အခါမှာနော် အလိုလို သစ်ပင်တွေကတောင်မှ ဆေးဘက်ဝင်တယ်လို့ အဆိုတွေ ရှိကြတယ်။ သစ္စာရဲ့တန်ခိုးဟာ အင်မတန်မှ ကြီးမားတယ်လို့ ပြောတာ။ အဲဒီသစ္စာကို အသုံးပြုပြီးတော့ မြတ်စွာဘုရားက ဟောပေးတာနော်။ အဲတော့ ဝစီသစ္စာ၊ ဒါက သစ္စာတစ်ခု။

နောက်တစ်ခုက ဘာတုန်းဆိုရင် **ဝိရတီသစ္စာ၊** ဝိရတီသစ္စာဆိုတာ လိမ်ပြောခြင်းမှ ရှောင်ကြဉ်မှုပဲ။ တစ်ခါတစ်ရံ ဝိရတီ ရှောင်ကြဉ်မှုကို ကောက်တာရှိတယ်။ အဲဒါကြောင့် ဝိရတီသစ္စာ။

နောက်တစ်ခုက ဘာတုန်းဆိုတော့ **ဒိဋ္ဌိသစ္စာ၊** အမြင်နဲ့ ပတ်သက်လာပြီး ကိုယ့်အမြင်ကသာ မှန်တယ်၊ တခြားအမြင်က မမှန်ဘူးလို့ပြောတာ။ **“ဣဒမေဝ သစ္စံ မောဃမညံ”** ဒီအယူအဆသာ မှန်တယ်၊ တခြားအယူအဆ မမှန်ဘူးလို့ ပြောတာ။ အဲဒီနေရာမျိုးမှာ **ဒိဋ္ဌိသစ္စာ** လို့ဆိုတယ်။

http://www.dhammadownload.com



နောက်တခုကျတော့ **ဗြာဟ္မဏ** တွေက သူတို့ရဲ့ အယူအဆကို အမှန်တရားလို့ သူတို့က ထုတ်ဖော်ပြောတဲ့ အချက်တွေရှိတယ်၊ အဲဒါကိုတော့ **ဗြာဟ္မဏသစ္စာ** လို့ ဒီလို နာမည်ပေးထားတာ ရှိတယ်။

နောက်တစ်ခု လုံးဝအမှားအယွင်းမရှိတဲ့ အမှန်တရား ကိုတော့ **ပရမတ္ထသစ္စာ**၊ နိဗ္ဗာန်ကို ပရမတ္ထသစ္စာလို့ ဒီလို ခေါ်တယ်။

တစ်ခါ အရိယာသူတော်စင်တွေ သိကြတဲ့ **ဒုက္ခ သမုဒယ နိရောဓမဂ္ဂ** ဆိုတဲ့ သစ္စာကိုတော့ **အရိယသစ္စာ** လို့ခေါ်တယ်။ အားလုံးပေါင်းလိုက်တဲ့အခါကျတော့ **သစ္စာ(၆)မျိုးတဲ့**။ သစ္စာဆိုတဲ့ စကားလုံးလေးအောက်မှာ ဒီလို(၆)မျိုး ခွဲရတယ်။ (၆)မျိုး ခွဲခြား ပြီးတော့ သိရမယ်။ (၆)မျိုး ခွဲခြားပြီးတော့ လိုအပ်တဲ့သစ္စာ ဘာလဲ ဆိုတာကို ကောက်ယူရမယ်ပေါ့။

ခု ဒီနေရာမှာ ရတနသုတ်မှာ ဟောထားတဲ့ သစ္စာကတော့ **ဝစီသစ္စာ**ပဲ၊ မှန်ကန်တဲ့စကားကို ပြောတဲ့ ဝစီသစ္စာ။ အဲဒီသစ္စာကို အသုံးပြုပြီးတော့ မြတ်စွာဘုရားက အန္တရာယ်ကင်းဖို့ ဆောင်ရွက် ပေးတယ်။ အဲဒီလို အန္တရာယ်ကင်းအောင် ဆောင်ရွက်တဲ့ နေရာ မှာ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်ကို အဓိကထားတယ်။ ဒါကြောင့်မို့လို့ ရတနာသုံးပါးရဲ့ဂုဏ်ကို အာရုံပြုပြီး သစ္စာဆို နိုင်အောင်လို့ မြတ်စွာဘုရားက ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ် ဒါတွေနဲ့ ထုတ်ပြီးတော့ သစ္စာဆိုခိုင်းခဲ့တာပဲ။

မြတ်စွာဘုရားဂုဏ်တော်နဲ့ ပတ်သက်ပြီးတော့ ဂါထာ

http://www.dhammadownload.com



သုံးပုဒ် ရှိတယ်။ အဲဒါ ဘုရားဂုဏ်နဲ့ ပတ်သက်ပြီးတော့ဆိုတဲ့ သစ္စာဂါထာ သုံးပုဒ်၊ တရားဂုဏ်နဲ့ ပတ်သက်ပြီးတော့ဆိုတဲ့ ဂါထာနှစ်ပုဒ်၊ သံဃာဂုဏ်နဲ့ ပတ်သက်ပြီးတော့ ဆိုတာ ရှစ်ပုဒ် ရှိတယ်။ အခြေခံ ဟောပြောတာက နှစ်ပုဒ်ရှိတယ်။ အဲတော့ ရတနသုတ်မှာ ဒီလို ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်နဲ့ ပတ်သက်ပြီး သစ္စာဆိုပေးဖို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က သင်ပေးထားတာ ဖြစ်တယ်။

ရှင်အာနန္ဒာက ညလုံးပေါက် ဒီသစ္စာတရားတွေ ဆိုပြီးတော့ ရတနသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ဝေသာလီပြည်မှာ ကျရောက်နေတဲ့ ဘေးရန်အန္တရာယ်တွေ ပျောက်ကင်းအောင် ဆောင်ရွက်ပေးတယ်။ မြတ်စွာဘုရား ကိုယ်တိုင်ကလည်းပဲ ဒီရတနသုတ်ကိုပဲ (၇)ရက်တိတိ ထပ်ပြီးတော့ ပရိသတ်တွေကို ရှင်းလင်းပြီး ပြောကြားခဲ့တယ်။

အဲဒီတော့ ပရိတ်ရွတ်တော့မယ်လို့ ဆိုတဲ့အချိန်မှာ ရှေ့ပိုင်းက မြတ်စွာဘုရားရဲ့ တိုက်တွန်းတဲ့ ဂါထာလေးနှစ်ပုဒ် ရှိတယ်။ အဲဒီ ဂါထာလေး နှစ်ပုဒ်က ဘာတုန်းဆိုရင် အားလုံးရကြတဲ့ အတိုင်း

**"ယာနီဓ ဘူတာနိ သမာဂတာနိ၊**
**ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။**
**သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊**
**အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ"**

ဒါ အင်မတန်မှ သဘာဝကျတယ်၊ မြတ်စွာဘုရားက

http://www.dhammadownload.com



နတ်တွေရဲ့ အကူအညီကို ရှေးဦးစွာယူတယ်။ အဲတော့ နတ်ကိုးကွယ်တာနဲ့ နတ်အကူအညီယူတာ တခြားစီပဲ။ ရောထွေးပြီးတော့ နတ်ကိုးကွယ်တာတွေကို အပြစ်တင်ပြီးတော့ နတ်ကိုမေတ္တာပို့တာတွေရော အမျှဝေတာတွေရော ဒါတွေပါ ပုတ်ခတ်ပြီးတော့ မပြောသင့်ဘူးပေါ့။

ကိုးကွယ်တာက ဗုဒ္ဓဘာသာအနေနဲ့ ဘုရား၊ တရား၊ သံဃာပဲ ကိုးကွယ်ရမှာပေါ့။ ကိုးကွယ်တာနဲ့ ခုနက မိတ်ဆွေဖွဲ့တာ တခြားစီ ပဲလေ။ အဲတော့ ဒီမှာကြည့်

**"ယာနီဓ ဘူတာနိ သမာဂတာနိ၊**

**ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ"**

မြေပေါ်ရှိတဲ့ နတ်ပဲဖြစ်ဖြစ်၊ ကောင်းကင်မှာနေတဲ့ နတ်ပဲဖြစ်ဖြစ် ဟောဒီနေရာဌာန ရောက်ရှိနေကြတဲ့ နတ်တွေအားလုံးတဲ့၊ **"သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု"** အဲဒီ ရောက်ရှိနေကြတဲ့ နတ်တွေအားလုံးဟာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါစေလို့ ဒီစကားလေးကို ရှေးဦးစွာစပြီးတော့ ပြောတာ။

ဟုတ်တယ်လေ အန္တရာယ်တွေကို အကာအကွယ်ပြုဖို့ရန် အတွက် သူတို့ရဲ့အကူအညီ အစောင့်အရှောက်ကလည်း လိုအပ်တယ်။ နောက် ဘာပြောတုန်းဆို-

**"အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ"**

ငါပြောမယ့်စကားကိုလည်း လေးလေးစားစား သတိထားပြီးတော့ နားထောင်ကြပါ၊ တရားဓမ္မကိုလည်းပဲ လေးလေးစားစား နားထောင်ပါလို့ နတ်တွေကို ရှေးဦးစွာ တိုက်တွန်းတဲ့

http://www.dhammadownload.com



စကားနဲ့ မြတ်စွာဘုရားက ဒီသုတ္တန်ကို စထားတယ်။ စထားပြီး တော့ နတ်တွေကို ဘာဆက်ပြောလဲဆိုတော့-

**"တသ္မာ ဟိ ဘူတာ နိ သာမေထ သဗ္ဗေ"**

ဒါကြောင့်မို့ နတ်တွေအားလုံးဟာ နားစိုက်ပြီးတော့ ထောင်ပါတဲ့။ ဂရုတစိုက် နားထောင်ကြပါ။ ဘာလုပ်ရမလဲဆိုတာ ပြောမလို့ နားထောင်ကြပါ။

**"မေတ္တံ ကရောထ မာနုသိယာ ပဇာယ"**

လူသားတွေအပေါ်မှာ မေတ္တာထားကြပါ၊ မုန်းတီးမှု မလုပ် ကြပါနဲ့လို့ ဒီလိုပြောတယ်။ ဟော နတ်တွေကို လူတွေကလည်းပဲ မေတ္တာပို့ရသလို နတ်တွေကလည်း လူတွေအပေါ် မေတ္တာထား ပါလို့ တစ်ဦးနဲ့တစ်ဦး ချစ်ခင်မှုဆိုတာ အင်မတန်မှ အရေးကြီး တယ်။

လောကမှာ အမုန်းတရားတွေ ပြန့်ပွားလာလို့ရှိရင် အန္တရာယ်ကြီးတယ်။ ဒီကနေ့ခေတ်ကြီးမှာ လူသားတွေ အချင်းချင်း ပြင်းထန်တဲ့ အာဃာတတရားတွေရှိတယ်။ ဟိုနားပုံးခွဲ ဒီနားပုံးခွဲနဲ့ ကမ္ဘာမှာ terrorism ဆိုတာ ပေါ်လာတယ်။ လူသားတွေ ဒုက္ခရောက်အောင်လုပ်တဲ့ အမှုအကျင့်တွေ ဒီကနေ့ ခေတ်မှာ ပေါ်လာတယ်။ အဲဒါတွေဟာ ဘာကြောင့် ဒီလို ဖြစ်ရတာတုန်းဆိုရင် ပြင်းထန်တဲ့ အမုန်းတရားတွေကြောင့် ဖြစ်တာ။ တစ်ဦးနဲ့တစ်ဦး မေတ္တာထားနိုင်မယ် ဆိုလို့ရှိရင် ဒီအနေ အထားမျိုး မရောက်ဘူးတဲ့။ ဒါကြောင့် နတ်တွေကလည်း လူသား တွေအပေါ်မှာ မေတ္တာထားကြပါလို့ မြတ်စွာဘုရားက ရှေးဦးစွာ

http://www.dhammadownload.com



တိုက်တွန်းတယ်။

ဘာဖြစ်လို့ လူသားတွေအပေါ်မှာ မေတ္တာထားခိုင်းတာ တုန်း အကြောင်းမဲ့လားဆိုတော့ မဟုတ်ဘူး။ လူသားတွေမှာ

**"ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊**

**တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ"**။

တစ်ချို့လူတွေက ကိုယ့်အိမ်ပေါ်မှာ ကိုယ်ယုံကြည်ရာ အုန်းသီးဆွဲထားတယ်နော်၊ နတ်ကနား ပေးတယ်၊ အုန်းငှက်ပျော တင်ထားတယ်။ ပြီးတော့ မေတ္တာပို့တယ်၊ အမျှဝေတယ်။ နေ့စဉ် ကုသိုလ်ကောင်းမှုလုပ်တိုင်း သတ္တဝါတွေ အားလုံးကို အမျှဝေ တယ်။ ဒီအမျှဝေတာဟာလည်း နတ်တွေကို ပူဇော်တဲ့ သဘောပဲ၊ ကိုယ်လုပ်တဲ့ ကုသိုလ်ကောင်းမှု လုပ်ပြီးတိုင်း လုပ်ပြီးတိုင်း သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြကုန်သော လူနတ်ဗြဟ္မာ သတ္တဝါ တို့ ချမ်းသာကြပါစေ၊ အမျှရကြပါစေ။ ဒါသူတို့ကို ပူဇော်တာပဲ။ အမျှကုသိုလ်နဲ့ ပူဇော်တာ။

ဒါကြောင့်မို့လို့ မြတ်စွာဘုရားက-

**"ဒိဝါစ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊**

**တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ"**

လူတွေဟာ နေ့ရောညပါ နတ်တွေကို ပူဇော်နေကြတယ်။ ဒါကြောင့် လူတွေ ဒုက္ခမရောက်အောင် စောင့်ရှောက်ကြပါလို့ ရှေးဦးစွာ တိုက်တွန်းတယ်။ ဒါရတနသုတ်ထဲမှာ ရှေးဦးစွာ တိုက်တွန်းထားပါတယ်။ အဲဒါ နတ်ကိုးကွယ်တာနဲ့ မဆိုင်ဘူးနော်။ နတ်ဆိုတာနဲ့ အကုန်လုံးရောပြီးတော့ မပြောသင့်ဘူး။

http://www.dhammadownload.com



ကိုးကွယ်မှုဆိုတာ ဘာပြောပြော နတ်ကခိုင်းရင် အကုန် လုပ်တာနော်။ နတ်က ငါးသတ်ပြီးတော့ တင်ရမယ်ဆိုလည်း ငါးသတ်မယ်၊ နွားသတ်ရမယ်ဆိုလည်း သတ်မယ်။ အဲဒါကတော့ နတ်ခိုင်းတာ လုပ်တာ၊ နတ်ကိုးကွယ်တာ။

ဒါက အဲဒီလိုမဟုတ်ဘူး၊ အချင်းချင်း အပြန်အလှန် ကိုယ့်အိမ်လာတဲ့ မိတ်ဆွေကို ကျွေးတာမွေးတာမျိုး ဖြစ်တယ်။ ဒါ ပူဇော်တယ်လို့ ခေါ်တာပဲ။ ကိုယ့်အိမ်ရောက်လာတဲ့ ပုဂ္ဂိုလ်တွေကို ကော်ဖီလေးတစ်ခွက် တိုက်ရင်လည်း ဒါပူဇော်တာပဲ၊ ထမင်းတစ်နပ် ကျွေးရင်လည်း ပူဇော်တာပဲ။ နတ်တွေ ပူဇော်တာဆိုတာ ကိုယ်စားတဲ့ အထဲကနေပြီးတော့ သူတို့ကိုရည်ညွှန်းပြီးတော့ ပေးရင်လည်း သူတို့ဝမ်းသာမှာပဲ။ သူတို့ကို ပူဇော်တယ် အသိအမှတ်ပြုတယ်ဆိုတဲ့ အလုပ်ဟာ နတ်ကိုးကွယ်တာနဲ့ တခြားစီလို့ မှတ်ရမယ်။

မြတ်စွာဘုရား ဟောတဲ့နည်းလည်း ဒီ ရတနသုတ်ထဲမှာ ကြည့်လေ-

**"တသ္မာဟိ ဘူတာ နိသာမေထ သဗ္ဗေ"**

ဘူတာ၊ ဆိုတာ နတ်တွေကို ပြောတာ။ အေး . . နတ်တွေ အားလုံး နားစိုက်ပြီးတော့ ထောင်ကြပါလို့ **"မေတ္တံ ကရောထ မာနုသိယာ ပဇာယ"** လူသားတွေအပေါ်မှာ မေတ္တာထားကြပါ၊ မနှောင့်ယှက်ကြပါနဲ့၊ လူသားတွေကို စောင့်ရှောက်ကြပါ။

ဘာဖြစ်လို့တုန်း ဆိုလို့ရှိရင် **"ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ"** လူတွေက နတ်တွေအပေါ်မှာ ကိုယ့်အတိုင်းအတာ

http://www.dhammadownload.com



အလိုက် ပူဇော်နေကြတယ်၊

"တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ"

ဒါကြောင့်မို့ လူတွေကို စောင့်ရှောက်ကြပါလို့ ဟောဒီစကားကို မြတ်စွာဘုရား အရင်ပြောတာ။

ဒီစကားက လူတွေနဲ့ နတ်တွေကို မိတ်ဆက်ပေးလိုက်တာပေါ့။ မြတ်စွာဘုရား ကြွလာတယ်ဆိုလို့ရှိရင် နတ်ပရိသတ်ကလည်း ပါလာတာပဲ။ ဘုရားရောက်တဲ့နေရာ နတ်ပရိသတ်တွေ ရောက်လာကြတာပဲ။ ဘုရားတင်မဟုတ်ဘူး။ သီလ သမာဓိရှိတဲ့ ပုဂ္ဂိုလ်တွေ လာရင်လည်း နတ်ပရိသတ်က ပါလာတယ်။ သူတို့ကို စောင့်ကြပ်တဲ့ နတ်တွေ အားလုံးမှာ ရှိတယ်။ အိမ်မှာရှိတဲ့နတ်တွေ အိမ်စောင့်နတ်တွေ၊ ခြံစောင့်နတ်တွေ၊ ကျောင်းစောင့်နတ်တွေ၊ တောစောင့်နတ်တွေ၊ တောင်စောင့်နတ်တွေ ဒါတွေက သူတို့လည်းပဲ ကိုယ့်နေရာအသီးသီးမှာ နေနေကြတာပဲ။ အဲဒီ နတ်တွေနဲ့ လူတွေ မိတ်ဆက်ပြီးတော့ပေးတယ်။

မုံရွာမြို့မှာ အင်မတန် ထင်ရှားကျော်ကြားတဲ့ အဘိဓမ္မာဘက်မှာလည်း ပါရဂူမြောက် တတ်မြောက်တော်မူတဲ့ လယ်တီဆရာတော်ကြီးဆိုတာလည်း အားလုံးသိကြတယ်ပေါ့။ လယ်တီဆရာတော်ကြီးက နတ်ပူဇော်တာမဟုတ်ဘူး။ နတ်ကိုးကွယ်တာမဟုတ်ဘူး။ သို့သော် လယ်တီဆရာတော်ကြီးက မေတ္တာပို့တယ်၊ အမျှဝေတယ်။ ဒါကြောင့် နတ်တွေက လယ်တီဆရာတော်ကြီးကို စောင့်ရှောက်ကြတယ်။

ကြည့်လေ မိုးတွေ ဘာတွေ ခေါင်နေတယ်၊ မိုးမရွာဘူး

http://www.dhammadownload.com



ဆိုရင် လယ်တီဆရာတော်ဘုရားကြီးက မိုးကမ္ဘဝါရွတ်ပြီးတော့ သစ္စာဆိုတယ်၊ မိုးတွေရွာလာတယ်။ အင်္ဂလိပ်ခေတ်ကလည်း မြန်မာနိုင်ငံမှာ မိုးခေါင်ရေရှားတွေ ဖြစ်ခဲ့တယ်။ လယ်တီဆရာတော်ဘုရားကြီးက မိုးကမ္ဘဝါတို့ ဘာတို့ တီထွင်ပြီးတဲ့ အခါမှာ ခုလို သစ္စာတွေဆိုပြီးတော့ မိုးကမ္ဘဝါတွေ ဘာတွေ ရွတ်ပေးတယ်။ မိုးတွေရွာလာတယ်လို့ ဒီလိုမှတ်တမ်းတွေ ရှိခဲ့တယ်။

အေး . . လွန်ဆွဲလို့ မိုးရွာတယ်ဆိုတာတော့ အကြောင်းမဲ့ သက်သက်ပဲလို့ ထင်တယ်။ အဲတော့ နတ်တွေနဲ့လူတွေကို မမြင်ရပေမယ်လို့ အပြန်အလှန် ချစ်ချစ်ခင်ခင်ရှိဖို့ဆိုတဲ့ အဓိပ္ပါယ်နဲ့ ဟောဒီရတနသုတ်မှာ ဖော်ပြထားတယ်။ အဲဒီလို မေတ္တာပို့ခြင်း၊ အမျှပေးဝေခြင်းဖြင့် နတ်နဲ့လူဟာ အချင်းချင်း မေတ္တာကူးစက်ပြီးတော့ သွားနိုင်တယ်တဲ့။ အဲဒါရှေ့ပိုင်းက မြတ်စွာဘုရား ဟောပေးထားတာ။

ကြည့် . . . ဝေသာလီပြည်မှာ အန္တရာယ်ကင်းအောင် ဘာဟောလဲဆိုရင် ဘုရားဂုဏ်နဲ့ သစ္စာဆိုပုံကို မြတ်စွာဘုရား ဟောတယ်။

"ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု"တဲ့။

http://www.dhammadownload.com



ဒီဂါထာကစပြီးတော့ သစ္စာဆိုပုံကို မြတ်စွာဘုရားက ပြတယ်။ **“ဣဓဝါ”** ဆိုတာ လောကမှာဖြစ်စေ သို့မဟုတ် လူ့ပြည်မှာပဲဖြစ်စေ။ **“ဟုရံ”** ဆိုတာ နတ်ပြည်မှာပဲဖြစ်စေ၊ တခြားဘုံဘဝမှာပဲဖြစ်စေ။ **“သဂ္ဂေသုဝါ”** နတ်ပြည် ဗြဟ္မာပြည်မှာပဲ ဖြစ်စေတဲ့ လောကမှာ အလွန်မွန်မြတ်တဲ့ ရတနာတွေ ဆိုတာရှိတယ်။

ဟုတ်တာပေါ့ ရွှေတွေ၊ ငွေတွေ၊ ကျောက်သံပတ္တမြားတွေ လူ့ပြည်မှာသာ ရှိတာမဟုတ်ဘူး။ နတ်ပြည်မှာလည်းရှိတယ်၊ ဒီလို မွန်မြတ်တဲ့ ရတနာတွေရှိတယ်။ ဆိုလိုတာကတော့ လောကကြီးမှာရှိတဲ့ လူတိုင်းနှစ်သက်တဲ့ စိန်ရွှေရတနာတွေဟာ ရှိတယ်။ အဲတော့ ရတနာဆိုတဲ့ စကားလုံးက မြန်မာလူမျိုးတွေမှာ မြန်မာစကားလောက် ဖြစ်ပြီးတော့ ရင်းနှီးနေကြတယ်။

**ရတန** ဆိုတာ ဒါကိုမြင်လို့ရှိရင် လူတွေစိတ်ထဲမှာ ကျေနပ်နေတယ်။ ရွှေကိုမြင်ရင် ကျေနပ်နေတယ်၊ ပတ္တမြား မြင်ရင် ကျေနပ်တယ်၊ ကျောက်သံပတ္တမြားတွေ မြင်ရင် ကျေနပ်တယ်။ အဲဒါတွေကို **ရတနာ** လို့ခေါ်တယ်။ **“ရတိံ ဇနေတီတိ ရတနံ”** ဆိုတဲ့အတိုင်း ရတနာ။

သို့သော်လည်း ‘ရတနာ’ ဆိုတာ ဘာကြောင့် ရတနာခေါ်ရတာလဲလို့ မေးမယ်ဆိုလို့ရှိရင် ရတနာခေါ်ပုံက **“စိတ္တီကတံမဟဂ္ဃဉ္စ၊ အတုလံ ဒုလ္လဘဒဿနံ”** ဂါထာအရ ပြောမယ်ဆိုရင် ရတနာဆိုတာ **စိတ္တီကတံ**၊ လူတိုင်းရဲ့အကြိုက်ဖြစ်တယ်၊ လူတိုင်းက ကျေနပ်တယ်၊ လူတိုင်းကြိုက်တယ်၊ လူတိုင်းလိုချင်တဲ့ အရာဖြစ်တယ်၊ လူတိုင်းနှစ်သက်တဲ့ အရာဖြစ်တယ်၊

http://www.dhammadownload.com



ဒါ ရတန။ **မဟဂ္ဃတ**၊ ဆိုတာ တန်ဖိုးကြီးတယ်၊ အင်မတန်မှ တန်ဖိုးကြီးတဲ့ အရာဟာ ရတနာလို့ ခေါ်တယ်။ **အတုလ** နှိုင်းဖို့ ယှဉ်ဖို့ တန်ဖိုးဖြတ်ဖို့ မဖြစ်နိုင်လောက်အောင် အဆင့်မြင့်တယ်၊ အတုမဲ့တယ်။ တန်ဖိုးအင်မတန်မှ ကြီးမားတယ်။ အတုလ ဖြစ်တယ်၊ နှိုင်းစရာ ဥပမာမရှိဘူး၊ အနှိုင်းမဲ့ဖြစ်တယ်၊ အဲဒါမျိုးကို 'ရတနာ'လို့ ခေါ်တယ်။

**'ဒုလ္လဘဒဿန'** ဆိုတာ တွေ့ဖို့မြင်ဖို့ရာ ခဲယဉ်းတဲ့အရာ ဖြစ်တယ်။ လမ်းခင်းတဲ့ကျောက်တွေ ဘယ်လောက်ပေါ်ပေမယ့် 'ရတနာ'လို့ဆိုတဲ့ ပတ္တမြားကျောက်ကတော့ တွေ့ရခဲတယ်။ အင်မတန်မှ ရှားပါးတယ်ပေါ့။ ကွာဟတဲ့ နှိုင်းယှဉ်မှု။ အဲတော့ ရတနာဆိုတဲ့ သဘောက တွေ့ဖို့မြင်ဖို့ ခဲယဉ်းတဲ့ဟာလည်းပဲ ရတနာပဲ။

**အနောမသတ္တပရိဘောဂ** အထက်တန်းကျတဲ့ ပုဂ္ဂိုလ်တွေမှ အသုံးပြုနိုင်တယ်။ သာမန်ပုဂ္ဂိုလ်တွေ မသုံးနိုင်တဲ့ ပစ္စည်းမျိုးကို ရတနာလို့ခေါ်တယ်။ ဒါ လောကီဘက်ကပြောတဲ့ ရတနာ။ လောကီရတနာတွေပဲကြည့် ဒီအခြေအနေမျိုးတွေနဲ့ ရှိတယ်။ အဲတော့ လောကမှာရှိကြတဲ့ စိန်ရွှေစတဲ့ ဒီရတနာတွေဟာ လူ့ပြည်မှာပဲရှိရှိ နတ်ပြည်မှာပဲရှိရှိ လောကမှာ ရတနာ အမျိုးမျိုး တွေ လူတွေအကြိုက် ရတနာ အမျိုးမျိုးရှိတယ်တဲ့။

အဲဒီ ရတနာတွေထဲမှာ မြတ်စွာဘုရားနဲ့တူတဲ့ ရတနာဆိုတာ တစ်ခုမှ မရှိဘူး။ ဗုဒ္ဓရတနာဟာ မြတ်စွာဘုရားရဲ့ နှစ်သက်ဖွယ်ကောင်းတဲ့ အခြေအနေ ဂုဏ်ရည်မျိုးဟာ တခြားရတနာ

http://www.dhammadownload.com



တွေမှာ မရှိနိုင်ဘူး။ ဒါကြောင့်မို့ ရတနာလို့ ခေါ်ခြင်းခေါ်ရင် မြတ်စွာဘုရားရဲ့ ဂုဏ်အရည်အချင်းတွေသာ တကယ့်ရတနာ ဖြစ်တယ်။

မြတ်စွာဘုရားရဲ့ နှစ်သက်ဖွယ် ဂုဏ်ရည်တွေဟာ အင်မတန်မှ မြတ်နိုးဖွယ်ကောင်းတဲ့ ရတနာအစစ်တွေသာ ဖြစ်တယ်။ လောကမှာရှိတဲ့ ရတနာတွေထက် အင်မတန်မှ တန်ဖိုးကြီးတယ်၊ လောကမှာရှိတဲ့ ရတနာတွေနဲ့မတူဘဲ အင်မတန်ထူးခြားတဲ့ ရတနာဆိုတာ ဘုရားရတနာပဲဖြစ်တယ်။ **ဧတေန သစ္စေန** ဒီမှန်တဲ့စကားကို ဆိုလိုက်ရလို့ သတ္တဝါတွေ ချမ်းသာကြပါစေ။

သစ္စာဆိုတဲ့နေရာမှာ နံပါတ်တစ်က မှန်တာကို အရင် ပြောတယ်။ ပြောပြီးတဲ့အခါ ကိုယ်လိုချင်တဲ့ ဆန္ဒကိုထုတ်ဖော်၊ ဒီနှစ်ချက်ရှိတယ်။ လောကမှာ ဘာအခက်အခဲပဲ တွေ့တွေ့၊ ဘာပဲလိုချင်လိုချင် မှန်တဲ့စကားကိုဆို၊ ဆိုပြီးလို့ရှိရင် ကိုယ်လိုချင်တာတစ်ခုကို ဖော်ထုတ်လိုက်လို့ရှိရင် အခြေအနေ စွမ်းရည်သတ္တိ ပြည့်လာပြီဆိုလို့ရှိရင် အောင်မြင်နိုင်တယ်လို့ ဆိုတာကို တစ်ချို့ ပုဂ္ဂိုလ်တွေ ကိုယ်တွေ့ကို ထုတ်ဖော်ပြီး ပြောကြတယ်။

အဲဒီတော့ သစ္စာဆိုတာ "သစ္စာနှုတ်သီး မန္တာန်ကြီး" ဆိုတဲ့ အတိုင်း အန္တရာယ်တွေလည်း ကင်းပျောက်နိုင်တယ်၊ ကိုယ်လိုချင်တာလည်း ရတယ်။ ဒါကြောင့်မို့လို့ သစ္စာရဲ့စွမ်းအားဟာ အင်မတန်ကြီးမားတယ်။ တခြားဟာတွေပြောရင် မှန်ချင်မှန်မယ်၊ ဘုရားဂုဏ်ကို ထုတ်ဖော်ပြီးတော့ ပြောလိုက်ပါ။ ဒါကြောင့်-

http://www.dhammadownload.com



**"ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ"**

ကမ္ဘာလောကကြီးမှာရှိတဲ့၊ ရှိသမျှသော ရတနာတွေ အလွန်မွန်မြတ်ပေမယ့် မြတ်စွာဘုရားဆိုတဲ့ ရတနာနဲ့တူတာတော့ တစ်ခုမှမရှိဘူး။ အဲဒီလို ရတနာတွေထက် သာလွန်တဲ့၊ နှစ်သက်ဖွယ်ကောင်းတဲ့၊ မြတ်နိုးဖွယ်ကောင်းတဲ့ အခြေအနေဟာ မြတ်စွာဘုရားမှာ တွေ့နိုင်တဲ့ ထူးခြားမွန်မြတ်တဲ့ ရတနာပါပဲလို့ ဒီစကားဟာ မှန်ကန်တဲ့စကား ဖြစ်တယ်။

**"ဧတေန သစ္စေန သုဝတ္ထိ ဟောတု"** ဒီ မှန်ကန်တဲ့စကားကြောင့် ဒုက္ခရောက်နေတဲ့ သတ္တဝါအားလုံး ချမ်းသာသုခရကြပါစေလို့ အဲဒီလိုသစ္စာဆိုတယ်။

အဲဒီလို သစ္စာဆိုလိုက်လို့ ဝေသာလီပြည်မှာ ကျရောက်နေတဲ့ ဘေးဆိုး ကပ်ဆိုးကြီး ပပျောက်ခဲ့ဘူးတယ်ပေါ့။

အဲတော့ ဒီကနေ့ခေတ်မှာလည်းပဲ ဒါကို အသုံးချမယ် ယုံယုံကြည်ကြည်နဲ့ ဒီအတိုင်း လိုက်နာကျင့်သုံးမယ် ဆိုလို့ရှိရင် အန္တရာယ်တွေ ပျောက်ကင်းပြီးတော့ ကောင်းကျိုးချမ်းသာတွေ ရနိုင်တယ်ဆိုတာ ဘုန်းကြီးတို့တစ်တွေ မှတ်သားကြရမှာ ဖြစ်တယ်။ ဒါ ဘုရားနဲ့ ပတ်သက်ပြီးတော့ ဒီနေရာမှာ လောကမှာရှိသမျှ ရတနာတွေထဲမှာ ဘုရားရတနာနဲ့ တူတဲ့ ရတနာမရှိဘူး။ မြတ်စွာဘုရားရဲ့ ဂုဏ်ဆိုတာ အင်မတန်ကို ရတနာထိုက်ပါပေတယ်။ အမြတ်ဆုံးသော ရတနာထိုက်ပါပေတယ်။ ဤမှန်ကန်သော စကားကို ဆိုရသောကြောင့် သတ္တဝါတွေ ချမ်းသာပါစေလို့

http://www.dhammadownload.com



ပြောလိုရင်း ဖြစ်တယ်။

အဲဒီလိုပြောလိုက်တာနဲ့ပဲ ဝေသာလီပြည်မှာ ရောဂါဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေ၊ ရောဂါတွေ ပျောက်ကင်းသွားတယ်။ ပရိတ်ရဲ့ အစွမ်းတန်ခိုးဟာ အင်မတန်မှ ထက်ပါတယ်။ တကယ်လုပ်ရင် တကယ်ဖြစ်တယ်တဲ့။

ဒါနဲ့ပတ်သက်လို့ ပရိတ်ရဲ့ အန္တရာယ်ကင်းပုံလေး တစ်ခုကို ပြောပြမယ်။ ဘုန်းကြီးတို့ ရန်ကုန်မှာ ကြုံခဲ့ရတာလေးတစ်ခုပေါ့။ ဒါ ဘုရားဟောတဲ့ တရားတော်ရဲ့ အစွမ်းသတ္တိပဲ။ ရန်ကုန်၊ ရှစ်မိုင်မှာ junction 8 shopping centre ဆိုတာရှိတယ်၊ အထပ်ပေါင်း ဆယ့်တစ်ထပ်ရှိတယ်။ (၇)လွှာမှာ ဘယ်သူမှ မနေဘူး။ နေ့အခါမှာ ကွန်ပျူတာတွေရောင်းတဲ့ ကုမ္ပဏီတစ်ခုဖွင့်ထားတယ်။ အဲဒီ (၇)လွှာက ညအခါ ဘာဖြစ်သလဲဆိုတော့ ပစ္စည်းတွေရွေ့၊ စားပွဲတွေရွေ့၊ ကုလားထိုင်တွေရွေ့ ဝုန်းဒိုင်းကြဲနေတယ်။ (၆)လွှာက လူတွေက အိပ်လို့မရဘူး၊ တက်ကြည့်တော့လည်း ဘယ်သူမှ မရှိဘူး။ သို့သော် ညသန်းခေါင်ကျော်လာလို့ရှိရင် အဲဒီအပေါ်မှာ ဝုန်းဒိုင်းကြဲနေတယ်။

အဲဒါနဲ့ ဘုန်းကြီးတို့ဆီကို လာပြီးတော့ပင့်တယ်။ ဒါက ပရိတ်ချည်းပဲ ရွတ်လို့ မကောင်းဘူး။ ပရိတ်ချည်းပဲ မရွတ်နဲ့ပေါ့။ ဒီအနှောင့်အယှက်ပေးနေတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ ဒါကြောင့်မို့လို့ သူတို့ကိုအရင် မေတ္တာပို့ရမယ်။ အမျှအတန်း အရင်ဝေရမယ်လို့ ပြောပြီး ဘုန်းကြီးတို့ သံဃာငါးပါး အဲဒီသွားကြတယ်။ ညနေပိုင်းမှာ သူတို့ သက်န်းတို့၊ ဆန်တို့ အဲဒါတွေ သံဃိကအဖြစ် လှူဖို့

http://www.dhammadownload.com



စီမံထားတယ်၊ ဘုန်းကြီးတို့က အဲဒီမှာ ညအခါ နှောက်ယှက်နေတဲ့ ပုဂ္ဂိုလ်တွေ အားလုံးလာပါ၊ သီလလာယူပါ သီလယူပြီးတော့ အမျှလာယူပါ ဆိုပြီးတော့ ဖိတ်ခေါ်တယ်။ ဖိတ်ခေါ်ပြီး ပရိတ် အရင် မရွတ်သေးဘဲနဲ့ သူတို့ကို အားလုံးတက်ရောက်တဲ့သူတွေနဲ့ အတူ သီလယူခိုင်းတယ်။ ယူခိုင်းပြီး ကုသိုလ်ကောင်းမှု အဖို့ကို သူတို့အတွက် ပေးဝေတယ်။ သူတို့ကို အမျှဝေတယ်။

အမျှဝေပြီးတဲ့အခါကျမှ "ဒို့က အခုအခါပရိတ်ရွတ်တော့ မယ် ပရိတ်ရွတ်ပြီးတော့ ပရိတ်ရေလည်းဖျန်းမယ် အဲဒီနောက် မှာတော့ ဒီလိုဝုန်းဒိုင်းကြဲတာတွေ လုပ်လို့မရတော့ဘူး။ ချမ်းသာ ရာမှာနေကြ၊ အမျှကုသိုလ်ကို ခံယူပြီးတဲ့အခါမှာ လွတ်လွတ် လပ်လပ် ချမ်းချမ်းသာသာ ဘယ်သူ့မှ အနှောက်အယှက် မပေး ဘဲနဲ့ ချမ်းသာရာမှာ နေကြပါ"လို့ မမြင်ရပေမယ့်လို့ ဒီလို ပြောရ တယ်နော်။ အဲဒီလိုပြောပြီးတော့ အမျှဝေပြီး ပရိတ်ရွတ်တယ်။ ပရိတ်ရွတ်ပြီးတဲ့အခါ အဲဒီတစ်ဆောင်လုံး လိုက်ပြီးတော့ အခန်းတွေပါမကျန် ပရိတ်ရေ ဖျန်းလိုက်တယ်၊ အဲဒီကတည်းက စပြီးတော့ အဲဒီပြဿနာ ငြိမ်းသွားတယ်။ ဘာမှ မပေါ်လာတော့ ဘူး။ ဒါ မြတ်စွာဘုရားရဲ့ တရားတော်ရဲ့ အစွမ်းတန်ခိုးရှိတယ် ဆိုတာ ထင်ရှားတာပေါ့နော်။

အေး အဲဒီလိုပဲ မြတ်စွာဘုရားက အခု အရှင်အာနန္ဒာကို သင်ပေးပြီးတော့ **ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ** ဘုရားဂုဏ်တော်က စပြီးတော့ သစ္စာဆိုလိုက်တာ သတ္တဝါတွေဟာ ရောဂါဝေဒနာ ချက်ခြင်း ပျောက်ကင်းသွားကြတယ်။

http://www.dhammadownload.com



နောက်တစ်ခု တရားတော်နဲ့ ပတ်သက်ပြီး သစ္စာဆိုပုံကို မြတ်စွာဘုရားက ဆက်ပြီးတော့ ဒီပရိတ်တရားတော်မှာ ဟောတော်မူတယ်။

**"ခယံ ဝိရာဂံ အမတံ ပဏီတံ၊**

**ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။**

**န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊**

**ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊**

**ဧတေန သစ္စေန သုဝတ္ထိ ဟောတု"**

ဒါလေးကို အဓိပ္ပါယ်သိဖို့ အင်မတန်မှ လိုအပ်တယ်။ နိဗ္ဗာန်ရဲ့ဂုဏ်ရည်ကို ထုတ်ဖော်ပြီး ပြောတာ။ **ယဒဇ္ဈဂါ သကျမုနီ သမာဟိတော၊** မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က အရိယမဂ်ဆိုတဲ့ သမာဓိစွမ်းအားနဲ့ ဒီတရားကို မျက်မှောက်ပြု ထားတာတဲ့။ မျက်မှောက်ပြုတယ်ဆိုတာ ကိုယ်တွေ့သိတာပေါ့။ **သကျမုနီ** ဆိုတာ သကျလူမျိုးက တောထွက်ပြီး ရဟန်းအဖြစ်သို့ ရောက်ရှိလာတဲ့ မြတ်စွာဘုရား။ **သမာဟိတော** မဂ်သမာဓိနဲ့ တည်ကြည်မှုရှိပြီးတော့ နိဗ္ဗာန်ဆိုတဲ့ တရားကို မျက်မှောက်ပြု တယ်။ အဲဒီ နိဗ္ဗာန်ဆိုတဲ့တရားဟာ အာရုံပြုလိုက်တာနဲ့ တစ်ပြိုင်နက် ကိလေသာတွေ ကုန်သွားစေနိုင်တယ်။ ဒါကြောင့် **ခယံ** လို့ခေါ်တယ်။ နိဗ္ဗာန်ကို အာရုံပြုနိုင်ပြီဆိုရင် ကိလေသာတွေ ကုန်သွားတယ်၊ အဆင့်ဆင့်ပေါ့လေ။ **သောတာပတ္တိမဂ်**နဲ့ နိဗ္ဗာန်ကိုအာရုံပြုလိုက်ရင် **ဒိဋ္ဌိ ဝိစိကိစ္ဆာ** ဆိုတာ ကင်းသွားတယ်။ **သကဒါဂါမိမဂ်**နဲ့ အာရုံပြုမယ် **အနာဂါမိမဂ်**နဲ့ နိဗ္ဗာန်ကို

http://www.dhammadownload.com



အာရုံပြုမယ်ဆိုရင် **ကာမရာဂ** တို့၊ **ဗျာပါဒ** တို့ဆိုတဲ့ ကိလေသာတွေ ကုန်ခမ်းသွားတယ်။ **အရဟတ္တမဂ်**နဲ့ အာရုံပြုလိုက်မယ်ဆိုလို့ရှိရင် ကိလေသာအားလုံး ကင်းရှင်းသွားတယ်။ နိဗ္ဗာန်ရောက်ရင် ကိလေသာမှန်သမျှဟာ အဆုံးသတ်ချုပ်ငြိမ်းရတာဖြစ်တယ်။ ဒါကြောင့် **ခယံ** ဆိုတာ ကိလေသာတွေအားလုံးကုန်ဆုံးရာဖြစ်လို့ နိဗ္ဗာန်ကို ခေါ်တာ။

**ဝိရာဂ** ဆိုတာ နိဗ္ဗာန်မှာ တပ်မက်ခြင်းဆိုတဲ့ တဏှာလည်းပဲလုံးဝကင်းသွားတယ်။ တဏှာနဲ့ လုံးဝ မယှဉ်တွဲဘူး။ နိဗ္ဗာန်ဟာတဏှာရဲ့အာရုံလည်း မဖြစ်ဘူး။ တဏှာသမားက နိဗ္ဗာန်ကိုဘယ်တော့မှ မရချင်ဘူး။ တစ်ခုခု ဖြစ်ချင်နေလို့ရှိရင် နိဗ္ဗာန်ကိုဘယ်တော့မှ မရောက်နိုင်ဘူး။ အေး လောကလူတွေက နိဗ္ဗာန်ကိုလိုချင်တယ်၊ နိဗ္ဗာန်ကို လိုချင်တယ်ဆိုတဲ့နေရာမှာ တဏှာမကင်းသေးတဲ့ ပုဂ္ဂိုလ်တွေက နိဗ္ဗာန်ဆိုတာ အလွန်ချမ်းသာတယ်၊ မအိုရဘူး၊ မနာရဘူး၊ မသေရဘူးဆိုတဲ့ ဒါတွေကိုတွေးပြီးတော့ ချမ်းသာလို့ မှတ်ထင်ပြီး နိဗ္ဗာန်လိုချင်တာ။ တကယ်နိဗ္ဗာန်မှာ ဘာမှမဖြစ်တော့ဘူးဆိုရင် မလိုချင်ဘူး။

ဘုန်းကြီးတို့ရွာက ဒကာမကြီးတစ်ယောက်လိုပဲ "နိဗ္ဗာန်မှာဆေးလိပ် သောက်လို့ရလား" လို့ မေးတယ်။ နိဗ္ဗာန်ဆိုတာဘယ်လိုလုပ် ဆေးလိပ်သောက်မှာလဲ။ ( No smoking area)ပဲ။ အဲဒီတော့ သူက ဆေးလိပ်မသောက်ရရင် နိဗ္ဗာန်ကို မသွားချင်ဘူးတဲ့။ တဏှာအတွေးနဲ့ တွေးတာလေ။ အဲဒီတော့ နိဗ္ဗာန်မှာ**ဝိရာဂ** တွယ်တာမှုတွေဟာ လုံးဝ နိဗ္ဗာန်နဲ့ ဆက်စပ်လို့ မရဘူး။

http://www.dhammadownload.com



**ဝိရာဂ** လုံးဝဆက်စပ်မှု မရှိဘူး။ နိဗ္ဗာန်ရဲ့ ဂုဏ်ရည်တစ်ခုပဲ။

နောက် နိဗ္ဗာန်ဂုဏ်ရည်တစ်ခုက နိဗ္ဗာန်ကို အာရုံပြုလို့ နိဗ္ဗာန်ကိုရောက်သွားရင် **အမတ** သေလည်းမသေတော့ဘူး။ နောက် **ပဏီတ** နိဗ္ဗာန်က အလွန်နှစ်သက် ကျေနပ်စရာ ကောင်းတယ်တဲ့၊ ရောင့်ရဲတင်းတိမ်မှု မရှိလောက်အောင် အလွန်ကျေနပ်စရာ ကောင်းတယ်။ အဲဒီတော့ **"ခယံ ဝိရာဂံ အမတံ ပဏီတံ"** ဆိုတဲ့ ဂုဏ်ရည် ၄-မျိုးဟာ နိဗ္ဗာန်ရဲ့ဂုဏ်ရည်၄-မျိုးပဲ။ အဲဒီ ဂုဏ်ရည်ပြည့်ဝတဲ့ တရားတော်တွေ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးမှာ ရှိတယ်၊ အဲဒီ **ဒီခယ ဝိရာဂ အမတ ပဏီတ** ဆိုတဲ့ ဒါတွေဟာ အလွန်နှစ်သက်စရာ ကောင်းတဲ့ ဂုဏ်ရည်တွေဟာ နိဗ္ဗာန်မှာရှိတဲ့ အရည်အသွေးတွေ ဖြစ်တယ်။ အဲဒီစကားဟာ မှန်ကန်ပါတယ်တဲ့။ **'ဧတေန သစ္စေန သုဝတ္ထိ ဟောတု'** ဤမှန်ကန်သော စကားကို ဆိုရသောကြောင့် သတ္တဝါတွေ ချမ်းသာပါစေလို့ သစ္စာပြုလိုက်တယ်။

အဲဒီလို သစ္စာပြုလိုက်သည့်အတွက် ဝေသာလီပြည်မှာ ရောဂါဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေ အကုန်လုံး ရောဂါပျောက်သွားကြတယ်။ သစ္စာရဲ့ တန်ခိုးနော်။ အဲဒီတော့ အဓိပ္ပါယ်ကိုသိသိနဲ့ ဒီလိုရွတ်ဖို့ လိုအပ်တယ်။ ဘာကို ဆိုလိုတာတုန်းဆိုတာ သိဖို့ လိုတယ်။

နောက်တစ်ခုက တရားဂုဏ်တော်နဲ့ ပတ်သက်လို့ ဂါထာနှစ်ပုဒ်ပဲ။ ဘာတုန်းဆိုရင်-

**"ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊**

http://www.dhammadownload.com



**သမာဓိ မာနန္တရိကည မာဟု၊**
**သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊**
**ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိဟောတု"**

ဆိုတဲ့စကား အဲဒီမှာ-

**ဗုဒ္ဓသေဋ္ဌော** ဆိုတာ မြတ်စွာဘုရား။ အင်မတန်ထူးမြတ်တဲ့ မြတ်စွာဘုရားက ဒီ သမာဓိစွမ်းအားကို **ပရိဝဏ္ဏယီ** အမြတ်တမ်း ချီးမွမ်းပြီး ပြောကြားတယ်။ အဲဒီ သမာဓိတရားဟာ ဘာသမာဓိ တရားလည်းဆိုတော့ **မဂ်သမာဓိတရား၊** မဂ်နဲ့ယှဉ်တဲ့ သမာဓိ တရားသည် ဖိုလ်ကို ပေးတယ်။ ဖိုလ်ဆိုတဲ့ အကျိုးကို မပေးဘဲနဲ့ ဘယ်တော့မှ ရပ်ဆိုင်းတာမရှိဘူး။ မဂ်ပေါ်လာပြီးတဲ့နောက် ဖိုလ်ဟာ ကျိန်းသေပေါ်တယ်၊ ကျိန်းသေအကျိုးကို ပေးတယ်။ ဒါကြောင့်မို့လို့ **အာနန္တရိက** သူဖြစ်တဲ့အခြားမဲ့မှာ အကျိုးတစ်ခုကို ထုတ်လုပ်ပေးတယ်။ အဲဒီ မဂ်သမာဓိ။

ဒီနေရာမှာ သမာဓိကို ဦးတည်ပြောပေမယ်လို့ မဂ်စိတ် အားလုံးကို ပြောတာ။ အဲဒီ မဂ်သမာဓိဟာ၊ မဂ်စိတ်နဲ့ယှဉ်တဲ့ သမာဓိစွမ်းအားဟာ ကိလေသာတွေကို ဖယ်ရှားပစ်နိုင်တဲ့ သမာဓိ စွမ်းအား ဖြစ်ပြီးတော့ မဂ်စိတ်ပေါ်လာပြီး ချုပ်သွားတာနဲ့ တစ်ပြိုင် နက်၊ ဖိုလ်စိတ်ဆိုတဲ့ အကျိုးကို ဆက်တိုက်ဖြစ်ပေါ်စေတယ်။ အဲဒီ သမာဓိစွမ်းအားနဲ့တူတဲ့ စွမ်းရည်သတ္တိရှိတဲ့ တရားမျိုးဆိုတာ မရှိဘူးတဲ့။

တရားတော်မှာ မဂ်စိတ်ဆိုတဲ့ တရားတော်အပေါ်မှာ၊

http://www.dhammadownload.com



မဂ္ဂဓမ္မမှာ ဒီလို နှစ်သက်စရာကောင်းတဲ့ ရတနာမျိုးတွေရှိတယ် ပေါ့။ ဒါ မှန်ကန်သော သစ္စာစကားကို ဆိုလိုက်တာပဲ။ မဂ်နဲ့ ပတ်သက်ပြီး **ဧတေန သစ္စေန သုဝတ္ထိ ဟောတု၊** မဂ်စိတ်နဲ့ ပတ်သက်ပြီးတော့ ယုံကြည်ချက်တစ်ခု။

ဝိပဿနာကျင့်စဉ်တစ်ခုကို ကျင့်လိုက်လို့ ဘုန်းကြီးတို့ တစ်တွေရဲ့သန္တာန်မှာ သောတာပတ္တိမဂ် ဖြစ်မယ်၊ သကဒါဂါမိမဂ် ဖြစ်မယ်၊ အနာဂါမိမဂ် ဖြစ်မယ်၊ အရဟတ္တမဂ် ဖြစ်မယ်၊ အဲဒီ အရဟတ္တမဂ်၊ အနာဂါမိမဂ်၊ သောတာပတ္တိမဂ်၊ သကဒါမိမဂ်၊ အနာဂါမိမဂ်ဆိုတဲ့ မဂ်စိတ်နဲ့ယှဉ်လာတဲ့ သမာဓိစွမ်းအားဟာ အင်မတန်မှ ကြီးမားတယ်။ အဲဒီ မဂ်စိတ်က ချုပ်တာနဲ့ တစ်ပြိုင် နက် ဖိုလ်စိတ်ဆိုတဲ့ အကျိုးကို ချက်ချင်းပေးတယ်။ အဲဒါကြောင့် မို့လို့ မဂ်သမာဓိ နဲ့အလားတူတဲ့ စွမ်းရည်သတ္တိရှိတဲ့ တရားမျိုးဟာ လောကမှာ မရှိပါဘူးတဲ့။ ဒါဟာ နှစ်သက်စရာ ကောင်းလှတဲ့ ရတနာတစ်မျိုး ဖြစ်ပါတယ်။ အဲဒီ မှန်ကန်သောတရားကို ဆိုရ သောကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေလို့ ဒီလို သစ္စာ ဆိုလိုက်တာပါပဲ။

အဲဒီတော့ ဘုရားဂုဏ်ကို အာရုံပြုပြီးတော့ သစ္စာဆိုတယ်၊ တရားဂုဏ်ကို အာရုံပြုပြီးတော့ သစ္စာဆိုတယ်။ ဒီလိုသစ္စာဆိုပုံ၊ ဆိုနည်းတွေကို မြတ်စွာဘုရားက နမူနာအနေနဲ့ ဟောထားတာ။ ကိုယ့်ဟာသာကိုယ် ကြည့်ပြီးတော့လည်း သစ္စာဆိုလို့ရတယ်။ ကိုယ် ကျေနပ်တဲ့ ကိုယ်သိတဲ့ တရားကိုလည်းပဲ သစ္စာဆိုလို့ရတယ်။ ကိုယ်ကြည်ညိုတဲ့ မြတ်စွာဘုရားရဲ့ ဂုဏ်တစ်ခုခုကို ဆိုပြီးတော့

http://www.dhammadownload.com



လည်းပဲ သစ္စာဆိုလို့ရတယ်။ ဆိုပါစို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ဆိပ်ကွယ်ရာ အရပ်၌သော်လည်း အကုသိုလ်အမှုကို ပြုတော်မမူဘူး။ ဒါကြောင့်မို့ **အရဟံဂုဏ်ထူး** နဲ့ ပြည့်စုံပါတယ်။ ဤမှန်ကန်သောစကားကို ဆိုရသောကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။ ကိုယ်ရထားတဲ့ **ဣတိပိသော** နဲ့လည်း သစ္စာဆိုလို့ရတယ်ပေါ့။

တရားဂုဏ်တွေကို အာရုံပြုပြီးတော့လည်း သစ္စာဆိုလို့ ရပါတယ်။ ဒါ ရတနသုတ်မှာ သစ္စာဆိုပြီးတော့ သတ္တဝါတွေ အန္တရာယ်ကင်းအောင် လုပ်တာဖြစ်တယ်။

နေ့စဉ်နဲ့အမျှလည်း အန္တရာယ်ဆိုတာ ကြုံတတ်တယ်။ ဒါကြောင့် အန္တရာယ်မကြုံရလေအောင် ဒီသစ္စာတရားကို အသုံးချပြီး မိမိနဲ့မိမိပတ်ဝန်းကျင်မှာရှိတဲ့ သတ္တဝါတွေအားလုံး ချမ်းသာပါစေလို့ ပရိတ်တရားတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး အဓိပ္ပါယ်သိသိနဲ့ လိုက်နာကျင့်သုံးနိုင်ရင် အင်မတန်မှ တန်ဖိုးရှိပါတယ်။

ဒါကြောင့် တရားချစ်ခင်သူတော်စင် ပရိသတ် အပေါင်းတို့သည် ရတနာသုတ်အနှစ်ချုပ် ပထမပိုင်း-

**"ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊**
**ခယံ ဝိရာဂံ အမတံ ပဏီတံ၊**
**ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ သမာဓိ"**

အဲဒီ ဂါထာသုံးပုဒ်နဲ့ သစ္စာဆိုပုံကို ရှင်းလင်းပြီးဖြစ်ပါတယ်။

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့သည် သစ္စာ၏စွမ်းအား အင်မတန်မှ ကြီးမားတာကို သိရှိပြီး တို့တစ်တွေ

http://www.dhammadownload.com



ဟာ သစ္စာရဲ့စွမ်းအားကို အသုံးချပြီးတော့ မမြင်နိုင်တဲ့ ဘေးရန် အန္တရာယ်တွေ လွတ်မြောက်လို့ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းဖြစ်တဲ့ သူတော်ကောင်း အကျင့်တရားတွေကို ချမ်းချမ်းသာသာနဲ့ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်အောင် ကြိုးစားကြရမယ်လို့ ကိုယ်စီ သဘောကျပြီး သစ္စာတရား အမှီထားလို့ ကျန်းမာ ချမ်းသာအောင် ကုသိုလ်တရားတွေနဲ့ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင် အောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော် မူနိုင်ကြပါစေကုန် သတည်း။

သာဓု သာဓု သာဓု

ရတနသုတ်အနှစ်ချုပ် (အပိုင်း-၁) ပြီး၏။

http://www.dhammadownload.com

# ရတနသုတ်အနှစ်ချုပ်
## (အပိုင်း-၂)

**မှတ်တမ်း။** ။သာသနာတော်နှစ် ၂၅၅၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၈)ရက်၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ သဒ္ဓမ္မဇောတက သုဘောဓာရုံကျောင်းတိုက်အတွင်း ဆောက်လုပ် လှူဒါန်းအပ်သည့် သဒ္ဓမ္မကထိက ကျောင်းဆောင် ရေစက်ချ အလှူတော်မင်္ဂလာအောင်ပွဲနှင့် စပ်လျဉ်း၍ ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ညဦးယံဓမ္မသဘင် အခမ်းအနားဝယ် မုံရွာမြို့၊ အလယ်ရပ်၊ မာဃလမ်းနှင့် ဘုန်းကြီးလမ်းနေ **မာစိုး** အထည်ရောင်းဝယ်ရေး၊ စေတီဘုရားတန်ဆောင်း၊ ကျောင်း၊ ရဟန်းဒါယကာကြီး ဦးစန်း + ဒါယိကာမကြီး ဒေါ်ခင်မေ၊ သားသမီးမြေးမြစ်များဖြစ်ကြသော မငွေငွေ၊ ကိုမောင်မောင်စိုး၊ မမြင့်မြင့်သန်း၊ မခိုင်ခိုင်၊ ကိုဇင်ထွန်းသန့် မိသားစုတို့၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော **"ရတနသုတ်အနှစ်ချုပ်" အပိုင်း(၂)** တရားဒေသနာတော်။

အားလုံးသိကြတဲ့ ပရိတ်ကြီးထဲမှာ **"ရတနသုတ်"** ဆိုတာ ရှိတယ်။ ဘေးအန္တရာယ် တွေ့ကြုံတဲ့အခါမှာ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တွေကို အာရုံပြုတော့ သစ္စာဆိုခြင်းဖြင့် ဘေးရန်အန္တရာယ်တွေက လွတ်မြောက်တဲ့ နည်းစနစ်တစ်ခုကို မြတ်စွာဘုရားက ဟောထားတာ ဖြစ်တယ်။ လောကမှာနေကြတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ရံဖန်ရံခါ ကံမကောင်း အကြောင်းမလှတဲ့အခါ ဘေးရန်အန္တရာယ်ဆိုတာ ကြုံတွေ့တတ်တယ်။ အဲဒီလို

http://www.dhammadownload.com



ကြုံတွေ့တဲ့အခါမှာ ဒီ ရတနသုတ်ကို ရွတ်ဆိုခြင်းဖြင့် ဘေးရန် အန္တရာယ်တွေက လွတ်မြောက်နိုင်တယ်။

မိမိကိုယ်တိုင် ဘေးရန်အန္တရာယ် မကြုံတွေ့သော်လည်း ဘေးရန်အန္တရာယ်ကြုံတွေ့နေကြတဲ့ ပုဂ္ဂိုလ်တွေကို ထိုဘေးရန် အန္တရာယ်ကနေ လွတ်မြောက်ကြပါစေဆိုတဲ့ မေတ္တာစေတနာ ရှေ့ထားပြီး ရတနသုတ်ကို ရွတ်ပွားပြီး သစ္စာပြုကြမယ်ဆိုရင် ကမ္ဘာကြီး ငြိမ်းချမ်းသာယာပြီး လူတွေဟာ ဘေးရန်အန္တရာယ် ကင်းကင်းရှင်းရှင်းနဲ့ ဘဝခရီးကို ဖြတ်သန်းနိုင်ကြမှာ ဖြစ်ပါတယ်။

ကမ္ဘာသူကမ္ဘာသား သတ္တဝါများ ချမ်းသာကြစေရန် ရည်သန်လျက် အန္တရာယ်ကင်းဖို့အတွက် မြတ်စွာဘုရား ဟောထားတဲ့ ဒီတရားတော်ကို နည်းယူပြီး ဘုန်းကြီးတို့တစ်တွေ နေ့စဉ်နှင့်အမျှ ဘေးရန်အန္တရာယ်ကင်းလို့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ လူ့ဘဝ အကျိုးစီးပွားတွေ မိမိရဲ့အကျိုးစီးပွား တွေ၊ အများသတ္တဝါတွေရဲ့ အကျိုးစီးပွားတွေ၊ အမျိုးဘာသာ သာသနာရဲ့ အကျိုးစီးပွားတွေကို ဆောင်ရွက်နိုင်အောင် ကြိုးစား ကြရမှာဖြစ်တယ်။ ဘေးရန်အန္တရာယ် ကြုံတွေ့နေလို့ရှိရင် ဒီ အကျိုးစီးပွားတွေကို ဆောင်ရွက်နိုင်ကြမှာ မဟုတ်ဘူးတဲ့။

ဒါကြောင့် မြတ်စွာဘုရားဟောထားတဲ့ သစ္စာဆိုပုံ သစ္စာဆိုနည်းတွေ မနေ့ကအပိုင်း(၁)ကို ဘုန်းကြီးတို့ဟောခဲ့ပြီ။ ဒီနေ့ အပိုင်း(၂)ကို ဟောပါ့မယ်။ အပိုင်း(၃)ကတော့ နောက် အကြောင်းညီညွတ်တဲ့အခါ ဟောပေးမယ်ပေါ့။

"မင်္ဂလသုတ်" အနှစ်ချုပ်ကိုလည်း ဟောပြီးသား ဖြစ်တယ်။

http://www.dhammadownload.com



မင်္ဂလသုတ်အနှစ်ချုပ်ဟာ စာအုပ်ရိုက်ပြီးသား ဖြစ်ပါတယ်။ မေတ္တာသုတ်အနှစ်ချုပ်ကလည်း စက်ာပူမှာ မနှစ်က ဟောခဲ့တယ်။ အဲဒါလည်း စာအုပ်အနေနဲ့ အချို့ပုဂ္ဂိုလ်တွေရဲ့ လက်ထဲမှာ ရောက်ပြီးသား ဖြစ်တယ်။

မင်္ဂလသုတ်တို့၊ မေတ္တာသုတ်တို့၊ ရတနသုတ်တို့ဆိုတာ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ ငယ်စဉ်တောင်ကျေး ကလေးဘဝက သင်ခဲ့ရလို့ ရင်းနှီးနေတဲ့ သုတ်တွေဖြစ်တယ်။ သို့သော် လူတိုင်းလူတိုင်းဟာ မင်္ဂလသုတ်၊ မေတ္တာသုတ်၊ ရတနသုတ်တို့ရဲ့ အဓိပ္ပါယ်ကို သိကြရဲ့လားဆို မသိတဲ့သူတွေ အများကြီးပဲ။ ရွတ်တော့ရွတ်နေကြတယ်။ မသိဘူးဆိုလို့ရှိရင် မိမိတို့စိတ်ထဲမှာ ကြည်နူးဝမ်းသာမှု ဖြစ်နိုင်မှာမဟုတ်ဘူး။

ဒါကြောင့်မို့လို့ အဓိပ္ပါယ်သိပြီးတော့ ရွတ်ဆိုမယ်ဆိုလို့ရှိရင် ပိုပြီးတော့ တန်ဖိုးရှိမယ်လို့ ဘုန်းကြီးတို့ ဒီလိုတွေးမိတဲ့အတွက်ကြောင့် လောကလူတွေနဲ့ ရင်းနှီးပြီးဖြစ်ပါလျက် အဓိပ္ပါယ် မသိသေးတဲ့ သုတ္တန်လေးတွေကို ရွေးချယ်ပြီးတော့ ဟောဖို့ ရည်ရွယ်တာ ဖြစ်တယ်။

အဲဒီတော့ ရတနသုတ်အနှစ်ချုပ်မှာ မြတ်စွာဘုရားက သစ္စာကို အသုံးပြုပြီးတော့ သတ္တဝါတွေ ချမ်းသာကြပါစေဆိုပြီး ဘေးအန္တရာယ်တွေက လွတ်တဲ့နည်းလမ်းတွေကို ပေးခဲ့တာ ဖြစ်တယ်။ အားလုံးသိကြတဲ့အတိုင်း ဝေသာလီပြည်မှာ ဘေးဆိုးကပ်ဆိုးကြီး ကြုံနေတဲ့အချိန်လေးမှာ ဟောဒီရတနသုတ်ကို မြတ်စွာဘုရားကိုယ်တိုင် (၇)ရက်တိတိ ဝေသာလီပြည်မှာ

http://www.dhammadownload.com



ထပ်တလဲလဲ ဟောခဲ့တယ်။

ရှင်အာနန္ဒာမထေရ်ကလည်း မြတ်စွာဘုရားဆီက သင်ယူပြီးတော့ ဝေသာလီပြည် တံတိုင်းသုံးထပ်ရဲ့ အကြားမှာ ညလုံးပေါက် ဟောဒီရတနသုတ်ကို ရွတ်တယ်။ ဝေသာလီပြည်မှာ ဒုက္ခရောက်နေရှာတဲ့ လူသတ္တဝါတွေ ချမ်းသာသုခ ရကြစေရန် မေတ္တာစေတနာ ကရုဏာတရား ထားပြီးတော့ ရွတ်ပွားခဲ့လို့ ဝေသာလီပြည်ကြီးဟာ ဘေးကင်းရန်ကွာ ချမ်းသာခြင်းကို ရရှိခဲ့တယ်တဲ့။

အများသတ္တဝါတွေ ချမ်းသာဖို့ရာအတွက် သစ္စာကို အသုံးပြုပြီးတော့ မြတ်စွာဘုရားက အန္တရာယ်ကင်းတဲ့ နည်းစနစ်ကို ပရိတ်တရားတော်တွေမှာ ဟောထားခဲ့တယ်။ အဓိကကတော့ **"မေတ္တာနှင့်သစ္စာ"** ဒီနှစ်ခုဖြစ်တယ်ပေါ့။ သစ္စာရဲ့စွမ်းအားဟာ အမှန်ပြောပြီးတဲ့နောက်မှာ မိမိတို့လိုချင်တာတစ်ခုခုကို တောင်းတလို့ရှိရင် အင်မတန်မှ တန်ခိုးထက်တဲ့ မန္တန်နဲ့ အလားတူတယ်လို့ မြတ်စွာဘုရား ဟောထားတာ ရှိတယ်။

ဒါကြောင့်မို့လို့ ဒီကနေ့ သစ္စာဆိုဖို့ရန်အတွက် ပထမဆုံး ဂါထာကတော့ **"ယံကိဉ္စိ ဝိတ္တံ"** ဆိုတဲ့ ဘုရားဂုဏ်ကို အာရုံပြုပြီး သစ္စာဆိုပုံ ဆိုနည်းကိုပြတာ။ ဒါ တစ်ခုတည်းနဲ့လည်း လုံလောက်တာပဲ။ နောက်တစ်ခါ **"ခယံ ဝိရာဂံ"** ဆိုတဲ့ ဒုတိယဂါထာ။ **"ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ"** အစရှိတဲ့ တတိယဂါထာ။ အဲဒီနှစ်ဂါထာကတော့ တရားဂုဏ်တော်တွေကို အာရုံပြုပြီးတော့ သစ္စာဆိုတဲ့ နည်းစနစ်ကို မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်

http://www.dhammadownload.com



ဟောကြားခဲ့တယ်။

ဒီကနေ့ သံဃာရဲ့ဂုဏ်ကို အာရုံပြုပြီး သစ္စာဆိုပုံဆိုနည်းကို မြတ်စွာဘုရားက သင်ကြားပေးတယ်။ သစ္စာဆိုတတ်အောင် မိမိကိုယ်တိုင်လည်း အဓိပ္ပါယ်နားလည်ဖို့ အရိယာပုဂ္ဂိုလ်တွေရဲ့ အရည်အသွေးကိုလည်း ကျကျနန နားလည်ဖို့ ဒီကနေ့ သံဃာဂုဏ်နဲ့ ပတ်သက်ပြီးတော့ ဟောပြောမှာ ဖြစ်တယ်။

**“ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊**
**စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။**
**တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊**
**ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။**
**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။”**

ဒီဂါထာလေး ရွတ်လိုက်တာနဲ့ ဘေးအန္တရာယ်တွေ ကင်းသွားနိုင်တယ်ပေါ့။ အေး တချို့မြန်မာဗုဒ္ဓဘာသာတွေ အန္တရာယ်ကင်းချင်လို့ ဘာမှအဓိပ္ပါယ်မရှိတဲ့ ဟိုစာအုပ် ဒီစာအုပ်တွေက ရေးထားတဲ့ မန္တရားဂါထာတွေကို ကျက်ပြီးတော့တောင် ရွတ်နေကြသေးတာ။ အခု တကယ်အစွမ်းသတ္တိရှိတဲ့ မြတ်စွာဘုရားဟောထားလို့ အင်မတန်လေးနက်တဲ့ ဂါထာမျိုးကို ပိုရွတ်သင့်တာပေါ့နော်။ အစွမ်းသတ္တိ ထက်ပြီးတော့ မြတ်စွာဘုရားဟောထားတဲ့ ဒီ ရတနသုတ်ဟာ စကြာဝဠာကုဋေတစ်သိန်းက နတ်တွေက လက်ခံထားတာ ဖြစ်တယ်။ ဒီစကြာဝဠာတင်မကဘူး စကြာဝဠာ မြောက်များစွာမှာရှိတဲ့ နတ်တွေက ဒီရတနသုတ်ရဲ့

http://www.dhammadownload.com



အစွမ်းသတ္တိကို လက်ခံယုံကြည်ထားတာ ဖြစ်တယ်။

ဒါကြောင့်မို့ ဒီရတနသုတ်ကို ရွတ်ဆိုပြီး သစ္စာဆိုလိုက်မယ် ဆိုလို့ရှိရင် ဒီစကြာဝဠာမှာရှိတဲ့ ပုဂ္ဂိုလ်တွေသာမက အခြား စကြာဝဠာတွေမှာရှိတဲ့ ပုဂ္ဂိုလ်တွေလည်း အန္တရာယ်ကင်းနိုင်တယ် လို့ ဒီလိုမှတ်ရမယ်နော်။

အဲဒီမှာ အဓိပ္ပါယ်ကို လေးလေးနက်နက် စဉ်းစားဖို့ရန် အတွက်-

**"ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ"**

**သတံပသတ္ထာ** ဆိုတာ သူတော်ကောင်းတွေရဲ့ ချီးမွမ်းမှု ခံရတဲ့ပုဂ္ဂိုလ်။ ချီးမွမ်းမှုဆိုတာ သာမန်ပုဂ္ဂိုလ်တွေကတော့ သူတို့ သိတဲ့ အတိုင်းအတာအရ သာမန်ပုဂ္ဂိုလ်တွေ ချီးမွမ်းတာဟာ ချီးမွမ်းရာ ရောက်ချင်မှ ရောက်မယ်။ **သတံ ပသတ္ထာ** တကယ့် သူတော်ကောင်းတွေက ချီးမွမ်းတာ ခံရဖို့ဆိုတာ လွယ်တာ မဟုတ်ဘူး။ တကယ့် သူတော်ကောင်းမှ ချီးမွမ်းမှာ။

ဒီမှာ သူတော်ကောင်းတွေရဲ့ ချီးမွမ်းမှုခံရတဲ့ ပုဂ္ဂိုလ် တွေဟာ ရှစ်ယောက်ရှိတယ်။ တကယ် ချီးမွမ်းထိုက်တဲ့ပုဂ္ဂိုလ်၊ အရည်အသွေးရှိတဲ့ပုဂ္ဂိုလ် ရှစ်ယောက်ရှိတယ်။ အဲဒီ ရှစ်ယောက် ဟာ အစုံလိုက် ပြောမယ်ဆိုရင် လေးဦးရှိတယ်။ **"စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ"** ဒါက အရိယာပုဂ္ဂိုလ် ရှစ်ယောက်ကို ပြောတာ။ အရိယာပုဂ္ဂိုလ် ရှစ်ယောက်ကို အစုံလိုက် တွဲတဲ့အခါကျတော့ လေးစုံပဲရှိတယ်ပေါ့။ မဂ်လေးပါး၊ ဖိုလ်လေးပါးကိုကြည့်ပြီးတော့ တွဲတာ။ အဲဒီတော့ အရိယာပုဂ္ဂိုလ် ရှစ်ယောက်ကိုလည်း ရေတွက်

http://www.dhammadownload.com



တတ်အောင် မှတ်သားထားကြရမယ်။

**သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်၊ သောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ်၊** ဒါကတစ်စုံ။ **သကဒါဂါမိမဂ္ဂဋ္ဌပုဂ္ဂိုလ်၊ သကဒါဂါမိဖလဋ္ဌပုဂ္ဂိုလ်** ဒါကတစ်စုံ။ **အနာဂါမိမဂ္ဂဋ္ဌပုဂ္ဂိုလ်၊ အနာဂါမိဖလဋ္ဌပုဂ္ဂိုလ်၊** ဒါကတစ်စုံ။ **အရဟတ္တမဂ္ဂဋ္ဌပုဂ္ဂိုလ်၊ အရဟတ္တဖလဋ္ဌပုဂ္ဂိုလ်။** အားလုံးပေါင်းလိုက်တဲ့အခါ ရှစ်ဦးလို့ ဒီလိုပြောတာနော်။

အဲဒီတော့ မြန်မာလိုရှင်းရှင်းပြောမယ်ဆိုရင် သောတာပန်ဖြစ်အောင် ကျင့်နေဆဲပုဂ္ဂိုလ်က သောတာပတ္တိမဂ္ဂဋ္ဌ၊ သောတာပတ္တိမဂ်စိတ်ပေါ်နေတဲ့ အခိုက်လေးမှာခေါ်တာ။ အဲဒါကို **ပဋိပန္န ပုဂ္ဂိုလ်** လို့လည်းသုံးတယ်။ သောတာပတ္တိမဂ်စိတ်ကလေး ဖြစ်ပေါ်နေခိုက် ပုဂ္ဂိုလ်ကို သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ် လို့ခေါ်တယ်။ ဒီ သောတာပတ္တိမဂ်စိတ် ဖြစ်ဖို့ရာအတွက် ဘာလုပ်ရတုန်းဆိုရင် ဝိပဿနာကျင့်စဉ်တစ်ခု ကျင့်ရတယ်။ အဲဒီ ဝိပဿနာကျင့်စဉ်ကျင့်လို့ ဉာဏ်အဆင့်ဆင့် တက်သွားပြီး ဝိပဿနာဉာဏ် ရင့်သန်သွားပြီဆိုရင် မဂ်စိတ်ကလေး ပေါ်လာတယ်။ စွမ်းရည်သတ္တိရှိတဲ့ မဂ်စိတ်ဟာ နိဗ္ဗာန်ကို အာရုံပြုပြီး ပေါ်လာတယ်။ အဲဒီ ပေါ်လာတဲ့ အခိုက်လေးကိုပဲ သောတာပတ္တိ မဂ္ဂဋ္ဌပုဂ္ဂိုလ်လို့ခေါ်တာ။ ဥပမာအားဖြင့် ရှေ့ပိုင်းက သောတာပန် ဖြစ်ခါနီး ကျင့်နေတဲ့ ဝိပဿနာဉာဏ် ရှိနေတဲ့ပုဂ္ဂိုလ်၊ သောတာပတ္တိမဂ်ဉာဏ် ရဖို့ရာ စိတ်အစဉ်ဖြစ်နေတဲ့အခိုက်မှာ ရှိနေတဲ့ပုဂ္ဂိုလ်တွေကိုလည်း အလျှော်အားဖြင့်ခေါ်လို့တော့ ရတယ်။ ပဋိပန္နကျင့်ဆဲပုဂ္ဂိုလ်လို့ ပြောတာ။ သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်ဆိုတာ

http://www.dhammadownload.com



သောတာပတ္တိမဂ်စိတ် ပေါ်နေတဲ့အခိုက်လေးမှာ ခေါ်တဲ့ပုဂ္ဂိုလ် ဖြစ်လို့ သောတာပတ္တိမဂ်စိတ် ပေါ်ပြီးတာနဲ့ တစ်ပြိုင်နက် နောက်ထပ် သောတာပတ္တိဖိုလ်စိတ်ဆိုတာ ဆက်တိုက်လာတယ်။

**“အကာလိကော”** ဆိုတဲ့ ဂုဏ်တော်အတိုင်းပဲ ဘုရား တရားတော်မှာ မဂ်စိတ်တွေဟာ ချက်ခြင်းပဲ အကျိုးတွေကို ထုတ်လုပ်တယ်။ နောင်ဘဝ ဆိုင်းစရာမလိုဘူး။ နောက်နှစ် ဆိုင်းစရာလည်း မလိုဘူး။ နောက်လ ဆိုင်းစရာလည်း မလိုဘူး။ မဂ်စိတ်ပေါ်လိုက်တာနဲ့ တစ်ပြိုင်နက် ဖိုလ်စိတ်က ချက်ခြင်း ပေါ်လာတယ်။ သောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ်၊ အဲဒီ သောတာပတ္တိ ဖလဋ္ဌပုဂ္ဂိုလ်ကိုမှ သောတာပန်ပုဂ္ဂိုလ်လို့ ခေါ်တယ်။ သောတာပန် ဆိုတာ အဲဒီ ဖိုလ်စိတ်ကျပြီးတဲ့ ပုဂ္ဂိုလ်ကို ပြောတာ။

ဒီပုဂ္ဂိုလ်တွေဟာ သူတော်ကောင်းတွေက အင်မတန် ချီးမွမ်းထိုက်တဲ့ပုဂ္ဂိုလ်။ ဘာဖြစ်လို့ ချီးမွမ်းထိုက်တုန်းဆိုတော့ သီလ အားဖြင့် ကြည့်လိုက်မယ်ဆိုရင် သူများနဲ့မတူဘူး။ သမာဓိဘက်က ကြည့်လိုက်ရင်လည်း သူများနဲ့မတူဘူး။ ပညာဘက်က ကြည့် လိုက်ရင်လည်း သူများနဲ့မတူဘူး။ အလွန်အဆင့်မြင့်တဲ့ စိတ်ဓာတ် တွေရှိတဲ့ ပုဂ္ဂိုလ်တွေဖြစ်လို့ **“သတံပသတ္ထာ”** သူတော်ကောင်းတွေ က ချီးမွမ်းထိုက်တဲ့ပုဂ္ဂိုလ်။

သောတာပန် ပုဂ္ဂိုလ်ကိုတောင် ချီးမွမ်းထိုက်ပြီဆိုရင် သောတာပန်ထက် အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်ဆိုရင် ပြောစရာမရှိဘူး။ ဝိပဿနာကို တိုးတက်ပြီး ကျင့်လိုက်တဲ့အခါ သကဒါဂါမိမဂ်စိတ် ပေါ်လာတယ်။ သကဒါဂါမိမဂ်စိတ်ကနေပြီး သကဒါဂါမိ

http://www.dhammadownload.com



ဖိုလ်စိတ် ပေါ်လာတယ်။ အဲဒီပုဂ္ဂိုလ်နှစ်ဦးဟာ သောတာပန်ထက် အဆင့်မြင့်သွားတယ်။ အဲဒီ ပုဂ္ဂိုလ်လည်း သူတော်ကောင်းတွေက ချီးမွမ်းထိုက်တဲ့ ပုဂ္ဂိုလ်ပဲ။

ဆိုပါစို့၊ သောတာပန်ပုဂ္ဂိုလ်က အကြောင်းမသင့်တဲ့အခါမှာ လောဘဖြစ်သေးတယ်နော်။ ဒေါသဖြစ်တဲ့အခါ ဖြစ်သေးတယ်။ သောတာပန်ပုဂ္ဂိုလ်မှာ လောဘ(၁၀)ကြိမ် ဖြစ်သေးတယ်ဆိုရင် သကဒါဂါမ်ပုဂ္ဂိုလ်ကျတော့ နှစ်ကြိမ်လောက်ပဲဖြစ်တယ်။ သောတာပန်ပုဂ္ဂိုလ်ရဲ့ လောဘက သကဒါဂါမ်ပုဂ္ဂိုလ်ထက် အရှိန်ကောင်းချင်ကောင်းမယ်။ သကဒါဂါမ်ပုဂ္ဂိုလ်ကျတော့ ဖြစ်ကြိမ်လည်း နည်းသွားတယ်။ ဖြစ်တဲ့အရှိန်လည်း လျှော့သွားတယ်။ စွမ်းရည်သတ္တိအနေနဲ့ အကုသိုလ်တွေဟာ လျှော့ပါးသွားတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ပြောတာ။

တစ်ခါ ဝိပဿနာကို တိုးမြှင့်ပြီး ကျင့်လိုက်တဲ့အခါ ဘာဖြစ်တုန်းဆိုတော့ အနာဂါမ်ဖြစ်သွားတယ်။ အနာဂါမ်ဖြစ်သွားလို့ရှိရင် **ကာမရာဂ** လို့ခေါ်တဲ့ ကာမဂုဏ်အာရုံတွေကို ခံစားလိုတဲ့ တဏှာဟာ အကြွင်းမဲ့ကင်းသွားတယ်။ အလိုမကျမုန်းတီးမှုဆိုတဲ့ ဒေါသဟာလည်း အကြွင်းမဲ့ဖယ်ရှားပြီး ဖြစ်သွားတယ်။ အနာဂါမိမင်္ဂစိတ်ဖြစ်တယ်၊ အနာဂါမိဖိုလ်စိတ်ဖြစ်တယ်။ အဲဒီအနာဂါမ်ပုဂ္ဂိုလ်ဟာလည်း **"သတံ ပသတ္ထာ"** သူတော်ကောင်းတွေချီးမွမ်းရတဲ့ပုဂ္ဂိုလ်ပဲ။

ထို့နောက် ရဟန္တာဖြစ်ဖို့အတွက် ဝိပဿနာကို တိုးမြှင့်ပြီး ကျင့်လိုက်ရင် အရဟတ္တမင်္ဂ အရဟတ္တဖိုလ်ဆိုတာ ပေါ်လာ

http://www.dhammadownload.com



တယ်။ အဲဒီလို ပေါ်လာတဲ့အခါ အရဟတ္တဖိုလ် ရသွားပြီဆိုရင် ရဟန္တာပုဂ္ဂိုလ်လို့ ခေါ်တာပေါ့။ အဲဒီ ရဟန္တာပုဂ္ဂိုလ်ဆိုတာ ကျတော့ အဆင့်က အရိယာထဲမှာ အမြင့်ဆုံးပုဂ္ဂိုလ် ဖြစ်သွားပြီ။ ကိလေသာ အာသဝေါတွေ လုံးဝကင်းစင်ပြီး အလွန်ဖြူစင်တဲ့ ပုဂ္ဂိုလ်ဖြစ်သွားပြီ။ **"သတံ ပသတ္ထာ"** သူတော်ကောင်းတွေက ချီးမွမ်းထိုက်တဲ့ပုဂ္ဂိုလ်။ အဲဒီပုဂ္ဂိုလ်တွေမှ ချီးမွမ်းထိုက်တာ။

ပုထုဇဉ်ပုဂ္ဂိုလ်တွေက ဒီလိုချီးမွမ်းထိုက်တဲ့ဂုဏ် အပြည့်အစုံ ရှိတာ မဟုတ်ဘူး။ တစ်ခါတစ်ရံ တစ်ချို့တလေ ဂုဏ်ပုဒ်ကလေး ကို ကြည့်ပြီးတော့သာ ပုထုဇဉ်တွေကို ချီးမွမ်းနေကြတာ။ ချီးမွမ်း စရာ မကောင်းတဲ့အချက်တွေ ပုထုဇဉ်တွေမှာ အများကြီး ရှိတယ်ပေါ့။

အဲ အရိယာသူတော်စင်တွေကျတော့ အဲဒီလို မဟုတ်ဘူး။ လုံးဝချီးမွမ်းထိုက်တဲ့ ဂုဏ်ရည်တွေနဲ့ ပြည့်စုံတယ်။ ဒါကြောင့်-

**"ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊**

**စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ"** တဲ့ ။

အဲဒီလိုပြောတာနော်။ အစုံအားဖြင့်လေးစုံ။ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်။ အဲဒီပုဂ္ဂိုလ်တွေဟာ တကယ့်သူတော်ကောင်းတွေက ချီးမွမ်းရမယ့် ပုဂ္ဂိုလ်တွေတဲ့။

အဲဒီ ချီးမွမ်းရမယ့်ပုဂ္ဂိုလ်တွေဟာ ဘယ်လိုဂုဏ်ရည်တွေ ရှိတုန်းဆိုရင်-

**"တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ"**

မြတ်စွာဘုရားရဲ့ တပည့်သား သာဝကတွေဖြစ်ပြီးတော့

http://www.dhammadownload.com



သူတို့ဟာ"ဒက္ခိဏေယျ"ကံကံရဲ့အကျိုးကို ယုံကြည်ပြီး လှူဒါန်းတဲ့ အလှူဒါနကို တကယ်ခံယူထိုက်တဲ့ ပုဂ္ဂိုလ်တွေပဲ။ ခံယူထိုက်တယ် ဆိုတာ ကံကံ၏အကျိုးကို ယုံကြည်လို့ လှူတဲ့ပုဂ္ဂိုလ်တွေ သူတို့ ယုံကြည်ချက်အတိုင်း ကောင်းကျိုးချမ်းသာတွေ ပေးစွမ်းနိုင်တဲ့ အရည်အသွေးတွေ ရှိလို့ဖြစ်တယ်။

ဆိုပါစို့ အင်မတန် မြေဩဇာကောင်းတဲ့မြေမှာ ဘယ် မျိုးစေ့ပဲ စိုက်လိုက်စိုက်လိုက် အဲဒီမျိုးစေ့ဟာ အပင်ပေါက်ပြီး ရှင်သန်ထွားကျိုင်းလို့ အသီးအပွင့်တွေနဲ့ ဝေဆာနိုင်တယ်။ ရည်ရွယ်ချက်အတိုင်း ဖြစ်နိုင်တယ်။ ဘာဖြစ်လို့တုန်း၊ မြေဩဇာ ကောင်းလို့။ ထို့အတူပဲ ကံကံ၏အကျိုးကို ယုံကြည်ပြီး အဲဒီ ပုဂ္ဂိုလ်တွေကို လှူလိုက်မယ်ဆိုရင် ကိုယ်လှူလိုက်တဲ့ ကုသိုလ် ကောင်းမှုရဲ့ အကျိုးတရားဟာ လုံးဝပြည့်ပြည့်ဝဝ ရတယ်ပေါ့။

လယ်တဲထဲမှာ လယ်စောင့်နေတဲ့ အမျိုးသမီးလေး သူဆာရင် စားဖို့ဆိုပြီးတော့ ဖေါက်ထားတဲ့ ပေါက်ပေါက်ကလေး တွေ ရှင်မဟာကဿပကြီးကို လှူလိုက်တာ၊ လှူပြီးတဲ့နောက်မှာ ဝမ်းသာပီတိဖြစ်နေတုန်း ကံမကောင်း အကြောင်းမလှလို့ လယ် ကန်သင်း လမ်းလျှောက်ရင်းကနေ မြွေကိုက်လို့ ဆုံးသွားတယ်။ အဲဒီအမျိုးသမီးလေးပဲ ကြည့်။ လှူလိုက်တာက ပေါက်ပေါက်လေး ဘာမှ တန်ဖိုးမရှိဘူး။ **ရှင်မဟာကဿပ**လို ပုဂ္ဂိုလ်မျိုးကို လှူလိုက်ရတဲ့အခါကျတော့ ကံကံ၏အကျိုးကို ယုံကြည်လိုက်တဲ့ အလှူဟာ ချက်ချင်း အကျိုးပေးတာ။

သေသွားတဲ့အခါ နတ်ပြည်ရောက်သွားပြီး လာဇာ

http://www.dhammadownload.com



နတ်သမီး သွားဖြစ်တယ်။ ပေါက်ပေါက်လေးတွေက သူ့ဗိမာန်မှာ အလှဆင်ထားတဲ့အနေနဲ့ ပေါ်လာကြတယ်။ ဩော် အဲဒီလို ပုဂ္ဂိုလ်မျိုးတွေဟာ အလှူခံထိုက်လို့ **ဒက္ခိဏေယျ** လို့ခေါ်တယ်။ ကံကံ၏ အကျိုးကို ယုံကြည်ပြီးတော့ လှူလိုက်တဲ့ အလှူရဲ့ အကျိုးကို ပြည့်ပြည့်ဝဝ ဖြစ်ထွန်းစေနိုင်လို့ အလှူခံထိုက်တဲ့ ပုဂ္ဂိုလ်တွေလို့ ပြောတာ။

အေး တချို့ကျတော့ သီလ သမာဓိ ပညာ မပြည့်စုံသည့် အတွက်ကြောင့် သွားလှူလို့ရှိရင် ဘာဖြစ်လဲ၊ မြေညံ့ထဲမှာ အပင် စိုက်လိုက်ရသလိုပဲ။ ပေါက်တော့ပေါက်တယ်၊ လှိုလှိုလေး ဖြစ်နေ တယ်။

အတော်နဲ့ အသီးမသီးဘူး၊ အတော်နဲ့ အပွင့်မပွင့်သေးဘူး ပေါ့။ အဲဒီတော့ အဲဒါမျိုးလည်း ဖြစ်တတ်တယ်ပေါ့။

အခုလို အရိယာသူတော်စင် ပုဂ္ဂိုလ်တွေကျတော့ **ဒက္ခိဏေယျ** တကယ့်ကို အလှူခံထိုက်တဲ့ ပုဂ္ဂိုလ်၊ လှူလိုက်တဲ့ အတိုင်းလည်း အကျိုးကျေးဇူးတွေကို ရနိုင်တယ်။ ဒါကြောင့်မို့လို့ **ဒက္ခိဏေယျ** မြတ်သောအလှူ သို့မဟုတ် ရည်သန်တောင့်တပြီး တော့ လှူလိုက်တဲ့ အလှူမျိုးကိုခံထိုက်တဲ့ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေလို့ ခေါ်တာ။

အဲဒီလိုအရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေကို **"ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ"** ဒီပုဂ္ဂိုလ်တွေကို လှူလိုက်မယ် ဆိုလို့ရှိရင် လှူလိုက် တာကနည်းနည်း ရလိုက်တာက အများကြီး။ ဆိုပါစို့ တန်ဖိုးတွက် ကြည့်လိုက်မယ်ဆိုရင် ခုနက ပေါက်ပေါက်လေး တစ်ဆုပ်စာလေး

http://www.dhammadownload.com



လောက် လှူလိုက်တာ ဘာတန်ဖိုးရှိမှာတုန်း။ ငွေကြေးမနေနဲ့ တွက်ကြည့်မယ်ဆိုရင် ပေါက်ပေါက်လေး တစ်ဆုပ်စာဟာ ဘာမှ တန်ဖိုးမရှိဘူး။ သို့သော် သူရလိုက်တာက အများကြီးပဲ။ ဘုံဗိမာန် ကြီး ရလိုက်တယ်။ တာဝတိံသာနတ်ပြည် ရောက်သည့်အတွက် ကြောင့် နတ်သက်နဲ့ တစ်ထောင်၊ လူသက်နဲ့ဆိုရင် အများကြီးပဲ။ ဟော အဲဒီလောက် အင်မတန်ကြီးကျယ်တဲ့ စည်းစိမ်ဆိုတော့ မန္တိုင်းယှဉ်လောက်အောင်၊ တစ်ချင်ရွှေလောက်၊ တစ်ပြားလောက် တန်တဲ့ ပေါက်ပေါက်လေး လှူလိုက်တာ ရလိုက်တာနည်းတာ မဟုတ်ဘူး အကျိုးတွေကို။

အဲဒါကိုပြောတာ **"ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ"** အဲဒီလို ပုဂ္ဂိုလ်တွေကို လှူလိုက်ရပြီဆိုရင် ထိုအလှူရဲ့အကျိုးဟာ အဆပေါင်း တစ်ထောင်၊ အဆပေါင်းတစ်သောင်း၊ အဆပေါင်း တစ်သိန်း၊ အဆပေါင်းကုဋေမကအောင် များတယ်လို့။

အရိယာသူတော်စင်တွေရဲ့ ဂုဏ်ရည်ကို မြတ်စွာဘုရားက ဟောတာ။ အရိယာဆိုတာ အဲဒီလိုပုဂ္ဂိုလ်တွေနော်။ ဒါကြောင့် မို့လို့ အရိယာပုဂ္ဂိုလ်တွေကို တွေ့လို့ လက်အုပ်လေးတစ်ကြိမ် ချီလိုက်တာနဲ့ ရသွားတာတွေ အများကြီးပဲ။ ပန်းလေးတစ်ပွင့် လှူလိုက်တာနဲ့ (၉၁)ကမ္ဘာ အပါယ်မလားဘူး။ ဆွမ်းလေးတစ်ဇွန်း လောင်းလိုက်တာနဲ့ နတ်ပြည်ရောက်သွားတာတို့။ ဒီလိုအကျိုး ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်ကို **"ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ"** ကြီးစွာသော အကျိုးတရားတွေကို ရရှိစေတယ်။ ဒါဟာ အလွန်နှစ်သက်စရာကောင်းတဲ့ ဂုဏ်ရည်တစ်ခုပဲ။

http://www.dhammadownload.com



**"ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ"** အရိယာသံဃာတွေမှာ အခုလို မွန်မြတ်နှစ်သက်ဖွယ်ကောင်းတဲ့ တန်ဖိုးရှိတဲ့ ရတနာမျိုးတွေ သူတို့သန္တာန်မှာ ရှိတယ်။ အလွန်မွန်မြတ်တဲ့ ရတနာပဲ။ အဲဒီလို ပါးစပ်ကနေ ထုတ်ဖော်ပြောလိုက်ရတဲ့ စကားဟာ ပြောတဲ့အတိုင်း မှန်တယ်။

**"ဧတေန သစ္စေန သုဝတ္ထိ ဟောတု"** ဒီမှန်ကန်သော စကားကိုဆိုရခြင်းကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။ မေတ္တာပို့တယ်။ သစ္စာဆိုပြီး မေတ္တာပို့တဲ့နည်းကို ပေးတာ။

အရိယာသူတော်ကောင်းတွေရဲ့ ဂုဏ်ရည်ကို ထုတ်ဖော်ပြောပြီးတော့ ဒီမှန်ကန်သော စကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေလို့ သစ္စာပြုတာ။ အဲဒီသစ္စာရဲ့ စွမ်းအားကြောင့် တခြားသတ္တဝါတွေလည်း ချမ်းသာသွားနိုင်တယ်။

ဝေသာလီပြည်ကြီးမှာ ကျရောက်နေတဲ့ ဘေးဆိုး ကပ်ဆိုး ရန်ဆိုးတွေကို ဒီနည်းနဲ့ မြတ်စွာဘုရားက ဖယ်ရှားပေးခဲ့တယ်။ မိမိတို့မှာ အခက်အခဲ ကြုံတိုင်းကြုံတိုင်း (သို့မဟုတ်) မပြေလည်မှုတွေ ကြုံတဲ့အခါမှာလည်း မိမိတို့သိထားတဲ့ ဘုရားတရားတော်တွေကို အာရုံပြု သစ္စာဆိုပြီး အခက်အခဲကနေ လွတ်အောင် ကြိုးစားသင့်တယ်ပေါ့။ ကြိုးစားလို့ အခက်အခဲမှ လွတ်သွားတဲ့ ပုဂ္ဂိုလ်တွေ၊ အကျိုးကျေးဇူး ခံစားရတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတာပဲ။ ဒါကြောင့် ဒီအချက်လေးကို မေ့မထားဖို့။ ကိုယ်ရထားတဲ့ ဒီရတနသုတ်ရဲ့ တန်ဖိုးဟာ အင်မတန်မှ ကြီးမားတယ်လို့ ဒီလို မှတ်ရမယ်။

http://www.dhammadownload.com



မြတ်စွာဘုရားက နောက်တစ်နည်း တစ်ခါဆက်ပြီးတော့ ပေးပြန်တယ်။ အဲဒါက ဘာတုန်းဆိုရင် -

**"ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊**
**နိက္ကာမိနော ဂေါတမသာသနမှိ။**
**တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊**
**လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။**
**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။"**

ဒါက ရဟန္တာပုဂ္ဂိုလ်တွေကို ရည်စူးပြီး ပြောတဲ့စကား။ အာရုံပြုရမှာက ဘာကိုအာရုံပြုရမလဲဆိုရင် မြတ်စွာဘုရားက ဒီဂါထာမှာဟောတာ-

**"ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊**
**နိက္ကာမိနော ဂေါတမသာသနမှိ"**

ဂေါတမမြတ်စွာဘုရားရဲ့ သာသနာတော်မှာ **"မနသာ ဒဠှေန"** တကယ့်ကို ခိုင်မာတဲ့စိတ်ဓာတ်နဲ့ **"သုပ္ပယုတ္တာ"** ကြိုးစားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ **"နိက္ကာမိနော"** သူတို့သန္တာန်မှာရှိတဲ့ ကိလေသာတွေကို ဖယ်ရှားပစ်နိုင်ကြတယ်။

ဟောဒီအချက်ကို သေချာစဉ်းစားကြည့်နော်။ မြတ်စွာဘုရား သာသနာတော်နဲ့ ဘုန်းကြီးတို့တစ်တွေ ကြုံနေကြတယ်။ အဲဒီလို ကြုံနေတဲ့အခါမှာ **"မနသာ ဒဠှေန"** လို့ဆိုတဲ့ ခိုင်မာတဲ့ စိတ်ဓာတ် ရှိဖို့လိုတယ်။ ခိုင်မာတဲ့စိတ်ဓာတ်ဆိုတာဟာ ကုသိုလ်ကောင်းမှုနဲ့ ပတ်သက်ပြီး မဖြစ်မနေ ကြိုးစားအားထုတ်မယ်ဆိုတဲ့

http://www.dhammadownload.com



ခိုင်မာတဲ့ စိတ်ဓာတ်။ ဒီဘဝမှာပဲ မဂ်ဖိုလ်နိဗ္ဗာန်ရအောင် ကြိုးစားအားထုတ်မယ်ဆိုတဲ့ ခိုင်မာတဲ့စိတ်ဓာတ်။ အဲဒီခိုင်မာတဲ့ စိတ်ဓာတ်နဲ့-

"**သုပ္ပယုတ္တာ**" ဆိုတာ စနစ်တကျ နည်းမှန်လမ်းမှန် ကြိုးစားအားထုတ်လိုက်မယ်ဆိုရင် ဘာဖြစ်မလဲ "**နိက္ခာမိနော**" ကိုယ့်သန္တာန်မှာရှိတဲ့ လောဘကိုလည်း ထုတ်ပစ်နိုင်မယ်။ ဒေါသကိုလည်း ထုတ်ပစ်နိုင်မယ်။ မောဟကိုလည်း ထုတ်ပစ်နိုင်မယ်။ ကိုယ့်သန္တာန်မှာ လောဘ ဒေါသ မောဟတွေ ရှိနေတာကို ထုတ်ပစ်နိုင်သေးတာမှ မဟုတ်တာ။ လွယ်လွယ်ကူကူ ထုတ်မပစ်နိုင်ဘူး။ မထုတ်နိုင်တဲ့အပြင် မွေးတောင် မွေးထားသေးတယ်။ တချို့ကနော် "ငါကစိတ်တိုတတ်တယ် လာမပြောနဲ့" ဆိုပြီးတော့ စိတ်တိုတာများ ဂုဏ်ယူနေသေးတယ်။ မကောင်းတဲ့ အနေအထားမှန်း သိနေပေမဲ့ ကောင်းသလိုလို ဖြစ်နေတယ်။ မာနကြီးတာ မကောင်းပေမယ့်လို့ ကောင်းသလို ထင်နေကြတယ်။ အဲဒီတော့ ကိုယ့်ရဲ့စိတ်ထဲမှာ ဒီဆိုးညစ်နေတဲ့ သဘာဝတရားတွေ ရှိနေတယ်။

ဘုန်းကြီးတို့တစ်တွေဟာ အဝတ်မှာလည်း အညစ်အကြေးတွေ ပေလာလို့ရှိရင် အဲဒီအညစ်အကြေးတွေကို ဆပ်ပြာနဲ့ရေနဲ့ ဖွတ်လျှော်ပြီးတော့ စင်ကြယ်အောင်လုပ်ကြပေမယ်လို့ ကိုယ့်ရဲ့ စိတ်ထဲမှာ လောဘ ဒေါသ မောဟ ဆိုတဲ့ အညစ်အကြေးတွေ ရှိနေတဲ့အခါကျတော့ ဖွတ်ရမှန်း လျှော်ရမှန်းကိုမသိဘူး။ ဒါကြောင့်မို့လို့ စိတ်ရဲ့အညစ်အကြေးတွေဟာ ခန္ဓာကိုယ်ထဲမှာ

http://www.dhammadownload.com



ရှိနေတယ်။

ထိုအညစ်အကြေးတွေ ရှိနေသည့်အတွက်ကြောင့် လောဘဖြစ်စရာအာရုံနဲ့ တွေ့ရင်လည်း လောဘဖြစ်လိုက်ပြန်တယ်။ စိတ်ဆိုးစရာနဲ့တွေ့ရင်လည်း စိတ်ဆိုးလိုက်ပြန်တယ်။ အာရုံတစ်ခုကို အမှန်မသိတဲ့ မောဟတွေ လည်းဖြစ်လိုက်ပြန်တယ်။ မာန်မာနတွေလည်း တက်လိုက်ကြပြန်တယ်။ ဒါတွေနဲ့ပဲ အချိန်ကုန်နေတယ်ဆိုတော့ စိတ်ရဲ့အညစ်အကြေးတွေဟာ ဒီအတိုင်းပဲ ရှိနေတယ်။

အရိယာသူတော်စင်တွေကတော့ အဲဒီလို မဟုတ်ဘူး။ မြတ်စွာဘုရားသာသနာတော်ထဲမှာ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ခိုင်မာတဲ့စိတ်ဓာတ်နဲ့ ကြိုးစားအားထုတ်တဲ့အခါ လောဘတွေကို လည်း ထုတ်ပစ်နိုင်တယ်။ ဒေါသတွေ၊ မောဟတွေကိုလည်း ထုတ်ပစ်နိုင်တယ်။ ကိလေသာ အညစ်အကြေးတွေကိုလည်း ဆေးကြောပစ်နိုင်တယ် တကယ့်စင်ကြယ်တဲ့ပုဂ္ဂိုလ်တွေ ဘဝကို ရသွားကြတယ်။

ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့ ဒီပုဂ္ဂိုလ်တွေ နောက်ဆုံးမှာ ကမ္ဘာကျော်လူသတ်သမားကြီးဖြစ်တဲ့ အင်္ဂုလိမာလ တို့ကိုပဲကြည့်ဦး။ အင်မတန် ဆိုးမိုက်နေတဲ့ ဘဝကြီးတစ်ခုလုံးကို ရပ်ဆိုင်းပစ်လိုက်ပြီး သူ့သန္တာန်မှာရှိတဲ့ လောဘတွေ ဒေါသတွေ မောဟတွေ၊ မာန်မာနတွေ အကုန်လုံးဆေးကြော စွန့်ပစ်နိုင်ခဲ့လို့ ရဟန္တာအရှင်မြတ်ကြီး ဖြစ်သွားရတယ်။ အဲဒါကိုပြောတာ၊ ရဟန္တာပုဂ္ဂိုလ်ဆိုတာ ကိုယ့်သန္တာန်မှာရှိတဲ့ ကိလေသာတွေကို

http://www.dhammadownload.com



ထုတ်ပစ်လိုက်တာ။

ထုတ်ပစ်လိုက်တဲ့အခါကျတော့ ဘာဖြစ်လဲဆိုတော့ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ **"တေ ပတ္တိ ပတ္တာ အမတံ ဝိဂယှ"**၊ **အမတံ** ဆိုတာ မသေရာ အမြိုက်နိဗ္ဗာန်ကို အာရုံယူပြီးတဲ့အခါမှာ ရောက်သင့်ရောက်ထိုက်တဲ့ အဆင့်တွေကို ရောက်ရှိသွားကြတယ် ဆိုတာ အင်မတန် အဆင့်မြင့်တဲ့ တရားထူးတရားမြတ်တွေကို ရကြတယ်လို့ ဒီလိုပြောတာနော်။

ဩော် ရှင်အင်္ဂုလိမာလတို့ကြည့် ဆိုးမိုက်နေတဲ့ဘဝကြီး တစ်ခုကနေ တကယ့်ကို လုံးဝစင်ကြယ်ပြီး ရသင့်ရထိုက်တဲ့ တရားထူးတရားမြတ်ကို အဆုံးတိုင်အောင် ရရှိသွားကြတယ်။

အဲဒီလို ရရှိသွားသည့်အတွက်ကြောင့် ဘယ်လိုအကျိုးတွေ ခံစားရသလဲဆိုရင် **"လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ"** မုဓာ ဆိုတာ အဲဒီလိုရသွားလို့ရှိရင် ရဟန္တာအရှင်မြတ်တွေဟာ ကိုယ်ရထားတဲ့ အရဟတ္တဖိုလ်ချမ်းသာကို ခံစားကြရတယ်။ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတယ်ဆိုတာ ဘယ်လိုခံစားတာလဲ၊ တွေးကြည့်ကြရအောင်။

အခုဘုန်းကြီးတို့တစ်တွေ မျက်စိကမြင်တဲ့ အာရုံ။ နားက ကြားတဲ့အာရုံ။ အကောင်းလည်း ကြားရတာပဲ၊ မကောင်းလည်း ကြားရတာပဲ။ ကြားပြီးတဲ့နောက် ကြားတဲ့နောက် လိုက်လို့ရှိရင် စိတ်ချမ်းသာစရာလည်း ရှိတာပဲ။ စိတ်မချမ်းသာစရာလည်း ရှိတာပဲ။ ထို့အတူပဲ နှာခေါင်းက အနံ့ရတာတို့၊ ခန္ဓာကိုယ်က ထိတွေ့တာတို့။ လျှာက လျက်ရတဲ့အာရုံ အပေါ်မှာ ကောင်းတာဆိုလို့

http://www.dhammadownload.com



ရှိရင် လောဘတွေဖြစ်တယ်။ မကောင်းတာဆိုလို့ရှိရင် ဒေါသဖြစ်တယ်ဆိုတဲ့ အနေအထားမျိုးတွေနဲ့ သွားနေကြတယ်။ ဘာမှမထိလို့ စိတ်ကတွေးနေလို့ရှိရင်လည်းပဲ အကောင်းအဆိုးနဲ့ ဒီလိုပဲ သွားနေကြတယ်။

ဩော် ရဟန္တာပုဂ္ဂိုလ်တွေ အရဟတ္တဖိုလ် သမာပတ်ဝင်စားပြီဆိုလို့ရှိရင် အဲဒီ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဆိုတာတွေနဲ့ ထိတွေ့တဲ့ အာရုံတွေကို စွန့်ပယ်လိုက်ပြီးတဲ့အခါမှာ ဝိပဿနာကျင့်စဉ်နဲ့ သင်္ခါရတရားတွေရဲ့ အပြစ်ကိုမြင်ပြီး နောက်ဆုံးမှာ နိဗ္ဗာန်ကိုအာရုံပြုနိုင်တဲ့ အရဟတ္တဖိုလ်စိတ်ပေါ်လာလိုက်တာနဲ့ တစ်ပြိုင်နက် သင်္ခါရတရားတွေလည်း ချုပ်ငြိမ်းနေတယ်။ ပူစရာ ပင်စရာဆိုတဲ့ ပူစေပင်စေတတ်တဲ့ ကိလေသာဆိုတာတွေလည်း တစ်ခုမှမရှိတဲ့ တကယ့်ကို အငြိမ်းဓာတ်ကို ရရှိပြီးတော့ ခံစားနေကြတယ်။ အဲဒီအချိန်လေးဟာ ဘယ်လောက် ကောင်းမလဲဆိုတာ စဉ်းစားကြည့်။

လောကမှာ စိတ်ညစ်နေတဲ့ လူတစ်ယောက် အိပ်မောကျသွားတဲ့ အချိန်ကလေးမှာ သူဘယ်လောက်ချမ်းသာမလဲဆိုတာ ကြည့်ပေါ့။ နိုးနေလို့ စိတ်ညစ်နေတတ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ အိပ်ပျော်သွားတဲ့ အချိန်လေးမှာ အားလုံးမေ့မသွားပေဘူးလား။ အေး ရဟန္တာပုဂ္ဂိုလ်တွေကျတော့ သမာပတ်ဝင်စားလိုက်ပြီ ဆိုလို့ရှိရင် စိတ်ရဲ့ ပူဆာညစ်နွမ်းနေတာတွေ တစ်ခုမှမရှိဘဲနဲ့ အငြိမ်းဓာတ်ကို ခံစားရတယ်။ အဲဒီလိုခံစားရတဲ့ အခါမှာ အကုန်အကျ တစ်ပြားသားမှ မရှိဘူးတဲ့။

http://www.dhammadownload.com



ဒါကြောင့်မို့လို့ "လဒ္ဓါ မုဓာ" မုဓာ၊ အခကြေးငွေ အကုန်အကျ မရှိဘဲနဲ့ "လဒ္ဓါ" ဒီ တရားထူး တရားမြတ်ကို ရပြီးတော့ "နိဗ္ဗုတိံ" တကယ် စိတ်ရဲ့ငြိမ်းချမ်းမှု အရသာကို "ဘုဉ္စမာနာ" ခံစားကြရတယ်။

ဆက်စပ်ပြီးတော့ကြည့်။ ဘုန်းကြီးတို့ အင်မတန် အလှမ်းဝေးသေးတယ် ဟုတ်ကဲ့လား။ အဲဒီလို အငြိမ်းဓာတ်ကို ခံစားပြီးတော့ နေနိုင်သလားဆိုတော့ မနေနိုင်ဘူး။ ကိုယ့်စိတ်ကိုက အမြဲတန်း ပူလောင်နေတယ်နော်။

သြော် ရဟန္တာပုဂ္ဂိုလ်တွေကျတော့ ဖလသမာပတ် ခံစားနေပြီ ဆိုလို့ရှိရင် စိတ်အာရုံဟာ နိဗ္ဗာန်မှာပဲ ရှိတယ်။ စိတ်က နိဗ္ဗာန်ကိုပဲ အာရုံပြုပြီးနေတော့ ဖြစ်ပျက်နေတဲ့ သင်္ခါရတရားတွေကလည်း ဝေးသွားတယ်။ အားလုံးမှာ စိတ်ဟာ အင်မတန်မှ ငြိမ်းပြီးတော့ နေတယ်။ အဲဒီလို ငြိမ်းနေတဲ့ အငြိမ်းဓာတ်လေးဟာ အကုန်အကျမရှိဘဲနဲ့ ရလာတာဖြစ်လို့ အင်မတန်မှငြိမ်းတဲ့ အငြိမ်းဓာတ်လေးပါတဲ့။

ဖလသမာပတ် ဝင်စားပြီးနေကြတဲ့ ရဟန္တာပုဂ္ဂိုလ်တွေရဲ့ ဂုဏ်အရည်အသွေးကို မြတ်စွာဘုရားက ထုတ်ဖေါ်ပြီးတော့ ပြောတာ။ "**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ**" ရဟန္တာပုဂ္ဂိုလ်လို့ ဆိုတဲ့ အရိယာသံဃာမှာ နှစ်သက်စရာကောင်းတဲ့ ဒီအချက် ဒီဂုဏ်ရည်တွေရှိနေတယ်။ အဲဒီ မှန်သောစကားကို ဆိုရသောကြောင့် "**ဧတေန သစ္စေန သုဝတ္ထိ ဟောတု**" သတ္တဝါတွေ ချမ်းသာကြပါစေလို့ ဒီလို သစ္စာဆိုတာနော်။

http://www.dhammadownload.com



အဲဒီလိုသစ္စာဆိုခြင်းဖြင့် ဘေးဆိုးကပ်ဆိုးတွေကနေ လွတ်မြောက်ပြီးတော့ သွားနိုင်တယ်။ တကယ့်အရိယာ သူတော်စဉ်တွေကို အာရုံပြုပြီးတော့ သစ္စာဆိုနည်းကို မြတ်စွာဘုရားကဟောတာ။

နောက်တစ်ခု မြတ်စွာဘုရားက ဟောတယ်။

**"ယထိန္ဒခိလော ပထဝိဿိတော သိယာ၊**
**စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော။**
**တထူပမံ သပ္ပုရိသံ ဝဒါမိ၊**
**ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။**
**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

ရတနသုတ်ကို မရသေးရင်လည်း ရအောင် ကျက်ထားဖို့ လိုတယ်နော်။ ကျက်ပြီးတော့ အဓိပ္ပါယ်လေးတွေကို နားလည်ဖို့ နားလည်ပြီးတော့ နေ့စဉ်ရွတ်ပြီး သစ္စာဆိုနေမယ်ဆိုရင် ဘေးရန်အန္တရာယ်တွေက လွန်မြောက်နေမှာပါ။

**"ယထိန္ဒခိလော ပထဝိဿိတော သိယာ၊**
**စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော"**

ဥပမာအနေနဲ့ပြောတာ။ **ပထဝိဿိတော** ဆိုတာ မြေကြီးထဲမှာတဲ့ အနက်ကြီး စိုက်ထားတယ်။ ရှေးတုန်းက ဒါလုပ်လေ့ရှိတယ်။ မြို့တံခါးတွေမှာ တံခါးတိုင်ကြီးတွေကို အနက်ကြီးတူးပြီး စိုက်ထားတယ်။ မြို့တံခါးကို ဖွင့်ပြီဆိုလို့ရှိရင် ဆင်တွေနဲ့ တိုက်ပြီး ဖွင့်တယ်နော်။ ဆင်နဲ့ ဘယ်လိုပဲ တိုးဝှေ့တိုးဝှေ့ အနက်ကြီး

http://www.dhammadownload.com



စိုက်ထားလို့ရှိရင် ဒီတိုင်ဟာ နှုတ်လို့မရဘူး။ အဲဒါကိုပြောတာ **ပထဝိသိတော**။ မြေကြီးထဲမှာ နက်နက်စိုက်ထားတဲ့ အဲဒီ **ဣန္ဒခိလ** လို့ဆိုတဲ့ တံခါးတိုင်ကြီးဟာ "**စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော**" အရက်လေးမျက်နှာက အရှေ့ဘက်က တိုက်တိုက်၊ တောင်ဘက်က တိုက်တိုက်၊ မြောက်ဘက်က တိုက်တိုက်၊ အနောက်ဘက်က တိုက်တိုက်၊ အရပ်လေးမျက်နှာ ဘယ်လေတွေတိုက်တိုက် အဲဒီခိုင်ခိုင်ကြီး စိုက်ထားတဲ့ တံခါးတိုင် တွေဟာ လုံးဝမယိမ်းယိုင်ဘူးတဲ့။

ဥပမာစကားအနေနဲ့ ပြောတာ။ အဲဒီတော့ **ဣန္ဒခိလ** ဆိုတာ နှစ်မျိုးရှိတယ်။ မြို့တံခါးတိုင်အနေနဲ့ စိုက်တာတစ်ခု။ မြို့အပြင်မှာ အလှအနေနဲ့ စိုက်တာတစ်ခုရှိတယ်။ အဲဒါကျတော့ အပေါ်မှာ ရှစ်တောင်မြင့်လို့ရှိရင် မြေကြီးထဲမှာလည်းရှစ်တောင် ရှိတယ်။ ၁၆-တောင်ရှိတယ်။ မြေကြီးထဲမှာလည်း ၈-တောင် အနက် အပေါ်မှာလည်းပဲ ၈-တောင် အမြင့်။ အဲဒီတော့ မြေဝင်က အင်မတန်မှ နက်တယ်ပေါ့။ အဲဒီလို အလှစိုက်ထားတဲ့ **ဣန္ဒခိလ** ဆိုတဲ့ ဒီတိုင်ငုတ်ကြီးတွေဟာလည်းပဲ ဘယ်လိုအား ကောင်းတဲ့ ဆင်ကြီးကနှုတ်နှုတ် မရနိုင်ဘူး။ ခိုင်မာတယ်လို့ ပြောတာ။ ဩော် လေလေးတိုက်ရုံနဲ့တော့ ဘယ်မှာရွေ့နိုင်မလဲ။ ဒါ ဥပမာအနေနဲ့ မြတ်စွာဘုရားက ဟောထားတာ။ အဲဒီ မြေကြီးထဲမှာ ခိုင်ခိုင်စိုက်ထားတဲ့ တံခါးတိုင်ကြီးဟာ အရပ် လေးမျက်နှာက ပြင်းပြင်းထန်ထန် မုန်တိုင်းတွေ လာသော် လည်းပဲ ထိုတံခါးတိုင်ကြီးတွေဟာ လှုပ်ရှားယိမ်းယိုင်ခြင်းမရှိသလို

http://www.dhammadownload.com



သူတော်ကောင်းတွေရဲ့ စိတ်ဓာတ်ဟာလည်း အဲဒီလောက် ခိုင်မာတယ်။

**"တထူပမံ သပ္ပုရိသံ ဝဒါမိ၊**

**ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ"**

မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ အရိယာအဖြစ်ကို ပြုတတ်တဲ့ **ဒုက္ခ သမုဒယ နိရောဓ မဂ္ဂ** လို့ဆိုတဲ့ ဒီသစ္စာလေးပါး ကို အသိဉာဏ်နဲ့ သိပြီးဖြစ်တဲ့ သောတာပန်ပုဂ္ဂိုလ်ကို အဓိက ရည်ရွယ်ပြီး ပြောတာ။ သစ္စာလေးပါးကို အသိဉာဏ်နဲ့ ပိုင်ပိုင် နိုင်နိုင် သိထားပြီးဖြစ်တဲ့ သောတာပန်ပုဂ္ဂိုလ်ဟာ စိတ်ဓာတ် ခိုင်မာသွားပြီး ယိမ်းယိုင်ခြင်း မရှိဘူး။ ပုထုဇဉ်တွေကျတော့ မခိုင်မာဘူးနော်။ ဟိုလူက လာဆွဲလိုက်ရင် ဟုတ်နိုးနိုးနဲ့ ပါသွား တယ်။ ဒီလူက လာဆွဲလိုက်ရင် ဟုတ်နိုးနိုးနဲ့ ပါသွားတယ်။

ဒီကနေ့ခေတ်မှာ ရှိတယ်။ ဗုဒ္ဓဘာသာလို့ အမည်ခံထား ပေမယ်လို့ ဆားလေးတစ်ထုပ်နဲ့လည်း ဒိပြင်ဘာသာ ကူးသွားတာ ရှိတယ်။ ပိုက်ဆံလေးတစ်သောင်း၊ နှစ်သောင်း ပေးလိုက်တာ နဲ့လည်း ဘာသာကူးသွားတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ မခိုင်မာဘူး ဆိုတာပြောတာ။ ယုံကြည်ချက်က အဲဒီလို မခိုင်မာတာဟာ မြန်မာလူမျိုးတွေထဲမှာကို ရှိတယ်။ စီးပွားရေးဖြစ်စေ၊ ဘာဖြစ်စေ တစ်ခုခုဆိုရင် ဘာသာပြောင်းသွားတာ။ ခိုင်မာမှု မရှိဘူး။ အေး ဘာမှ အကြီးအကျယ် ပေးစရာတောင် မလိုဘူးနော်။ အစက တည်းက **"မဆွတ်ခင်က ညွတ်ချင်တယ်"** ဆိုတာလိုပဲ လွယ်လွယ် ကလေးနဲ့ ဘာသာကူးပြောင်း သွားကြတာတွေရှိတယ်။ အဲဒါ

http://www.dhammadownload.com



တွေကခိုင်မာမှု မရှိလို့ ဒီလိုဖြစ်ရတာ။

ခုနကလို တံခါးတိုင်ကြီးဟာ မြေကြီးထဲမှာ ခိုင်ခိုင်မာမာ စိုက်ထားပြီ ဆိုလို့ရှိရင် ဆင်ကြီးတစ်ကောင်ရဲ့ နှာမောင်းနဲ့ပတ်ပြီး ဆွဲနှုတ်တောင်မှ ဒီတိုင်ဟာကျွတ်မှာ မဟုတ်ဘူး။ အရိယာပုဂ္ဂိုလ်တွေရဲ့ စိတ်ဓာတ်ဟာလည်း အဲဒီလိုခိုင်မာသွားပြီ။ ပုထုဇဉ်တွေရဲ့ စိတ်ဓာတ်ကျတော့ မခိုင်မာဘူးတဲ့၊ ယိမ်းယိုင်တယ်။ ဟိုဘာသာရေးဆရာက လာပြီးတော့ ဟိုဘာသာကောင်းတယ်ဆိုရင် ပါသွားပြန်ပြီ။ ဒီဘာသာရေးသမားက ကောင်းတယ်ဆိုရင် ပါသွားပြန်ပြီ။ တောင်တန်းဒေသတွေမှာ သွားကြည့်လို့ရှိရင် ဆားလေးတစ်ထုပ်နဲ့လည်း ဘာသာပြောင်းသွားတယ်။ ထမင်းလေးတစ်နပ်နဲ့လည်း ဘာသာပြောင်းသွားတာတွေ အများကြီးရှိတယ်ပေါ့။ အဲဒါ ဘာကိုပြသလဲဆိုရင် အသိဉာဏ်အနေနဲ့ ခိုင်မာမှု မရှိဘူးဆိုတာကို ပြောတာ။

သောတာပန်ဖြစ်သွားတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်လောက်အင်အားကောင်းတာတွေနဲ့ သွေးဆောင်ဖျားယောင်းပေမယ့် သောတာပန်ပုဂ္ဂိုလ်တွေရဲ့ စိတ်ဟာ ခိုင်မာသွားပြီ။ ကြည့်လေ **သူရမ္ဗဋ္ဌ** ဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ မြတ်စွာဘုရားက သူ့ကိုတရားဟောတယ်။ ဘုရားတရားနာရင်း သောတာပန်ဖြစ်သွားတယ်။ **'ယော အရိယ သစ္စာနိ အဝေစ္စ ပဿတိ'** သစ္စာလေးပါးသိသွားတယ်။ သောတာပန် ဖြစ်သွားတယ်။ သစ္စာလေးပါးကို သိသွားပြီး သောတာပန် ဖြစ်သွားတဲ့ပုဂ္ဂိုလ်။ မြတ်စွာဘုရားလည်း သူ့အိမ်ကနေ ပြန်ကြွသွားတယ်။

http://www.dhammadownload.com



မကြာခင်ပဲ မြတ်စွာဘုရားရဲ့သဏ္ဌာန် မာရ်နတ်ကဖန်ဆင်းပြီးတော့ သူ့အိမ်ကို ရောက်လာတယ်။ အဲဒီဇာတ်လမ်းလေးရှိတယ်။ ဘုရားက တရားဟောပြီး ပြန်ကြွသွားတယ်။ တစ်ခါဘုရားက အိမ်ကိုပြန်ကြွလာတဲ့ပုံစံ လုပ်တာပေါ့။ အိမ်ပေါ်ရောက်တော့ ဘုရားပြန်ကြွလာတယ်၊ ဘုရားကြွလာတယ်ဆိုတော့ "ဟာ အခုတင်ပဲ တရားဟောပြီးပြန်ကြွသွားတာ၊ ဘုရားဘာဖြစ်လို့ ပြန်ကြွလာသလဲ" ဆိုတော့ အဲဒီမှာ ဘုရားယောင်ဆောင်ထားတဲ့ မာရ်နတ်က ပြောတယ်။ "သူရမ္ဗဋ္ဌ ရေ ငါ ခုနကဟောထားခဲ့တဲ့ တရားမှားနေလို့ ငါအခု ပြင်ဟောချင်လို့ လာခဲ့တယ်"လို့ ပြောတယ်။ "ငါက အနိစ္စလို့ပြောခဲ့တယ်၊ တကယ်ကတော့ အနိစ္စ မဟုတ်ဘူး နိစ္စ။ ဒုက္ခလို့ ဟောခဲ့တာလည်း ဒုက္ခမဟုတ်ဘူး သုခ၊ ဒါကို ပြန်ပြီးတော့ ပြောချင်လို့ လာတယ်" ဒီနေရာမှာ သာမန်ပုဂ္ဂိုလ်ဆိုရင်တော့ ဘုရားကိုယ်တိုင် လာပြောနေတယ်လို့ သူ့စိတ်ထဲမှာ သိရှိပြီး ယိမ်းယိုင်သွားမှာပဲ။ သြော်သောတာပန်ပုဂ္ဂိုလ် ဖြစ်နေသည့်အတွက်ကြောင့် ခပ်တင်းတင်းပဲမေးလိုက်တယ်။ "ဘုရားဆိုတာ ဒီလို ဗလောင်းဗလဲ မပြောတတ်ဘူး။ အဲဒီတော့ ငါ့ဆီလာပြောနေတာ သင်ဘယ်သူလဲ" လို့မေးလိုက်တယ်။ အဲဒီတော့ မာရ်နတ်ကြီး ဖြစ်နေတာပေါ့။ မာရ်နတ်က ဘုရားယောင်ဆောင်ပြီးတော့ သူရမ္ဗဋ္ဌကို လာပြီးတော့ ဘုရားဟောသွားတဲ့တရားတွေ ယုံကြည်လက်ခံတာကို သူက ယုံကြည်လက်ခံမှု မရှိအောင် ဘာသာပြောင်းအောင် လာကြိုးစားတယ်ပေါ့။ အဲဒါ လုံးဝလက်မခံဘူး။ သူရမ္ဗဋ္ဌက

http://www.dhammadownload.com



ဘာပြောလိုက်လဲဆိုရင် "မာရ်နတ် သင်လို တစ်ယောက်ကနေ လာပြီး ငါ့ကို ဒီလိုပြောတာ မဆိုနဲ့၊ မာရ်နတ်ပေါင်း ရာထောင် လာပြောတောင်မှ ငါ့စိတ်ဟာ တုန်လှုပ်မှာ မဟုတ်တော့ဘူး။ ငါဟာ ခိုင်မြဲသွားတဲ့ပုဂ္ဂိုလ်ဖြစ်ပြီ"လို့ ပြောလိုက်တယ်။

အရိယာဖြစ်သွားပြီ ဆိုလို့ရှိရင် ဘာသာတရား တစ်ခု အပေါ်မှာ အဲဒီလို ခိုင်မာသွားပြီ။ အဲဒီလို ခိုင်မာတဲ့ အနေအထား ဟာ ပုထုဇဉ်တွေမှာ မရှိဘူးတဲ့။ အပြောကောင်းရင် ပါသွားဦး မှာပဲ။ ပစ္စည်းပေးရင်လည်း ပါသွားဦးမှာပဲ။ ဒါကြောင့်မို့ သောတာပန်ပုဂ္ဂိုလ်ရဲ့ အရည်အသွေးဟာ ခိုင်မာသွားပြီလို့ ဒီလို ပြောတာနော်။ သဒ္ဓါတရားဟာ ခိုင်မြဲသွားပြီ။ အဲဒီခိုင်မြဲသွားတဲ့ နှစ်သက်စရာ ရတနာဟာ အင်မတန်မှ တန်ဖိုးရှိလှပါတယ်။ ဒီမှန်သောသစ္စာစကားကို ဆိုရသောကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။ သောတာပန်ပုဂ္ဂိုလ်ရဲ့ အရည်အသွေးကို အာရုံပြုပြီးတော့ သစ္စာဆိုတဲ့စကား။

မြတ်စွာဘုရားရဲ့ ဒီဟောကြားချက်ကိုလည်းပဲ စကြာဝဠာ ကုဋေတစ်သိန်းမှာရှိတဲ့ နတ်တွေက လက်ခံထားပြီးပြီ။ ဒါကြောင့်မို့ လို့ ဒီဂါထာကို ရွတ်ဆိုလိုက်တာနဲ့ တစ်ပြိုင်နက်၊ ဒီသစ္စာစကားကို ဆိုလိုက်တာနဲ့ တစ်ပြိုင်နက်၊ စကြာဝဠာကုဋေတစ်သိန်းမှာရှိတဲ့ နတ်တွေအကုန်သိတယ်။ လူတွေအနေနဲ့သာ ဘုရားပရိနိဗ္ဗာန် စံသွားတာ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်တာ၊ တာဝတိံသာက နတ်တွေအနေနဲ့ဆို ၂၅-ရက်လောက်သာ ရှိသေးတယ်။ လတောင် မရှိသေးဘူး။ အဲဒီတော့ ဘုရားကို အနီးကပ် အမှတ်ရ

http://www.dhammadownload.com



နေတုန်း ရှိသေးတယ်။

အေး ကောင်းပြီ နောက်တစ်ခုကို မြတ်စွာဘုရားက ထပ်ပြီးတော့ ဟောပြန်တယ်။ အရိယာပုဂ္ဂိုလ်တွေနဲ့ ပတ်သက်ပြီး

**"ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊**
**ဂမ္ဘီရပညေန သုဒေသိတာနိ။**
**ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊**
**န တေ ဘဝံ အဋ္ဌမံ'မာဒိယန္တိ။**
**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။"**

သောတာပန်က (၃)မျိုး ရှိတယ်။ **ဧကဗီဇီ** ဆိုတာ ပဋိသန္ဓေမျိုးစေ့ တစ်ခုပဲ ရှိတယ်။ နောက်ထပ် တစ်ဘဝပဲကျန်တယ်။ တစ်ဘဝပြီးရင် နိဗ္ဗာန်ရောက်မယ်။ အဲဒီသောတာပန်က တစ်မျိုး။ **ကောလံကောလ** သောတာပန်ဆိုတာ အနည်းဆုံး (၂)ဘဝက နေပြီးတော့ (၆)ဘဝထိအောင် ဘဝတစ်ခုကနေ ဘဝတစ်ခု ကူးပြီးတော့မှ နိဗ္ဗာန်ဝင်စံမယ့်ပုဂ္ဂိုလ်။ နောက် **သတ္တက္ခတ္တုပရမ** သောတာပန်ဆိုတာ ဘဝမှာအလွန်ဆုံး (၇)ကြိမ် ထိအောင် ဖြစ်ပြီးတဲ့နောက်မှ နိဗ္ဗာန်ရောက်မယ့် ပုဂ္ဂိုလ်။ အဲဒီတော့ ဒီနေရာမှာ **သတ္တက္ခတ္တုပရမ** သောတာပန်၊ သူ့ဘဝဟာ အလွန်ဆုံး (၇)ဘဝ ရှိမယ်။

သောတာပန်ပုဂ္ဂိုလ်ရဲ့ အရည်အသွေးတွေနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရား ဒီဂါထာမှာဟောတာ။

**"ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊**

http://www.dhammadownload.com



ဂမ္ဘီရပညေန သုဒေသိတာနိ။"

ဂမ္ဘီရပညာ ဆိုတာ မြတ်စွာဘုရားကိုပြောတာ။ ဂမ္ဘီရပညာ ဆိုတာ အလွန်လေးနက်တဲ့ အသိဉာဏ်ရှိတဲ့ မြတ်စွာဘုရား။ မြတ်စွာဘုရားရဲ့ဉာဏ်က သာမန်အပေါ်ယံ ဉာဏ်မျိုးမဟုတ်ဘူး။ အလေးအနက် နက်နက်နဲနဲ ထိုးထွင်းသိနိုင်တဲ့ဉာဏ်မျိုး ဖြစ်လို့ ဂမ္ဘီရပညာ လို့ပြောတာနော်။ လေးနက်တဲ့ အသိဉာဏ်ရှိတဲ့ မြတ်စွာဘုရားက **"သုဒေသိတာနိ"** ကောင်းစွာဟောကြားအပ်တဲ့ **"အရိယသစ္စာနိ"** အရိယာသစ္စာတို့ကို **"ဝိဘာဝယန္တိ"** ထင်ထင်ရှားရှား သိအောင်၊ မိမိသန္တာန်မှာ ထင်ရှားလာအောင်၊ တည်ရှိအောင် ကြိုးစားထားကြတယ်။

မြတ်စွာဘုရား ဟောကြားထားတဲ့ သစ္စာတရားတွေ မိမိသန္တာန်မှာ ထင်ထင်ရှားရှား မျက်မှောက်ပြုထားတယ်လို့ ဒီလိုပြောတာနော်။ သစ္စာလေးပါးကို ပိုင်ပိုင်နိုင်နိုင် သိထားပြီလို့ ဆိုတယ်။ အဲဒီ သစ္စာလေးပါးကို ပိုင်ပိုင်နိုင်နိုင် သိထားတဲ့ ပုဂ္ဂိုလ်က ဘယ်သူလဲလို့ဆိုလို့ရှိရင် သောတာပန်ပုဂ္ဂိုလ်ပဲ။

ပုထုဇဉ်တွေက **သုတမယဉာဏ်** နဲ့တော့ သိကောင်း သိလိမ့်မယ်နော်။ **ဘာဝနာမယဉာဏ်** နဲ့ သစ္စာလေးပါးကို ပိုင်ပိုင်နိုင်နိုင်သိတာ မဟုတ်သေးဘူး။

အဲဒီလို သိထားတဲ့ သောတာပန် ပုဂ္ဂိုလ်တစ်ဦးဟာ **"ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ"** သံသရာထဲမှာ သားတွေ၊ သမီးတွေ၊ စီးပွားဥစ္စာတွေနဲ့ အလွန့်အလွန် ပျော်နေစေဦးတော့။ **"န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ"** (၈)ဘဝကို သူတို့ဘယ်တော့မှ

http://www.dhammadownload.com



မယူဘူးတဲ့။ (၈)ခုမြောက်ပဋိသန္ဓေ ဘယ်တော့မှ မယူဘူးဆိုတော့ (၇)ဘဝတင်ပဲ စခန်းသိမ်းလိမ့်မယ်ပေါ့။ (၈)ခုမြောက်ဘဝမှာ ပဋိသန္ဓေ မနေတော့ဘူး။ (၇)ဘဝနဲ့ပဲ ဘဝကို အဆုံးသတ်မယ့် ပုဂ္ဂိုလ်တွေ။ ဘယ်လောက်ပျော်နေနေ (၇)ဘဝထက် မကျော်တော့ဘူး၊ ဒါပြောတာနော်။

အဲဒါလည်းပဲ ထူးခြားတဲ့ အရည်အသွေးတစ်ခုပဲ။ သောတာပန်ပုဂ္ဂိုလ်တွေရဲ့ ဘဝဇာတ ကန့်သတ်ပြီးသား ဖြစ်သွားတယ်။

ဘဝကို ဘုန်းကြီးတို့တစ်တွေကသာ အကောင်းထင်တာကိုး။ မြတ်စွာဘုရားကတော့ ဘဝကို အမြဲတမ်းရှုတ်ချတယ်။ ဘဝကို အကောင်းလို့ မတွေးဘူး။ မြတ်စွာဘုရား ဥပမာပေးထားပြီး ဟောတယ်နော်။ မစင်အညစ်အကြေးဟာ များမှ နံတာမဟုတ်ဘူး။ နည်းနည်းလေးလည်း နံတာပဲ။ အနံ့ဆိုးတာခြင်း အတူတူပဲ။ ဘဝဟာလည်းပဲ ရှည်လျားတဲ့ ဘဝမှ မကောင်းတာ မဟုတ်ဘူး။ တိုတဲ့ဘဝလည်း မကောင်းဘူး။

ဘုန်းကြီးတို့က ဘဝကို အကောင်းထင်နေပေမယ်လို့ ဘဝတစ်ခုရထားတဲ့ပုဂ္ဂိုလ် ဘာတွေဖြစ်မလဲ။ တဖြည်းဖြည်း အိုလာတယ်၊ နာရတယ်၊ သေရတယ်။ အဲဒါတွေနဲ့ပဲ အဆုံးသတ်မှာ မဟုတ်လား။ ဘယ်သူ့ဘဝပဲဖြစ်ဖြစ် အိုခြင်း၊ နာခြင်း၊ သေခြင်းကနေ ကျော်လွှားသွားလို့ ရမလား။ (မရပါဘူးဘုရား) နောက်ဆုံး သေခြင်းနဲ့ အဆုံးသတ်မယ့်ဘဝဆိုတော့ ဘယ်ဘဝမှ ကောင်းတဲ့ ဘဝ မရှိဘူးနော်။

http://www.dhammadownload.com



အဲဒါကြောင့် ဘဝဟာ သာမန်အားဖြင့် စဉ်းစားကြည့် လိုက်မယ်ဆိုလို့ရှိရင် ဘယ်ဘဝမှ အဆုံးသတ် ကောင်းတာ မရှိဘူး။ ဘဝမှာ ရလိုက်တဲ့ ကုသိုလ်တို့ ဘာတို့သာလျှင် အမြတ်ပဲ။ ဘဝဆိုတာကတော့ ဘယ်တော့မှ ကောင်းတာ မရှိဘူးတဲ့။

သူတော်စင်တွေ သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားပြီဆိုရင် (၈)ခုမြောက်ဘဝကို သူတို့ မရယူတော့ဘူး။ အလွန်နဲ့ကို သံသရာထဲ ပျော်ဦးတော့ (၈)ခုမြောက်ဘဝထိ သူတို့ မနေတော့ဘူး။ (၇)ဘဝဟာ အလွန်ဆုံးပဲလို့ ဒီလိုဆိုလိုတာ။ အဲဒါကိုက သူတို့ရဲ့ ထူးခြားချက်ပဲတဲ့။ အဲဒီထူးခြားချက်ဟာ အင်မတန်မွန်မြတ်တဲ့ ရတနာတစ်မျိုး ဖြစ်တယ်။

"**ဧတေန သစ္စေန သုဝတ္ထိ ဟောတု**" ဒီမှန်ကန်တဲ့ စကားကို ဆိုရလို့ သတ္တဝါတွေ ချမ်းသာကြပါစေ။

သောတာပန်ပုဂ္ဂိုလ်ရဲ့ ဂုဏ်ရည်ကို မျှော်မှန်းပြီးတော့ သစ္စာစကားအနေနဲ့ ဒီဂါထာကဆိုတာနော်။ ဒီဂါထာလေးကို ရွတ်တိုင်းရွတ်တိုင်း သောတာပန်ပုဂ္ဂိုလ်ရဲ့ အရည်အသွေးတွေကို သဘောပေါက်ကြဖို့ လိုအပ်တယ်။

"လေးနက်တဲ့ ဉာဏ်ရှင်ဖြစ်တော်မူတဲ့ မြတ်စွာဘုရား ဟောကြားထားတဲ့ သစ္စာတရားတွေ မိမိသန္တာန်မှာ ထင်ရှားသိလာအောင် ကြိုးစားအားထုတ်ပြီးသား ပုဂ္ဂိုလ်တွေဟာ ဘယ်လိုပဲ ဘဝသံသရာထဲမှာ မေ့မောပျော်ပါးနေကာစေမူ (၈)ခုမြောက် ဘဝထိအောင် ဘယ်တော့မှ သံသရာထဲမှာ မနေကြပါဘူး။ ဒါဟာ သောတာပန်ပုဂ္ဂိုလ်ရဲ့ အရည်အသွေးတစ်ခုပဲ။ ဤမှန်သော

http://www.dhammadownload.com



စကားကို ဆိုရသောကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ" ဒီလို ဆိုတယ်။

နောက်တစ်ခါ သောတာပန်ပုဂ္ဂိုလ်နဲ့ ပတ်သက်ပြီးတော့ အရည်အချင်းတစ်ခုကို ပြောဦးမယ်။

"သဟာဝ'ဿ ဒဿနသမ္ပဒါယ၊
တယ'ဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။
စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။"

ဒီဂုဏ်ရည်ကိုလည်းပဲ စဉ်းစားပြီးတော့ကြည့်။

ဒဿနသမ္ပဒါ ဆိုတာ ဘာပြောတာတုန်းလို့ဆိုရင် သောတာပတ္တိမဂ်ဉာဏ်အမြင်နဲ့ ပြည့်စုံသွားတာ။ ဒဿန ဆိုတာ နိဗ္ဗာန်ကို မြင်တာကိုပြောတာ။ နိဗ္ဗာန်ဆိုတာ ဒီအတိုင်း မြင်လို့ မရဘူးနော်။ နိဗ္ဗာန်ကိုမြင်ချင်လို့ရှိရင် ဝိပဿနာ ကျင့်စဉ်ကို ကျင့်။ သင်္ခါရတရားတွေရဲ့ ကုန်ရာဆုံးရာ ချုပ်ရာ နိဗ္ဗာန်ကိုမြင်ဖို့ဆိုတာ သင်္ခါရတရားတွေရဲ့ အပြစ်ကိုမြင်ပြီးတော့မှ သင်္ခါရတရားတွေကို မုန်းပြီးတော့မှ သင်္ခါရတွေ ဆုံးသွားတဲ့ နိဗ္ဗာန်ကို မြင်တာနော်။ သောတာပတ္တိမဂ်ဉာဏ်ရမှ နိဗ္ဗာန်ကို မြင်နိုင်တယ်။

"ဒဿနသမ္ပဒါ" လို့ဆိုတဲ့ သောတာပတ္တိမဂ်ဉာဏ် ရလိုက်

http://www.dhammadownload.com



တာနဲ့ တစ်ပြိုင်နက် အဲဒီပုဂ္ဂိုလ်မှာ ဘာတွေဖယ်ရှားလိုက် နိုင်သလဲ ဆိုရင် **“တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ”** သောတာပတ္တိမဂ် ရလိုက်တာနဲ့တပြိုင်နက် နိဗ္ဗာန်ကို ပထမဆုံးမြင်တယ်။ (သို့မဟုတ်) သစ္စာလေးပါးကို ပထမဆုံးမြင်တယ်။ သောတာပတ္တိမဂ်ဉာဏ်လေး ရလိုက်တာနဲ့ တစ်ပြိုင်နက် သံသရာကပါလာတဲ့ တရားဆိုး (၃)မျိုး ကို ဖယ်ရှားပြီးသား ဖြစ်တယ်။

အဲဒါကဘာလဲဆိုရင် **သက္ကာယဒိဋ္ဌိ**၊ သက္ကာယဒိဋ္ဌိဆိုတာ တကယ်ရှိတဲ့ ခန္ဓာငါးပါးအပေါ် “မရှိတဲ့အတ္တနဲ့ အတ္တရဲ့ပိုင်ဆိုင်မှု” ဆိုတာတွေကို ယူစွဲတာ၊ မှားယွင်းတဲ့ အမြင်တွေပေ့ါ။ တကယ် ရှိတာက ခန္ဓာငါးပါး။ ခန္ဓာငါးပါးကို အတ္တလို့ထင်နေတဲ့အထင်၊ အတ္တဆိုတာက မရှိဘူး။ အဲဒီမရှိတဲ့ အထင်တွေ လွှမ်းမိုးခံနေတဲ့ အမြင်ဟာ **သက္ကာယဒိဋ္ဌိ** အမြင်ပဲပေ့ါ။ အဲဒီ **သက္ကာယဒိဋ္ဌိ** အမြင် ကိုလည်းပဲ ဖယ်ရှားပစ်နိုင်တယ်။

နောက် **ဝိစိကိစ္ဆာ**၊ ဘုရားတရားသံဃာရဲ့ ဂုဏ်ကျေးဇူး တွေ၊ မိမိကျင့်နေတဲ့ အကျင့်တရားတွေ (သို့မဟုတ်) မိမိဘဝနဲ့ ပတ်သက်ပြီးတော့ အတိတ်တုန်းက ငါဖြစ်ခဲ့သလား၊ နောင် ငါ ဖြစ်ဦးမှာလားစတဲ့ တွေးတော ယုံမှားမှုတွေ။ အဲဒီယုံမှားနေတဲ့ ဝိစိကိစ္ဆာတရားကိုလည်း ဖယ်ရှားပစ်နိုင်တယ်တဲ့။

**“သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ”** သီလ ဆိုတာ တိရစ္ဆာန် တစ်ကောင်ရဲ့ အလေ့အထကို **“သီလ”** လို့ ဒီနေရာမှာ ဆိုလိုတာ။ ဆိုပါစို့၊ ခွေးဆိုရင် ခွေးအလေ့အထ။ နွားဆိုရင် နွားရဲ့ အလေ့ အထ၊ ခွေးနွားဆိုတာ လူတွေနဲ့အင်မတန် နီးစပ်တယ်လေ။

http://www.dhammadownload.com



လူတွေ အားလုံးဟာ ခွေးနဲ့နွားတော့ သိနေကြတာပဲ။

အဲဒီတော့ နွားတစ်ကောင်ရဲ့ အလေ့အထ ဘယ်လိုရှိတုန်း၊ ပြောစရာတောင် မလိုဘူးနော်။ နွားက လေးဘက်ထောက် သွားတယ်၊ ရေဘယ်လို သောက်တယ်၊ အစာဘယ်လိုစားတယ်ဆိုတာ အားလုံးသိတယ်။ သူ့ရဲ့အလေ့အထတွေကို "သီလ" လို့ ခေါ်တယ်။

အဲဒီနွားရဲ့ အလေ့အထအတိုင်း လိုက်လုပ်ဖို့ ခံယူတဲ့ အကျင့်ကို **'ဝတ'** လို့ခေါ်တယ်။ ခွေးတစ်ကောင်ရဲ့ အပြုအမူက **'သီလ'**။ ခွေးတစ်ကောင်ရဲ့ အပြုအမူအတိုင်း လိုက်ပြီးတော့ လုပ်ဖို့ စိတ်ဆောက်တည်တာက **'ဝတ'**။

ဘာဖြစ်လို့ အဲဒီလိုလုပ်သတုန်းဆိုရင် ခွေးကျင့် နွားကျင့် ကျင့်လို့ရှိရင် ကိလေသာတွေ၊ ကံဟောင်းတွေ ဖယ်ရှားပစ်နိုင်တယ်ဆိုတဲ့ ယုံကြည်တယ်၊ သံသရာဝဋ်ကနေ လွတ်နိုင်တယ်ဆိုတဲ့ မှားယွင်းတဲ့ ယုံကြည်ချက်ကို **'သီလဗ္ဗတပရာမာသ ဒိဋ္ဌိ'** လို့ခေါ်တာပေါ့။ ဪ သောတာပန် ဖြစ်သွားလို့ရှိရင် ဟောဒီ တရား (၃)မျိုး လုံးဝဖယ်ရှားပစ်လိုက်ပြီ။

ခန္ဓာငါးပါးပေါ်မှာ မှားနေတဲ့အတ္တဆိုတဲ့ အတွေးလည်း ဖယ်ရှားနိုင်တယ်။ သံသယဆိုတာလည်း ဖယ်ရှားနိုင်တယ်။ ခွေးကျင့်၊ နွားကျင့်ဆိုတဲ့ မှားယွင်းတဲ့ အကျင့်တွေအပေါ်မှာ မှားယွင်းစွာ သုံးသပ်မှုဆိုတာလည်း သူ့သန္တာန်မှာ မရှိတော့ဘူး။

ဒါတင်မကဘူး **'ယဒတ္ထိကိဋ္ဌိ'** အပါယ်ကျစေနိုင်လောက်တဲ့ လောဘ သူ့မှာမရှိဘူး။ အပါယ်ကျစေနိုင်လောက်တဲ့ ဒေါသ သူ့မှာမရှိဘူး။ အပါယ်ကျစေနိုင်လောက်တဲ့ မောဟ သူ့မှာမရှိ

http://www.dhammadownload.com



တော့ဘူး။ ဒီလိုဆိုတာ '**ယဒတ္ထိ ကိဉ္စိ**' ဆိုတာ၊ ကျန်တဲ့ ကိလေသာတွေလည်း အများကြီး လျော့ပါးသွားတယ်လို့ ပြောတာ။

ဒါသောတာပန်၊ သောတာပတ္တိမဂ်ဉာဏ်ကလေးရဲ့ တန်ဖိုးဟာ ဘယ်လောက်ကြီးမားတယ်ဆိုတာ စဉ်းစားကြည့်ပေါ့နော်။ သူ့ရဲ့တန်ဖိုး အင်မတန်ကြီးမားသည့် အတွက်ကြောင့် အခုလို သံသရာက ပါလာတဲ့ စိတ်ရဲ့အညစ်အကျေးတွေ ဖယ်ရှားပစ်လိုက်နိုင်တယ်ဆိုတာ စွမ်းအားသတ္တိ အင်မတန်ကြီးတယ်လို့ ဒီလိုပြောရမှာပေါ့။

အဲဒီတရားတွေ ဖယ်ရှားနိုင်လို့ရှိရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရှိတာတုန်းဆိုရင် '**စတူဟပါယေဟိ စ ဝိပ္ပမုတ္တော**' အပါယ်တံခါး ပိတ်သွားပြီလို့ ဗမာတွေ ပြောလေ့ရှိတယ် မဟုတ်လား။ သောတာပန်ဖြစ်ရင် အပါယ်တံခါးပိတ်တယ်။ ဟော '**စတူဟပါယေဟိ စ ဝိပ္ပမုတ္တော**' အပါယ်လေးဘုံကနေ လုံးဝလွတ်သွားပြီ။ ဘယ်လိုမှ အပါယ်ကို ပြန်ကျဖို့ရန် သူ့မှာ ကံကိလေသာတွေ မရှိတော့ဘူး။ ဒီလိုဆိုတယ်။ ဒါကြောင့်မို့လို့ အပါယ်တံခါး ပိတ်သွားပြီ။

နောက်တစ်ခုက "**ဆစ္စာဘိဌာနနိ အဘဗ္ဗ ကာတုံ**" ဘုန်းကြီးတို့ ပုထုဇဉ်တွေမှာ ဆိုလို့ရှိရင် မလုပ်တာဆိုတာ မရှိဘူး၊ အကုန်လုပ်တယ်။ သောတာပန်ဖြစ်သွားလို့ရှိရင် မလုပ်တာတွေ အများကြီးရှိတယ်။ လုပ်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တာတွေပေါ့လေ။ '**အဘဗ္ဗ**' ဆိုတာ ကျူးလွန်မှုကိုပြုဖို့ ဘယ်တော့မှ မဖြစ်နိုင်တော့ဘူး။ အဲဒီလို မလုပ်တာတွေ ၆-မျိုး ၄-လီ ရှိတယ်။

http://www.dhammadownload.com



အဲဒါကို '**ဆစ္စာဘိဌာနနိ အဘဗ္ဗ ကာတုံ**' ဒီအရာဌာန (၆)မျိုးကို ဘယ်တော့မှ မလုပ်တော့ဘူး၊ မဖြစ်နိုင်တော့ဘူး။

အဲဒီ (၆)မျိုးကို မှတ်မယ်ဆိုလို့ရှိရင် သုတ် ၄-သုတ်က ထုတ်ထားတာ၊ မှတ်ဖို့တော့လိုတယ်။ အင်္ဂုတ္တရပါဠိတော်မှာ (၆)မျိုး ၄-လီ ပြထားတာ ရှိတယ်။ (၂၄)မျိုးပေါ့။

**ပဌမ (၆)ခု**

အဲဒါ နံပါတ်(၁)က ဘာတုန်းဆိုလို့ရှိရင် မြတ်စွာဘုရား အပေါ်မှာ မရှိမသေ မလေးစားလုပ်မှု **သတ္ထုအဂါရဝ**။ ဘုရားကို မရှိသေဘူးဆိုတာ ဘယ်လိုဟာမျိုးတုန်းဆိုရင် ကြည့်- **သတ္ထုအဂါရဝ** ဆိုတာ သက်တော်ထင်ရှားရှိတဲ့ ဘုရားကို (အခုအချိန်မှာ မရှိတော့လို့ထား) စေတီဘုရားပဲဖြစ်စေ၊ မိမိတို့ အိမ်မှာ ကိုးကွယ်တဲ့ ရုပ်ပွားတော်ရှေ့မှာဖြစ်စေ ကိုယ့်ယို့ကားယား နေမယ်၊ ကျောပေးနေမယ်ဆိုရင် **အဂါရဝ** လို့ခေါ်တယ်။ ဘုရားကို ကျောပေးနေမယ်၊ ဘုရားရှေ့မှာ ပြောချင်ရာတွေ ပြောမယ်၊ ကိုယ့်အိမ်မှာ ဆင်းတုတော် ကိုးကွယ်ထားတယ်၊ ဘုရားခန်းထဲဝင်ပြီးတော့ ပြောချင်ရာတွေ ပြောမယ်ဆိုရင် ဒါ အဂါရဝပေါ့။ သောတာပန်ပုဂ္ဂိုလ်ကျတော့ ဒါမျိုးမလုပ်တော့ဘူးတဲ့။ ပုထုဇဉ်တွေမှာ ဒါမျိုးဖြစ်သေးတယ်။ ဘုရားကျောင်းကန် တွေ သွားပြီးတော့ ဘုရားရုပ်ပွားတော်ရှေ့မှာ အိပ်ချင်လည်း အိပ်နေမယ်၊ ကျောပေးထိုင်ချင်လည်း ထိုင်နေမယ်၊ မဟုတ်တမ်း တရားတွေ ပြောချင်လည်း ပြောနေမယ်။ အကုန်လုပ်နေသေး တယ်။ ဒါ **သတ္ထုအဂါရဝ** လို့ခေါ်တယ်။ စေတီတော်ရောက်တဲ့

http://www.dhammadownload.com



အခါမှာလည်း စေတီနားမှာ နေပူလို့ဆိုပြီးတော့ စေတီတော်ကို ဦးမချဘဲနဲ့ ထီးဆောင်းသွားတယ်၊ ဒါလည်း အဂါရဝလို့ ခေါ်တယ်။ ဘုရားမြင်ရဲ့သားနဲ့ ဖိနပ်ကြီး စီးသွားနေတယ်။ ဒါလည်း အဂါရဝလို့ ခေါ်တယ်။ ဒါမျိုးတွေက ပုထုဇဉ်တွေမှာ ဖြစ်နေတုန်းပဲ။ သောတာပန်ကျတော့ ဒါမျိုးကို မလုပ်တော့ဘူးတဲ့။ ဒါ **အဂါရဝ**။

နံပါတ်(၂) **"ဓမ္မ အဂါရဝ"** ဆိုတာ တရားပွဲလာပြီးတော့ တရားနာရင်းကနေ ငိုက်နေမယ်၊ အိပ်နေမယ်ဆိုရင် ဒါ **ဓမ္မ အဂါရဝ** လို့ခေါ်တယ်။ တိုးတိုးနဲ့ လက်ကုတ်ပြီး စကားပြောနေရင် ဒါ "အဂါဝရ"လို့ခေါ်တယ်။ အာရုံစိုက်ပြီးတော့ တရားကိုမနာဘဲနဲ့ နေမယ်၊ ကျောပေးနေမယ်ဆိုရင် ဒါ **ဓမ္မ အဂါရဝ** လို့ခေါ်တယ်။ သောတာပန်ပုဂ္ဂိုလ်ကျတော့ ဒါမျိုးမလုပ်တော့ဘူး။

နံပါတ်(၃) **သံဃ အဂါရဝ** ဆိုတာ သံဃာနဲ့ပတ်ပြီး မရှိမသေ လုပ်တာ၊ မရှိမသေ ပြောတာ။ အဲဒါလည်းပဲ သောတာပန်ပုဂ္ဂိုလ်တွေက မလုပ်ဘူး။

နံပါတ်(၄) **"သိက္ခာ အဂါရဝ"** ကိုယ်ကျင့်ရမယ့် အကျင့် သိက္ခာပေါ်မှာ ကျူးလွန်ချင်ရင် ကျူးလွန်လိုက်တယ်။ ဖေါက်ဖျက် ချင်ရင် ဖေါက်ဖျက်လိုက်တယ်ဆိုတာ ကိုယ်ကျင့်တရားကို မလေးစား ဘူးပေါ့။ အဲဒီအဂါရဝဟာ ပုထုဇဉ်တွေမှာ ရှိသော်လည်းပဲ သောတာပန် ဖြစ်သွားပြီဆိုရင် မလုပ်တော့ဘူးလို့ ဆိုလိုတယ်။

နံပါတ်(၅) သူ့အနေနဲ့ ပုဂ္ဂိုလ်မြတ်တွေ၊ လောကမှာ လူတော် လူကောင်းတွေ မကျူးလွန်ထိုက်တဲ့ အရာမျိုးဆိုရင်

http://www.dhammadownload.com



သူဘယ်တော့မှ မကျူးလွန်တော့ဘူးတဲ့ ပုထုဇဉ်တွေကျတော့ ကျူးလွန်ကောင်း ကျူးလွန်လိမ့်မယ်တဲ့။

နံပါတ်(၆) က ဘာတုန်းဆိုရင် (၈)ခုမြောက်ဘဝမှာ ဘယ်တော့မှ ပဋိသန္ဓေ မနေဘူး။ အဲဒီ(၆)ခုဟာ **"ဆဋ္ဌာဘိဌာန"** ထဲက သောတာပန်တွေ မဖြစ်နိုင်တဲ့ ပထမ(၆)ခု ဒီလိုမှတ်ရမယ်။

**ဒုတိယ (၆)ခု**

နောက်သုတ္တန်တစ်ခုမှာ ဖော်ပြထားတယ်။

(၁) သောတာပန်ပုဂ္ဂိုလ်ဟာ သင်္ခါရတရားမှန်သမျှ ဘယ်သင်္ခါရတရားမှ နိစ္စလို့ မသတ်မှတ်တော့ဘူး။ အနိစ္စလို့ အကုန်လုံး ရှင်းရှင်းလင်းလင်းကြီး မြင်သွားပြီ။ နိစ္စလို့ ဘယ်တော့မှ မှားမှားယွင်းယွင်း မမြင်တော့ဘူး။

(၂) သင်္ခါရတရားမှန်သမျှကို သုခလို့ ဘယ်တော့မှ မမြင်ဘူး။ ပုထုဇဉ်တွေကျတော့ နိစ္စလို့လည်း မြင်သေးတယ်။ သုခလို့လည်း မြင်သေးတယ်နော်။ ဒုက္ခလို့ ထင်ချင်မှထင်မှာ။ မထင်လို့ ပျော်နေတာပေါ့နော်။ သုခလို့ ထင်နေကြတာကိုး။

(၃) သဘာဝတရားမှန်သမျှကို အနတ္တလို့မြင်တယ်။ အတ္တလို့ ဘယ်တော့မှ မမြင်ဘူး။ ဒါ မဖြစ်နိုင်တာ (၃)ခု။

(၄) **အနန္တရိယကံမျိုး** ဘယ်တော့မှ မကျူးလွန်တော့ဘူး။ အမေသတ်တာ၊ အဖေသတ်တာ စသည်ဖြင့် ဒီလိုပြစ်မှုမျိုးတွေ ဘယ်တော့မှ မကျူးလွန်တော့ဘူး။

(၅) **"ကောတုဟလမင်္ဂလံ န ပစ္စေတိ"** ကောတုဟလ မင်္ဂလာဆိုတာ အမြင်မင်္ဂလာ၊ အကြားမင်္ဂလာ အဲဒါတွေကို

http://www.dhammadownload.com



ယုံကြည်ပြီးတော့ လောကမှာ ကြီးပွားတိုးတက်နိုင်တယ်လို့ ယုံတာ။ ခုခေတ်မှာ ပိုများသေးတယ်နော်။ ကြာပန်းကို ဘုရားမတင်ရဘူး။ ကြာနေမှာ စိုးလို့တဲ့။ ပန်းသီး ဘုရားမတင်ရဘူး၊ ပင်ပန်းမှာ စိုးလို့တဲ့။ အသံစွဲတွေနဲ့ လိုက်ပြီးတော့ ယတြာတွေ။ အသံစွဲတွေနဲ့ လိုက်ပြီးတော့ နေတာဟာ ဒီ **ကောတုဟလမင်္ဂလာ**ပဲနော်။ ဒါကြောင့်မို့ အကြံအစည်အောင်လို့ အိမ်မှာ ကြံပင်စိုက်တာတို့ ဟုတ်လား။ ချက်ချင်းအကျိုးပေးချင်လို့ ချင်းပင်စိုက်တာတို့ ဒါတွေဟာ ကောတုဟလမင်္ဂလာတွေပဲ။ ဒါတွေက သောတာပန်ဖြစ်သွားရင် ဒါမျိုးတွေ ဘယ်တော့မှ မလုပ်တော့ဘူး။ ဒါတွေအပေါ်မှာ အယုံအကြည်လည်း မရှိတော့ဘူး။

ပုထုဇဉ်တွေကျတော့ အဲဒါမျိုးတွေ လုပ်တယ်တဲ့။ ယတြာတွေ ချေလိုချေနော်။ အမျိုးစုံတွေ လုပ်ကြတယ်။ ဟော သောတာပန် ဖြစ်သွားလို့ရှိရင် ဒါတွေကို မလုပ်တော့ဘူး။

(၆) ဗုဒ္ဓသာသနာတော်က အပြင်ပမှာ ဒါနကောင်းမှု ပြုဖို့ရာပုဂ္ဂိုလ် ဘယ်တော့မှ မရှာဘူး။ မြတ်သော အလှူခံပုဂ္ဂိုလ် ဆိုတာ အခြားသာသနာမှာ မရှာဘူး။ ဗုဒ္ဓသာသနာတွင်းမှာ ရှိတယ်လို့ ဆုံးဆုံးဖြတ်ဖြတ် သိသွားတယ်။ ဟော အားလုံးပေါင်း လိုက်တဲ့အခါကျ (၆)ခု၊ ဒုတိယ (၆)ခု လို့ခေါ်တယ်။

**တတိယ(၆)ခု**

တစ်ခါ တတိယ(၆)ခုကတော့ ဘာတုန်းဆိုလို့ရှိရင်

(၁) အမေသတ်မှုကိုလည်း ဘယ်တော့မှ မကျူးလွန်ဘူး။

(၂) အဖသတ်တဲ့ကံကိုလည်း ဘယ်တော့မှ မကျူးလွန်ဘူး။

http://www.dhammadownload.com



(၃) ရဟန္တာသတ်တဲ့ကံကိုလည်း ဘယ်တော့မှ မကျူးလွန်ဘူး။ (၄) မြတ်စွာဘုရားရဲ့ ခန္ဓာကိုယ်မှာသွေးခြေဉအောင် ဘယ်တော့မှ မလုပ်ဘူး။ (၅) သံဃာကို လည်းဘယ်တော့မှ မသင်းခွဲဘူးတဲ့။ ဒီပြစ်မှုတွေကို သူ မကျူးလွန်ဘူးလို့ ဆိုလိုတယ်နော်။ အဲဒီလို အနန္တရိယကံငါးပါး မကျူးလွန်ရုံမကဘူး ပြစ်မှားမိတဲ့ ကိစ္စမျိုးတွေကို တစ်ခုမှ မလုပ်တော့ဘူး။ ဒါက တတိယမြောက် ပယ်ထားတဲ့ အချက်တစ်ခုနော်။

**စတုတ္ထ (၆)ခု**

နောက်စတုတ္ထမြောက်ကျတော့ သူက အယူအဆတစ်ရပ်နဲ့ ဆိုင်သွားပြီ။ လောကမှာ ကြုံတွေ့ရတဲ့ သုခ ဒုက္ခ အဆင်ပြေတာ မပြေတာ၊ ချမ်းသာ ဆင်းရဲ လှူဘဝမှာ ရရှိလာတဲ့ဟာ ကိုယ်တိုင်လုပ်ခဲ့လို့ ဖြစ်တယ်ဆိုတဲ့၊ ကိုယ်ဆိုတာ ကိုယ့်ရဲ့အတ္တက လုပ်တယ်ဆိုတဲ့ အမိပ္ပါယ်ပေါ့။ ကိုယ်လုပ်လို့ ဖြစ်တာဆိုတဲ့ မှားယွင်းတဲ့ အယူအဆ။ ထာဝရဘုရား ဖန်ဆင်းတယ်ဆိုတဲ့ သူများလုပ်လို့ ဖြစ်တယ်ဆိုတဲ့ အယူအဆ။ အဲဒီအယူအဆတွေ တစ်ခုမှမရှိဘူး။ ဒါမိစ္ဆာတွေနဲ့ ပတ်သက်တဲ့ အယူအဆတစ်ခု။ နောက်တစ်ခါ ကိုယ်လုပ်တာလည်း မဟုတ်ဘူး။ သူလုပ်တာလဲ မဟုတ်ဘူး။ အကြောင်းမဲ့ သက်သက် ဖြစ်တယ်ဆိုတဲ့ အယူအဆ လည်းပဲ သူတို့မှာမရှိဘူး။ ဆိုလိုတာကတော့ မှန်ကန်တဲ့ အယူအဆ တစ်ခု ရှိသွားပြီလို့ ဒီလိုပြောတာနော်။ အဲဒီတော့ ကိုယ်လုပ်တာ လည်း မဟုတ်ဘူး။ သူလုပ်တာလည်း မဟုတ်ဘူး။ အကြောင်းမဲ့ ဖြစ်လာတာ မဟုတ်ဘူး။ သုခ ဒုက္ခ ဆိုင်ရာဆိုင်ရာအကြောင်း

http://www.dhammadownload.com



တရားတွေကြောင့်သာ ဖြစ်လာတယ်။ ဒီလို သောတာပန်ပုဂ္ဂိုလ်ဟာ အကြောင်းစစ် အကြောင်းမှန်တွေကို တွေ့မြင်ပြီး ဖြစ်သည့်အတွက်ကြောင့် အကြောင်းတု အကြောင်းယောင်တွေကို ဘယ်တော့မှ လက်ခံတာ မရှိတော့ဘူးတဲ့ ဒီလိုပြောတာ။ အဲဒါကိုဆိုလိုတယ် **"ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ"**။

ခြောက်ခုသော ဌာနတွေကို သူဟာဘယ်တော့မှ ကျူးလွန်ခြင်း မရှိတော့ဘူး။

**"ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ"** ဒါသောတာပန်ပုဂ္ဂိုလ်ရဲ့ ကြည်ညိုစရာ ကောင်းလှတဲ့အနှစ်သာရရှိတဲ့ ရတနာတစ်မျိုးပဲ။ အဲဒီလို နှုတ်ကနေဆိုလိုက်ရသဖြင့် **"ဧတေန သစ္စေန သုဝတ္ထိ ဟောတု"** သတ္တဝါတွေ ချမ်းသာကြပါစေလို့။ ဒီသစ္စာစကားကိုလည်းပဲ စကြာဝဠာ ကုဋေတစ်သိန်းမှာရှိတဲ့ နတ်တွေက အားလုံးဟာ ခံယူထားကြပြီးဖြစ်ပါတယ်။

ဟော နောက်တစ်ခုက ဘာတုန်းဆိုရင် . .

**"ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊**
**ကာယေန ဝါစာ ဥဒ စေတသာ ဝါ။**
**အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊**
**အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။**
**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု"**

သောတာပန်ပုဂ္ဂိုလ်ဟာ တစ်ခါတစ်ရံ ကိုယ်နဲ့ နှုတ်နဲ့ မဟုတ်တာလေးတွေ အမှတ်တမဲ့ လုပ်မိတာလေးတွေ ရှိတယ်။

http://www.dhammadownload.com



ဒါကဆိုးဆိုးဝါးဝါး ကြီးကိုပြောတာမဟုတ်ဘူး။ သူ့မှာ အကုသိုလ်ဖြစ်တာလေးတွေ နည်းနည်းရှိတယ်။ နှုတ်ကလည်း ပြောမိတာလေးတွေရှိမယ်၊ ကိုယ်ထိလက်ရောက် လုပ်မိတာလေးတွေလည်းရှိမယ်၊ အဲ့ဒီလို ရှိပေမယ့်လို့ စိတ်ထဲကလည်းပဲ ကြံစည်မိတာတွေရှိမယ်။ ဒါပေမယ့်လို့ မကောင်းတာလုပ်ပြီးရင် သူ့မှာ ဖုံးကွယ်ထားမယ်၊ လျှို့ဝှက်ထားမယ်ဆိုတဲ့ အတွေးလုံးဝမရှိဘူး။

ပုထုဇဉ်တွေကျတော့ မဟုတ်တာလုပ်တယ်။ လုပ်ပြီးရင်ဖုံးထားမယ်။ လူမသိစေနဲ့ဆိုပြီးတော့ ထားမယ်နော်။ မဟုတ်တာလုပ်ပြီး လူမသိစေနဲ့ လူသိမှာစိုးတယ်။ လူသိမှာစိုးရုံတင်မကဘူးမဟုတ်တာလုပ်ပြီးတော့ ဟုတ်တာလို့ထင်အောင် လုပ်သေးတယ်။ သြော် သောတာပန်ပုဂ္ဂိုလ်တွေကျတော့ ဖြစ်မှုတစ်ခုခုကျူးလွန်မိထားလို့ရှိရင် သူ့စိတ်ထဲမှာ ဘယ်တော့မှ ဖုံးမထားဘူးတဲ့၊ ဖွင့်ပြောတယ် ဆရာမိဘထံ ဖွင့်ပြောပြီးတော့ ဝန်ချတယ်၊ ဖွင့်ဟပြီးတော့ ပြောတယ် **"အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ"** သူလုပ်ထားတဲ့ ဖြစ်မှုကို ဘယ်တော့မှ ဖုံးကွယ်ထားတာမရှိဘူးတဲ့။

ဘာဖြစ်လို့ အဲဒီလိုမဖုံးကွယ်တာလည်း ဆိုလို့ရှိရင် **"အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ"** သူကနိဗ္ဗာန်ဆိုတဲ့ အစစ်အမှန်သဘာဝတရားကို မြင်ထားတယ်၊ သို့မဟုတ် သစ္စာလေးပါးကိုမြင်ထားပြီးပုဂ္ဂိုလ် ဖြစ်သည့်အတွက်ကြောင့် မဟုတ်တာလုပ်ပြီးတော့ ဖုံးကွယ်တယ်ဆိုတာ မရှိဘူး။

ပုထုဇဉ်တွေကျတော့ မဟုတ်တာလည်း လုပ်တယ်၊ ဖုံးလည်းဖုံးတယ်ပေါ့၊ နှစ်ထပ်ကွမ်းပေါ့နော်။ သောတာပန်ပုဂ္ဂိုလ်

http://www.dhammadownload.com



တွေ့ကျတော့ မတော်တဆ လုပ်မိတောင်မှပဲ ဘယ်တော့မှ မဖုံးဘူးတဲ့။ မဟုတ်တာလုပ်ရင် ဖွင့်ဟဝန်ခံပြီးတော့ နောက်ထပ်မဖြစ်အောင်ကြိုးစားတယ်တဲ့။ ဒါဟာလည်းပဲ သောတာပန်ပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ တွေ့နိုင်တဲ့ အင်မတန်နှစ်သက်စရာကောင်းတဲ့ ရတနာတစ်မျိုး ပဲဖြစ်တယ်။ **“ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတု”** ဒါကြောင့်မို့လို့ သတ္တဝါတွေ ချမ်းသာကြပါစေ။

သံဃာ့ဂုဏ်နဲ့ ပတ်သက်ပြီးတော့ အခုလို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ရတနသုတ်မှာ ဟောထားတာဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့ ကျက်မှတ် ရထားတဲ့ ရတနသုတ်ရဲ့ အဓိပ္ပါယ်ကို သိပြီးတော့ အရိယာသူတော်စင်တွေရဲ့ တကယ့်နှစ်သက်ဖွယ်ကောင်းတဲ့ ဂုဏ်ရည်တွေကို သိရှိကြည်ညိုပြီး အာရုံပြုပြီးတော့ သစ္စာစကားဆိုကြမယ်ဆိုရင် မိမိနဲ့ မိမိပတ်ဝန်းကျင်မှာကျရောက်နိုင်တဲ့ ဘေးရန်အန္တရာယ်တွေ သို့မဟုတ် ကျရောက်လာတဲ့ ဘေးရန်အန္တရာယ်တွေကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတော်ကို စကြာဝဠာကုဋေတစ်သိန်းက နတ်ပြဟ္မာတွေ ခံယူထားတာဖြစ်သည့်အတွက်ကြောင့် ဒို့တစ်တွေဟာ ယခုကဲ့သို့ သစ္စာဆိုခြင်းဖြင့် မိမိတို့သန္တာန်မှာ ဖြစ်စေ၊ မိမိတို့ရဲ့ ပတ်ဝန်းကျင်မှာဖြစ်စေ၊ ကမ္ဘာသူ ကမ္ဘာသားတွေအပေါ်မှာဖြစ်စေ ကျရောက်လာတဲ့ ဘေးရန်အန္တရာယ်တွေကို ဖယ်ရှားနိုင်မယ်လို့ ယုံကြည်ပြီး

http://www.dhammadownload.com



အရိယာသူမွန်တွေ ရရှိထားတဲ့ ဂုဏ်အရည်အသွေးမျိုးတို့တစ်တွေ ရရှိအောင် ကြိုးစားအားထုတ်ကြမယ်လို့ စိတ်ထဲမှာ ရည်မှန်းပြီး ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

ရတနသုတ်အနှစ်ချုပ် (အပိုင်း-၂) ပြီး၏။

http://www.dhammadownload.com

# ရတနသုတ်အနှစ်ချုပ်
## (အပိုင်း-၃)

**မှတ်တမ်း။** ။သာသာနာတော်နှစ် ၂၅၅၄ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၂ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၃)ရက်၊ အိမ်တော်ရာဘုရားဝင်း (၂၄)ခန်း ရတနာဃရ ဓမ္မဗိမာန် တော်ကြီးအတွင်းဝယ် ကျောင်းဒကာကြီး ဦးမျိုးတင့်အား ရည်စူး၍ ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မပူဇာ၊ ဓမ္မသဘင် အခမ်းအနား၌ ကျောင်းအမကြီး ဒေါ်တင်အေး (ဇာမဏီသက်န်းတိုက်) မိသားစု၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော **"ရတနသုတ်အနှစ်ချုပ်" အပိုင်း(၃)** တရားဒေသနာတော်။

ရတနသုတ်အနှစ်ချုပ် အပိုင်း(၁)နဲ့ အပိုင်း(၂) ကို မုံရွာမှာ ဟောခဲ့တယ်။ တစ်ညထဲမှာ ဒီသုတ် ပြီးအောင်မဟောနိုင်လို့ သုံးပိုင်းခွဲပြီး ဟောရတယ်၊ ဒီနေ့ညမှာတော့ ရတနသုတ်အနှစ်ချုပ် အပိုင်း(၃)ကို ဟောပါမယ်။ အားလုံးဆက်စပ်မိသွားတဲ့အခါ ရတနသုတ်ရဲ့ အဓိပ္ပါယ် ပြည့်ပြည့်စုံစုံ သိကြရမှာ ဖြစ်တယ်။

**"ရတနသုတ်"** ဆိုတာ မြန်မာလူမျိုးတွေနဲ့ ရင်းနှီးပြီးသား ဖြစ်တယ်။ ပရိတ်ကြီး (၁၁)သုတ်ထဲမှာ အပါအဝင်ဖြစ်တဲ့ ရတနသုတ်။ မြန်မာလူမျိုးတွေဟာ ပရိတ်တရားတော်ကို ရွတ်ဖတ် သရဇ္ဈာယ်လေ့ရှိကြတယ်။ မကြာမကြာလည်း ပရိတ်ပွဲများ

http://www.dhammadownload.com



ဆင်ယင်ကျင်းပလို့ ပရိတ်တရားတော်ကို နာယူကြတယ်။ အဲဒီ ရတနာသုတ်မှာ ပထမဆုံးဂါထာက ဘုရားရဲ့ဂုဏ်တော်ကို အာရုံပြုပြီးတော့ သစ္စာဆိုပုံကို ပြတယ်။ အေး တရားနဲ့ပတ်သက်ပြီး တော့ သစ္စာဆိုပုံ ပြတာက နှစ်ဂါထာ ရှိတယ်။ သံဃာဂုဏ်ကို အာရုံပြုပြီးတော့ သစ္စာဆိုပုံ ပြတာက ရှစ်ဂါထာ ရှိတယ်။ နောက်ဆုံးမှာ နိဂုံးချုပ်အနေနဲ့ သိကြားမင်းကြီးက ဝင်ပြီးတော့ သစ္စာဆိုတာက သုံးဂါထာ ရှိတယ်တဲ့။ အားလုံးပေါင်းလိုက်တော့ ရတနသုတ်မှာ အဓိကဂါထာ (၁၈)ဂါထာ ရှိတယ်ပေါ့။

ရတနသုတ် အနှစ်ချုပ် အပိုင်း(၁)၊ အပိုင်း(၂) တို့မှာ ဘုန်းကြီးတို့ ဟောထားပြီးပြီ။ အခု ဗုဒ္ဓဂုဏ်ကို အာရုံပြုပြီးတော့ သစ္စာဆိုပုံ ဂါထာနှစ်ပုဒ်နဲ့ သံဃာဂုဏ်ကို အာရုံပြုပြီးတော့ သစ္စာဆိုပုံဂါထာတစ်ပုဒ်၊ သိကြားမင်းကြီးက သစ္စာဆိုတဲ့ ဂါထာ သုံးပုဒ်အကြောင်းကို ရှင်းလင်းပြီးတော့ ဟောကြားပေးမယ်။

အဲဒီတော့ သစ္စာဆိုပုံလေးတွေက အင်မတန်မှ ရိုးရှင်း ပါတယ်။ မြတ်စွာဘုရားနဲ့ ပတ်သက်ပြီး သစ္စာဆိုပုံ တစ်ပုဒ်က-

**"ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊**
**ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။**
**တထူပမံ ဓမ္မဝရံ အဒေသယိ၊**
**နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။**
**ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။"**

ဒီဂါထာဟာ မြတ်စွာဘုရားဂုဏ်ကို အာရုံပြုပြီးတော့ ဆိုတဲ့

http://www.dhammadownload.com



သစ္စာစကားတစ်ခု။ ဘယ်လိုပဲဆိုဆို သစ္စာဆိုတယ်ဆိုတာ ကိုယ်သိတဲ့ ဘုရားဂုဏ်ကို အာရုံပြုပြီးတော့ သစ္စာဆိုလို့ရတယ်။ ဒါပေမယ့် မြတ်စွာဘုရားသင်ပေးပုံကတော့ ကြည့် . . .

"ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ"

ဆိုတာ ဥပမာလေးနဲ့ ပြောတာ။ "ဂိမှာန မာသေ" ဆိုတာ နွေကာလ၊ နွေရာသီက လေးလ ရှိတယ်။ တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို လို့ဆိုတဲ့ လေးလပေါ့။ အတိအကျပြောလို့ရှိရင် တပေါင်းလပြည့်ကျော် (၁)ရက်ကစပြီးတော့ ဝါဆိုလပြည့်နေ့ထိအောင် လေးလပေါ့။ အဲဒီ နွေလေးလမှာ ပထမဆုံးလဆိုတာ ဘယ်လလဲ ဆိုရင် တန်ခူးလ။ တန်ခူးလဟာ ပထမဆုံး နွေလလို့ဆိုပေမယ့် ရာသီဥတု မှန်ကန်တဲ့အချိန်မှာဆိုရင် 'တပေါင်းတန်ခူး မိုးသားကြူး' ဆိုတဲ့အတိုင်း ရံဖန်ရံခါ မိုးတိမ်လေးတွေ တက်လာပြီး မိုးရွာတတ် တယ်ပေါ့။

နွေဦးရာသီဖြစ်သည့်အတိုင်း တပေါင်းလမှာ သစ်ပင်တွေမှာ ရွက်ဟောင်းတွေကြွေပြီး ရွက်သစ်တွေ ဝေလာလို့ တန်ခူးလ ရောက်တဲ့အခါမှာ သစ်ပင်လေးတွေဟာ အဖူးလေးတွေ၊ အပွင့်လေးတွေနဲ့ ဖြစ်လာတယ်။ နွယ်ပင်လေးတွေကလည်းပဲ အထက်ကို အညွန့်ကလေးတွေ တက်လာတယ်။ ဒါကြောင့်မို့ အင်္ဂလိပ်လိုတော့ အဲဒါကို spring ရာသီလို့ခေါ်တယ်။ spring ဆိုတာ ဗမာတွေက "စပရိန်" ခေါ်တာပေါ့။ စပရိန်ဆိုတာ အားလုံးသိတဲ့ အတိုင်းပဲ spring ဆိုတာ ခွေခွေလေး အပေါ်တက်လာတာကို

http://www.dhammadownload.com



ပြောတာ။ အဲဒီရာသီမှာ အညွန့်လေးတွေက တက်လာတယ်။ အနွယ်လေးတွေကလည်း ကွေ့ကောက်ပြီးတက်လာလို့၊ ဒါကြောင့်မို့ spring ရာသီလို့ခေါ်တာ။

အဲဒီ နွေဦးရာသီမှာ တောသစ်ပင်တွေ ခြုံတွေကို ကြည့်လိုက်မယ်ဆိုရင် အို .. အဖူးလေးတွေ အညွန့်လေးတွေနဲ့ အင်မတန်မှ လှတယ်။ တောတန်းလေးတွေကို ကြည့်လိုက်ရင် အဖူးတွေ အပွင့်တွေနဲ့ အင်မတန်လှတယ်တဲ့။ ဒီရာသီဟာ အလွန်ကြည့်လို့ လှတယ်ပေါ့။ အဲဒါကို ဖွဲ့နွဲ့ထားတဲ့သဘော။ "ဝနပ္ပဂုမ္ဗေ ယထာ ဖုဿိတဂ္ဂေ"။ အဖျားမှာ အဖူးလေးတွေ အပွင့်လေးတွေနဲ့ တောအုပ်ကလေးတွေ၊ ဥယျာဉ်ထဲမှာ သို့မဟုတ် တောတန်းထဲမှာ အဲဒီ တန်းခူးလရာသီမှာ သစ်ပင်လေးတွေဟာ ရွက်နုတွေထိုးပြီးတော့ အဖူးတွေ အပွင့်တွေနဲ့ အလွန်လှတယ်တဲ့။ အလွန်ကျက်သရေ ရှိတယ်။ စုံလင်တယ်ပေါ့။

သစ်ပင်ဆိုတာ ဘာတွေရှိတုန်းဆိုရင် အကိုင်းရှိတယ်၊ အရွက်တွေ ရှိတယ်၊ အဖူး ရှိတယ်၊ အပွင့် ရှိတယ်၊ အသီးကင်းလေးတွေ ရှိတယ်ဆိုတော့ သစ်တစ်ပင်ရဲ့အလှဟာ အင်မတန်မှ ပြည့်စုံတယ်။ အဲဒီလိုအလှစုံလင်နေတဲ့ တောအုပ်တစ်ခွင်က သစ်ပင်တွေကို ကြည့်လိုက်လို့ရှိရင်၊ နှစ်သက်စရာ ကောင်းသလို ပဲတဲ့။

မြတ်စွာဘုရားသခင် ဟောတော်မူတဲ့ တရားဟာလည်းပဲ အဲဒီလို ကျက်သရေရှိတယ်၊ စုံလင်တယ်လို့ ဒီလို ပြောတာနော်။ မြတ်စွာဘုရားသခင် ဟောတဲ့တရားကို နားထောင်ကြည့်လိုက်မယ်

http://www.dhammadownload.com



ဆိုရင် ဒါနအကြောင်းလည်းပါမယ်၊ သီလအကြောင်းလည်းပါတယ်၊ နတ်ပြည်အကြောင်းလည်းပါတယ်၊ ကာမဂုဏ်အာရုံတွေရဲ့ အပြစ်လည်း ပါတယ်၊ ကာမဂုဏ်အာရုံတွေက ထွက်မြောက်ဖို့ နည်းလမ်းလည်း ပါတယ်ဆိုတော့ **"ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာအာဒီနဝကထာ၊ နေက္ခမ္မအာနိသံသကထာ"** လို့ဆိုတဲ့ ကထာငါးပါးနဲ့ ကြည့်လိုက်မယ်ဆိုရင် သစ်ပင်တစ်ပင်မှာ အရွက်ကလေးတွေ၊ အညွန့်ကလေးတွေ၊ အဖူးကလေးတွေ၊ အပွင့်ကလေးတွေနဲ့ စုံလင်သလိုပဲ မြတ်စွာဘုရားဟောထားတဲ့ တရားဟာ အလွန့်ကိုပြည့်စုံလို့ တောအုပ်ကြီးထဲမှာရှိတဲ့ သစ်ပင်ရဲ့ အညွန့်အဖျားကို ကြည့်ရလို့ ကျက်သရေရှိသလိုပဲတဲ့။

မြတ်စွာဘုရား ဟောထားတဲ့ တရားဟာ **"တထူပမံ ဓမ္မဝရံ အဒေသယိ"** အဲဒီလို ပြီးပြည့်စုံတဲ့ တရားကိုဟောတာ။ ဘာရည်ရွယ်ချက်နဲ့ ဟောတာတုန်းဆိုလို့ရှိရင်၊ အဲဒီပြီးပြည့်စုံတဲ့ တရားဟာ သတ္တဝါတွေအတွက် နိဗ္ဗာန်ထိအောင် ပို့ဆောင်ပေးမယ့် တရားချည်းပဲ။ ဘုရားဟောတဲ့တရားဟာ ဘယ်တရားပဲ ဖြစ်ဖြစ် သတ္တဝါတွေကို နိဗ္ဗာန်ထိအောင် ပို့ဆောင်ပေးနိုင်တဲ့ တရားတွေချည်းပဲ။

ဓမ္မစကြာတရားဟောလည်း နိဗ္ဗာန်ထိအောင် ပို့ဆောင်ပေးနိုင်တာပဲ။ အနတ္တလက္ခဏသုတ် ဟောလည်း နိဗ္ဗာန်ထိအောင် ပို့ဆောင်ပေးနိုင်တာပဲ။ အဲဒီလိုဟောတာဟာ ဘာအတွက် ဟောတာလည်း လို့ဆိုရင် မြတ်စွာဘုရားက **"ပရမံဟိတာယ"** **"ပရမ ဟိတ"**ဆိုတာ လူ့လောကမှာ အကောင်းဆုံး အကျိုး

http://www.dhammadownload.com



စီးပွားပဲ။ အဲဒါဘာလဲဆိုရင် မအိုရဘူး၊ မနာရဘူး၊ မသေရဘူး၊ အိုခြင်းနာခြင်း၊ သေခြင်းကနေ လွတ်ကင်းသွားတဲ့ ဆင်းရဲဒုက္ခ အားလုံးကနေ လွတ်ကင်းသွားတဲ့ နိဗ္ဗာန်ဟာ '**ပရမ ဟိတ**' ပေါ့။ လောကလူတွေဟာ နိဗ္ဗာန်မရမချင်း ကောင်းကျိုးချမ်းသာ ပြည့်ပြည့်ဝဝ ရကြမှာမဟုတ်ဘူး။

နိဗ္ဗာန်ရမှ ကောင်းကျိုးချမ်းသာတွေ ပြည့်ပြည့်ဝဝ ရကြမှာ။ အေး နိဗ္ဗာန်ရောက်ကြောင်းကို မြတ်စွာဘုရားက ပြည့်ပြည့်ဝဝ စုံစုံလင်လင် ဟောထားတာဟာ အလွန်ကြည်နူးဘွယ် ကောင်းပါ တယ်လို့ အဲဒီလိုတရားမျိုးကို ဟောတတ်တဲ့ မြတ်စွာဘုရားဟာ အလွန်ကို နှစ်သက်စရာကောင်းပါတယ်။ ရတနာတွေထဲမှာ နှစ်သက်စရာ အကောင်းဆုံး ရတနာဖြစ်တယ်။

"**ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ**"၊ ဒီလို ထူးခြားပြည့်စုံတဲ့ တရားကိုဟောနိုင်တဲ့ မြတ်စွာဘုရားဟာ ရတနာတွေထဲမှာ အလွန်နှစ်သက်စရာကောင်းတဲ့ အချက်တစ်ခုပဲလို့။ အေး . . . ဘုန်းကြီးတို့တစ်တွေ ဟောတဲ့အခါ မြတ်စွာဘုရားဟောသလို ပြီးပြည့်စုံတာ မဟုတ်ဘူး။ ဘုရားဟောတဲ့ အထဲကနေပြီးတော့ ကိုယ်သိသလောက်ယူပြီးတော့ ဟောကြရတာဆိုတော့ ဘုရား ဟောသလို ပြီးပြည့်စုံတာ မဖြစ်နိုင်ဘူး။ မြတ်စွာဘုရားကတော့ ပြီးပြည့်စုံစွာ ဟောတယ်တဲ့။ ဘယ်ဘက်ကမှ လိုလေသေး မရှိအောင် တရားတစ်ပုဒ်ကို ပြည့်စုံအောင် ဟောသွားတယ်။

ဒါကြောင့် ဒီလိုပြည့်စုံအောင် ဟောနိုင်တဲ့ တရားပိုင်ရှင် ဖြစ်တဲ့ မြတ်စွာဘုရားဟာ ရတနာတွေထဲမှာတော့ ထူးခြားတဲ့

http://www.dhammadownload.com



ရတနာ၊ နှစ်သက်စရာ အကောင်းဆုံးဖြစ်ပါတယ်။ ဒီစကားဟာ အလွန်မှန်တယ်။ ဒီမှန်သောစကားကို ဆိုရသောကြောင့် သတ္တဝါတွေ ချမ်းသာပါစေလို့ ဟောဒီလို သစ္စာဆိုတာ။

ဝေသာလီပြည်က လူတွေဟာ ကျန်းမာချမ်းသာမှုကို ရရှိသွားကြတယ်။ ဒီကနေ့ခေတ်မှာလည်းပဲ ဒီလိုသစ္စာဆိုမယ်ဆိုရင် ကျန်းမာချမ်းသာမှုကို ရနိုင်တယ်။ ယုံယုံကြည်ကြည်နဲ့ သစ္စာစွမ်းအားကို အသုံးချမယ် ဆိုလို့ရှိရင် ဘေးရန်အန္တရာယ်က လွတ်မြောက်နိုင်တာပဲ။

ဘာဖြစ်လို့တုန်းဆိုတော့ မြတ်စွာဘုရားဟောလိုက်တဲ့ ဒီတရားတော်ဟာ စကြာဝဠာ ကုဋေတစ်သိန်းမှာရှိတဲ့ နတ်တွေ လက်ခံကြတဲ့ တရားဖြစ်တယ်။ အဲဒီတော့ ဆိုလိုတာက ဒီဂါထာလေး တစ်ပုဒ်ကို ရွတ်ပြီးတော့ သစ္စာဆိုလိုက်လို့ရှိရင် ဒီဂါထာကို အသိအမှတ်ပြုတဲ့နယ်ဟာ ဘယ်လောက်ထိအောင် ကျယ်တုန်းဆိုရင် စကြာဝဠာကုဋေတစ်သိန်း ရှိတယ်လို့ဆိုလိုတယ်။ အဲဒီနတ်တွေအားလုံး မြတ်စွာဘုရားရဲ့ အမိန့်အာဏာကို လက်ခံထားပြီးသား ဖြစ်တယ်တဲ့။

ဒါကြောင့် အန္တရာယ်မကင်းမှာတော့ မပူလေနဲ့ပေါ့။ မြတ်စွာဘုရားရဲ့ အစွမ်းတန်ခိုးတွေ၊ မိမိရဲ့ သစ္စာစွမ်းအားတွေနဲ့ အခုလို သတ္တဝါတွေ ချမ်းသာကြပါစေဆိုတာ သစ္စာဆိုပြီးတော့ ဆုတောင်းလို့ရှိရင် ပြီးပြည့်စုံတယ်လို့ ဒီလိုအဓိပ္ပါယ်နဲ့ပြောတာ။

အဲဒီတော့ ဒီဂါထာလေးကို ရွတ်လိုက်တာနဲ့ တစ်ပြိုင်နက် ကိုယ့်စိတ်ထဲမှာ အာရုံထားဖို့ရာ "ဝနပ္ပဂုမ္ဗေ" ဆိုတာ အင်မတန်

http://www.dhammadownload.com



လှပတဲ့ တောတန်းကြီး၊ ချုံတွေ၊ တောချုံတွေ၊ ဥယျာဉ်ထဲက သစ်ပင်တွေ **“ယထ ဖုဿိတဂ္ဂေ”** အဖျားမှာ အဖူးတွေနဲ့ အပွင့်တွေနဲ့ အညွန့်တွေနဲ့ ဝေဆာနေတယ်။ **“ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ”**။ နွေရာသီမှာ၊ ပထမဆုံး တန်းခူးလမှာ သစ်ပင်တွေဟာ အလွန်လှတယ်တဲ့။ အဲဒီလို အလွန်လှသလို မြတ်စွာဘုရား ဟောတဲ့တရားကလည်း အလွန်ပြည့်စုံပြီးတော့ အလွန်ကျက်သရေရှိတယ်။ အဲဒီတရားမျိုးကို မြတ်စွာဘုရားက နိဗ္ဗာန်ချမ်းသာအတွက် နိဗ္ဗာန်ရောက်ကြောင်းတရားကို ဟောတာဖြစ်တယ်။ ဤမှန်သောစကားကို ဆိုရသောကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေလို့။ ဟောဒီထဲမှာ မှားတာတွေ တစ်ခုမှမပါဘူး။ ဘုရားနဲ့ပတ်သက်ပြီး ပြောတာဆိုတော့ လိုတောင်လိုနေဦးမယ်၊ မှားတာတစ်ခုမှ မပါဘူး။ မှန်တာတွေချည်းပဲ ပြောတာဖြစ်သောကြောင့် အဲဒါ စွမ်းအားရှိတဲ့ သစ္စာစကား ဖြစ်သွားတယ်။

ကဲ နောက်တစ်ခု သစ္စာဆိုပုံကို ထပ်ပြီးတော့ ပြတယ်။

**“ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊**
**အနုတ္တရော ဓမ္မဝရံ အဒေသယိ။”**

ဒါ သစ္စာဆိုပုံလေးကို ပြောတာ။ ဒါလည်းပဲ ဘုရားနဲ့ပတ်သက်ပြီးတော့ သစ္စာဆိုတာ။

**‘ဝရ’** ဆိုတာ အင်မတန် ထူးမြတ်တယ်။ သတ္တဝါတွေထက် မြတ်စွာဘုရားဟာ မြင့်မြတ်တယ်။ ဘာကြောင့် မြင့်မြတ်တာတုန်း ဆိုရင် သီလအားဖြင့်လည်း သာတဲ့ပုဂ္ဂိုလ် မရှိ၊ တူတဲ့ပုဂ္ဂိုလ် မရှိ၊ သာတဲ့ပုဂ္ဂိုလ်ဆို သာဝေး၊ သမာဓိပညာအားဖြင့်လည်း တူတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ် မရှိ၊ သာတဲ့ပုဂ္ဂိုလ် မရှိ။ အဲဒီတော့ လောကမှာ မြတ်စွာဘုရားဟာ အမြတ်ဆုံးဖြစ်လို့ **'ဝရ'**၊ ဘုရားကိုတွေ့ရတဲ့ ပုဂ္ဂိုလ်တိုင်းဟာ မြတ်စွာဘုရားကို မြတ်နိုးတောင့်တကြတယ်။ ချစ်ခင်ကြတယ်၊ ဒါကြောင့်မို့ **'ဝရ'**။

အဲဒီမြတ်စွာဘုရားဟာ **'ဝရညူ'** တဲ့။ သူသိတဲ့တရားကလည်း အလွန်ကို မြင့်မြတ်တဲ့တရား၊ နောက်ဆုံးမှာ သစ္စာလေးပါးတရားဆိုတာ အလွန်မြင့်မြတ်တယ်။ မဂ္ဂင်(၈)ပါးတရားဆိုတာ အလွန်မြင့်မြတ်တယ်။ နောက်ဆုံး နိဗ္ဗာန်ဆိုတဲ့ တရားဟာ အဆင့်အမြင့်ဆုံးတရား ဖြစ်တယ်။ အဲဒီ တရားတွေကို သိလို့ **"ဝရညူ"** လို့ခေါ်တာ။ အညံ့စားကို သိတာ မဟုတ်ဘူး၊ အကောင်းစား သိတာ။

သိပြီးတော့ ကိုယ်တစ်ယောက်တည်းသာ အကောင်းစားတွေကို ခံစားနေတာမဟုတ်ဘူး။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် **'ဝရဒေါ'** ကျွန်တဲ့ပုဂ္ဂိုလ်တွေကိုလည်း အဲဒီအမြတ်ရတနာတွေကို ပေးစွမ်းနိုင်ပါတယ်တဲ့။

ဟော ဘုရားရဲ့ဂုဏ်ရည်တွေ အမြတ်ဆုံး နိဗ္ဗာန်ဆိုတဲ့ တရားကို သိတယ်။ အဲဒီအမြတ်ဆုံးဆိုတဲ့ နိဗ္ဗာန်ကိုလည်း သတ္တဝါတွေကို ပေးကမ်းနိုင်တယ်တဲ့။ မြတ်စွာဘုရား ပေးလိုက်တဲ့ ပုဂ္ဂိုလ်တွေ နည်းတာမဟုတ်ဘူး။

ဘုရားလက်ထက်က အကျွတ်တရား ရသွားပြီးတော့ သံသရာဝဋ်က လွတ်သွားတဲ့ပုဂ္ဂိုလ်။ မြတ်စွာဘုရားပေးလို့ ရတာတွေချည်းပဲ။ ပထမဆုံး **ဓမ္မစကြာ** ဟောလိုက်တယ်၊

http://www.dhammadownload.com



ရှေးဦးစွာ **ရှင်ကောဏ္ဍညကြီး** သဘောပေါက်သွားတယ်၊ ထိုနောက်မှာ ဆက်ပြီးတော့ ဆုံးမဩဝါဒပေးတော့ **ပဉ္စဝဂ္ဂီငါးဦး** လုံးဟာ အကျွတ်တရား ရသွားတယ်။ **အနတ္တလက္ခဏသုတ်** ဟောလိုက်တဲ့အခါမှာ အားလုံးဟာ ကိလေသာ အာသဝေါ ကင်းစင်တဲ့ ရဟန္တာတွေ ဖြစ်သွားတယ်။

သူတို့ကို မြတ်စွာဘုရားက ဘာပေးလိုက်တာတုန်းဆိုရင် အမြတ်ဆုံးတရားနဲ့ အမြတ်ဆုံးနိဗ္ဗာန်ကို ပေးလိုက်တာပဲ။ လမ်းဆုံးရောက်သွားကြတာ အဲဒါကိုပြောတာ **'ဝရဒေါ'** ဆိုတာ။

နောက်တစ်ခါ **'ဝရာဟရော'** ဆိုတာ မြတ်စွာဘုရားဟာ သူယူလာတဲ့ လက်ဆောင်ဟာ ဘယ်လောက်တန်ဖိုးရှိတဲ့ လက်ဆောင်လဲ၊ လောကမှာလူတွေဟာ လက်ဆောင်တွေ ယူလာတတ်ကြတယ်၊ သယ်ဆောင်လာကြတယ်။ အဲဒီ သယ်ဆောင်လာတဲ့ပစ္စည်းက တစ်ခါတစ်ခါ တန်းဖိုးရှိချင်မှ ရှိမယ်။ မြတ်စွာဘုရား သယ်ဆောင်လာတဲ့ဟာကျတော့ ကြည့်-ဘာတွေ သယ်ဆောင်လာတုန်းဆိုရင် မြင့်မြတ်တဲ့ သစ္စာလေးပါးကို သယ်ဆောင်လာတယ်။ အင်မတန်မြင့်မြတ်တဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို သယ်ဆောင်လာတယ်။ အလွန် မြင့်မြတ်တဲ့ နိဗ္ဗာန်ဆိုတဲ့ အကျင့်တရားမြတ်ကို သယ်ဆောင်လာတယ်။ ဒါကြောင့်မို့ **'ဝရာဟရော'** အမြတ်ကိုယူလာတဲ့ ဘုရားလို့။

ဟော ဘုရားရဲ့ဂုဏ်တွေကို **ဣတိပိသောထဲ**မှာပါတဲ့ **'အရဟံ သမ္မာသမ္ဗုဒ္ဓေါ'** ဆိုတာတွေ မဟုတ်ဘဲနဲ့ ထူးခြားတဲ့ အရည်အသွေးတွေကို အာရုံပြုပြီးတော့ ဒီမှာ သစ္စာဆိုပုံကိုပြတာ။

http://www.dhammadownload.com



ဒါကြောင့် **'ဝရော'** သီလ၊ သမာဓိ၊ ပညာ အနေနဲ့လည်း အမြတ်ဆုံး ဖြစ်တယ်။ **'ဝရညူ'** အမြတ်ဆုံးတရားကို သိတယ်။ **'ဝရဒေါ'** သတ္တဝါတွေကို အမြတ်ဆုံးတရားကို အပ်နှင်းတယ်။ **'ဝရာဟရော'** အမြတ်ဆုံးတရားတွေကို သယ်ဆောင်လာတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ **'အနုတ္တရော'** ဆိုတာ သာတဲ့ပုဂ္ဂိုလ် မရှိဘူး။ အတုမဲ့ပုဂ္ဂိုလ် ဖြစ်တယ်။ အဲဒီ အတုမဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန် ရောက်ကြောင်းတရားကို ဟောတယ်။ အဲဒီလို နိဗ္ဗာန်ရောက် ကြောင်းတရားကို ဟောပြီးတော့ နိဗ္ဗာန်ဆုကြီးကိုပေးတဲ့ မြတ်စွာ ဘုရားဟာ အင်မတန်မှ နှစ်သက်စရာကောင်းတဲ့ ရတနာတစ်မျိုး ဖြစ်ပါတယ်။ ဒီမှန်သောစကားကို ဆိုရသောကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေလို့။ ဘုရားကို အာရုံပြုပြီးတော့ သစ္စာဆိုတာ။

ဒီထဲမှာလည်းပဲ အမှားအယွင်း တစ်ခုမှမရှိသည့်အတွက် ကြောင့်၊ မှန်ကန်သောစကား ဖြစ်သည့်အတွက်ကြောင့် စွမ်းအား သတ္တိတွေ အင်မတန်မှ ပြည့်ဝတယ်လို့ပြောတာ။ ဒါ နေ့စဉ် နဲ့အမျှ ရွတ်ဖတ်တဲ့အခါ ဒါတွေကို အာရုံပြုပြီးတော့ ကိုယ့်ကို သစ္စာဆိုနေတယ်ဆိုတဲ့ အနေအထားနဲ့ သစ္စာဆိုသင့်တယ်ပေါ့။

အဲဒီလို သစ္စာဆိုမယ်ဆိုရင် ကိုယ့်သန္တာန်မှာ စွဲကပ်နေတဲ့ ရောဂါဝေဒနာတွေလည်း၊ ပျောက်ကင်းမယ့် ရောဂါဝေဒနာတွေ ဆိုရင်လည်း ပျောက်သွားမှာပေါ့။ အေး သက်သာစရာ အကြောင်း တွေ ရှိလာလို့ ရှိရင်လည်း သက်သာသွားမှာပေါ့။

ရောဂါဝေဒနာဆိုတာ ကုစားလို့ ရတာရှိတယ်။ ကုစားလို့ မရတာ ရှိတယ်ပေါ့။ ကုစားလို့ရတာတွေကျတော့ သက်သာ

http://www.dhammadownload.com



ပျောက်ကင်း သွားနိုင်တယ်ပေ့ါ။

ကဲ ကောင်းပြီ နောက်ဆုံးဂါထာတစ်ပုဒ်က သံဃာဂုဏ်နဲ့ ပတ်သက်တယ်။ ရဟန္တာရဲ့ ဂုဏ်အရည်အချင်းနဲ့ ပတ်သက်ပြီး တော့ သစ္စာဆိုပုံကိုပြတာ။

**"ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊**
**ဝိရတ္တစိတ္တာ'ယတိကေ ဘဝသ္မိံ။**
**တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ၊**
**နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ ။**
**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။"**

ရဟန္တာပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လည်းဆိုတာ ဟောဒီ ဂါထာမှာ ထင်ထင်ရှားရှား ပြတယ်။ ရဟန္တာဖြစ်သွားတယ်ဆိုတာ ဘယ်လိုဟာလဲ၊ ရဟန္တာဖြစ်သွားတဲ့ပုဂ္ဂိုလ်ရဲ့ အနေအထား ဘယ်လိုလဲဆိုတာ ဟောဒီဂါထာမှာ ရှင်းရှင်းလင်းလင်း ပြတယ်။

တခြားသုတ္တန်တွေမှာလည်း ရဟန္တာအကြောင်းတွေ ဟောထားတာ ရှိတယ်။ အေး ဒီမှာဟောထားတာ ရဟန္တာ အကြောင်းကတော့ ကြည့် **"ခီဏံ ပုရာဏံ"**ရဟန္တာဆိုတဲ့ ပုဂ္ဂိုလ်မှာ **'ပုရာဏံခီဏံ'** အတိတ်ကံတွေကို ကုန်သွားပြီးတဲ့။ ဒီအတိတ်ကံ တွေ ကုန်သွားတယ်ဆိုတာ ဘာကိုပြောတာတုန်းဆိုရင် တကယ်တော့ ကံဆိုတာ ကုန်သွားတာ မဟုတ်ဘူး၊ ကိလေသာတွေ ကုန်သွား တာကို ပြောတာ၊ **"ကိလေသ နိရောဓေ ကမ္မ နိရောဓော"**တဲ့ ကိလေသာချုပ်ငြိမ်းသွားလို့ ကံတရားဟာ ချုပ်ငြိမ်းသွားတာ။

http://www.dhammadownload.com



ဆိုလိုတာက ကံဆိုတဲ့ မျိုးစေ့တွေ ရဟန္တာ ပုဂ္ဂိုလ်မှာရှိတယ်။ သို့သော် ကိလေသာကုန်သွားသည့် အတွက်ကြောင့် တဏှာဆိုတဲ့ ကိလေသာ အဖေါ် သဟဲ မရှိတော့ ကံတရားတွေက အကျိုးပေး လို့ မရဘူး။

ပဋိစ္စသမုပ္ပါဒ်ကိုကြည့်။ ကံနဲ့ကိလေသာ ပေါင်းပြီးတော့မှ အကျိုးတစ်ခုကို ထုတ်လို့ရတယ်။ ကံချည်းသက်သက် အကျိုး မထုတ်နိုင်ဘူး။ ဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ်မှာ **"အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ"** လို့ ဒီလိုဟောထားတာနော်။ အဝိဇ္ဇာဆိုတာ ကိလေသာ၊ သင်္ခါရဆိုတာ ကံ၊ ကံနဲ့ ကိလေသာ နှစ်ခုပေါင်းတဲ့အခါကျတော့မှ **ဝိညာဏ** ဆိုတဲ့ အကျိုးတရား တစ်ခုကို ထုတ်လုပ်တာ။

အဲဒီတော့ ရဟန္တာပုဂ္ဂိုလ်တွေမှာ **အဝိဇ္ဇာ**ဆိုတဲ့ ကိလေသာ ကုန်သွားတယ်။ ကုန်သွားသည့်အတွက်ကြောင့် သင်္ခါရဆိုတဲ့ ကံတရားက အကျိုးပေးလို့ မရတော့ဘူး။ အဲဒီအဓိပ္ပါယ်ကို ရည်ညွှန်းပြီးတော့ ကံဟောင်းတွေ ကုန်သွားပြီလို့ ပြောတာ။

ရဟန္တာပုဂ္ဂိုလ်တွေမှာ ကံဟောင်းတွေ ကုန်သွားပြီလို့ ပြောလို့ရှိရင် ရှင်မောဂ္ဂလာန်မထေရ်မြတ် ဘာဖြစ်လို့ သူခိုး သတ်တာ ခံရတုန်းလို့ ဒီလိုမေးလာလိမ့်မယ်၊ ဟုတ်ကဲ့လား။ ကံဟောင်းတွေ ကျန်မနေဘူးလားဆိုရင် ကျန်နေတယ်။ ကုန်တယ် ဆိုတာ ဘယ်လိုကံမျိုးတုန်းဆိုရင်၊ ဘဝတစ်ခုကို တည်ဆောက် ပေးနိုင်တဲ့ ကံမျိုးမရှိတော့ဘူး။ ဒီလိုဆိုလိုတာ။ အတိက်က လိုက်လာတဲ့ ကံတွေကတော့ ရှိနေဦးမှာပဲ၊ Online ဖြစ်နေ

http://www.dhammadownload.com



တာလေ။ အတိတ်ဘဝကလုပ်တဲ့အကုသိုလ်ကံတွေက မြတ်စွာဘုရားကိုလည်း လာနှိပ်စက်တာပဲလေ။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် ကြည့် နာဠာဂိရိဆင်နဲ့ အတိုက်ခံရတယ်နော်။ စိဉ္စမာနနဲ့ အစွပ်စွဲခံခဲ့ရတယ်။ သုန္ဒရီနဲ့ အစွပ်စွဲခံခဲ့ရတယ်။ ဟောဒီပြဿနာတွေဟာ အတိတ်တုန်းက လုပ်ခဲ့တဲ့ အကုသိုလ် ကံရဲ့ ဝဋ်ကြွေးလို့ ဒီလိုဆိုတာကိုး။ အဲဒီတော့ ကံတရားက ခန္ဓာရှိနေသမျှ ကာလပတ်လုံး ရှိနေဦးမယ်။

သို့သော် ဘုရား၊ ရဟန္တာမှာ စုတိရဲ့ဟိုဘက် ခန္ဓာမရှိသည့်အတွက်ကြောင့် စုတိဟိုဘက်ကို ဒုက္ခလိုက်ပေးနိုင်တဲ့ ကံဆိုတာမရှိနိုင်တော့ဘူးတဲ့။ ဘာဖြစ်လို့ မရှိတာလဲဆိုရင် ကိလေသာတွေကုန်သွားလို့ စွမ်းအားတွေ လျော့ကျသွားတယ်။ ဘာနဲ့ဥပမာတူတုန်းဆိုရင် ဘုရား ရဟန္တာ သန္တာန်မှာရှိတဲ့ ကံတွေဟာ ဖျက်ဆီးခံလိုက်ရတဲ့မျိုးစေ့နဲ့ အလားတူတယ်။ မျိုးစေ့တစ်ခုဟာ အပင်ပေါက်နိုင်တဲ့နေရာ ထိခိုက်နစ်နာသွားမယ် သို့မဟုတ် မီးလောင်ကျွမ်းသွားမယ်ဆိုရင် အပင်မပေါက်နိုင်ဘူး။

ထို့အတူပဲ ကိလေသာကို ဖယ်လိုက်တာနဲ့ တပြိုင်နက် ကံတရားဟာ ဘဝတစ်ခုကို ထုတ်လုပ်နိုင်စွမ်း မရှိတော့ဘူး။ အဲသလို ထုတ်လုပ်နိုင်တဲ့ စွမ်းအားရှိတဲ့ ကံတွေမရှိတော့တာကို ရည်ရွယ်ပြီးတော့ **“ခီဏံ ပုရာဏံ”**အတိတ်ကံတွေကုန်သွားပြီလို့ ဒီလိုပြောတာနော်။

ရဟန္တာဖြစ်သွားပြီဆိုရင် အဲဒီလို နောင်ဘဝလိုက်ပြီး အကျိုးပေးမယ့်ကံမျိုး မရှိတော့ဘူးလို့ ပြောတာ။ သို့သော် ဒီခန္ဓာ

http://www.dhammadownload.com



ရှိနေလို့ ကမ္ဘဝင်မှု ရှိနေတဲ့အချိန်မှာ လာဦးမှာ။ ကမ္ဘဝင်မှုက တတ်နိုင်သမျှတော့ ဒုက္ခကပေးဦးမှာပဲ။ အကုသိုလ်ရှိခဲ့ရင် ကံက ရှင်မောဂ္ဂလာန်ကို နောက်ဆုံး ဒုက္ခပေးသွားတာပဲလေ။ သို့သော် ပရိနိဗ္ဗာနစုတိရဲ့ ဟိုဘက်အထိ လိုက်နိုင်လားဆိုတော့ မလိုက် နိုင်ဘူး။ တဏှာဆိုတဲ့ အစေးကုန်သွားသည့် အတွက်ကြောင့် ရဟန္တာတွေမှာ အတိတ်ကံတွေ ကုန်သွားပြီလို့ ပြောတာ။

နောက်တစ်ခါ '**နဝနတ္ထိ သမ္ဘဝံ**' 'နဝ'ဆိုတာ ကံအသစ်၊ "**နတ္ထိသမ္ဘဝံ**" ဖြစ်နိုင်ခြင်း မရှိတော့ဘူး။ ကံအသစ်ကတော့ မဖြစ် တော့ဘူးတဲ့၊ ဘာဖြစ်လို့ မဖြစ်တာတုန်းဆိုရင် အဝိဇ္ဇာတဏှာဆိုတဲ့ ကိလေသာတွေကို ဖယ်ရှားထားပြီးသား ဖြစ်သောကြောင့်ပဲ။

ဥပမာ ဘာနဲ့တူတုန်းဆိုရင် သစ်ပင်ကြီးတစ်ပင်ဟာ အဖူး တွေ၊ အပွင့်တွေ ရှိနေလင့်ကစား အဲဒီသစ်ပင်ရဲ့ ရေသောက်မြစ် ကို ဖြတ်လိုက်မယ် ဆိုလို့ရှိရင် အဲဒီ အပွင့်တွေက အသီး သီးနိုင် ပါဦးမလား။ မသီးနိုင်တော့ဘူး။ အဲဒါလိုပဲ ရဟန္တာပုဂ္ဂိုလ်တွေမှာ အမြစ်ပြတ်သွားတဲ့ သစ်ပင်ရဲ့ အပွင့်တွေနဲ့ အလားတူတယ်။ သူတို့သန္တာန်မှာလုပ်တဲ့ အကုသိုလ်တွေဟာ အကျိုးမပေးနိုင်တော့ ဘူး။

ရဟန္တာတွေလည်းပဲ ကံတော့လုပ်နေတာပဲလေ၊ ရှင်သာရိ ပုတ္တရာက တရားဟောတယ်နော်။ ဆွမ်းခံပြီး မမာမကျန်းဖြစ်တဲ့ ပုဂ္ဂိုလ်တွေကို ကျွေးမွေးတယ်။ ဒါကုသိုလ်လုပ်တာပဲ၊ ဘုရားလည်း ရှိခိုးတာပဲ တရားဟောတယ်၊ ဒါတွေဟာ ကုသိုလ်ပဲပေါ့။ သို့သော် ရဟန္တာသန္တာန်မှာဖြစ်တဲ့ ကုသိုလ်ကို ကိလေသာ မရှိတော့သည့်

http://www.dhammadownload.com



အတွက်ကြောင့် ကုသိုလ်ဆိုတဲ့ နာမည်နဲ့မသုံးတော့ဘဲ **"ကြိယာ"** လို့ခေါ်လိုက်တာ။

**ကြိယာ**ဆိုတာ action တစ်ခုလုပ်ရုံ လုပ်တယ်လို့ ဆိုတယ်။ ကိစ္စတစ်ခု ဆောင်ရွက်မှု တစ်ခုပဲ။ သို့သော် ဒီဆောင်ရွက်မှုသည် ကောင်းကျိုးချမ်းသာကို နောင်ဘဝတစ်ခုမှာ ပေးနိုင်တဲ့ အစွမ်း မရှိတော့ဘူး။ ဒီဘဝတော့ ပေးမှာပေါ့၊ ဒီဘဝတော့ ပေးနိုင်တဲ့ စွမ်းရည်သတ္တိ ရှိသေးတာပဲပေါ့၊ နောင်ဘဝတော့ မပေးနိုင်တော့ဘူး။ ဒီလိုဆိုလိုတယ်။ အဲဒါကိုပြောတာ **"နတ္ထိသမ္ဘဝ"** လို့၊ ကံအသစ်ဆိုတာ ဖြစ်ပေါ်လာခြင်းကို မရှိတော့ဘူးတဲ့။

ကံတရားတွေလုပ်တာပဲ။ တရားဟောတယ်။ ဒါ **ဓမ္မ ဒေသနာကုသိုလ်** ပဲပေါ့။ ဘုရားကို ရှိခိုးတယ်၊ ဝေယျာဝစ္စတွေ လုပ်တယ်၊ ဒါတွေဟာ ကံတရားတွေပဲ၊ ကုသိုလ်တွေ လုပ်နေတာ ပဲ။ ရှင်သာရိပုတ္တရာလည်း လုပ်တာပဲ၊ ရှင်မောဂ္ဂလာန်လည်း လုပ်တာပဲ၊ ရဟန္တာတွေလည်း လုပ်တာပဲ။ အဲဒီလိုလုပ်သမျှ ကုသိုလ်တွေဟာ အကျိုးမပေးနိုင်တော့သည့်အတွက် **"ကြိယာ"**။ ပြုလုပ်ရုံသက်သက်မျှသာ၊ "ဆောင်ရွက်လုပ်ကိုင်ခြင်းမျှသာ" ဖြစ်တယ်လို့ ဒီလို ပြောတာနော်။ **"ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ"**၊ အဟောင်းကုန်ပြီး အသစ်လည်း မလာတော့ဘူးတဲ့။

**"ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ"** "အာယတိကဘဝ" ဆိုတာ နောင်ဘဝ၊ အဲဒီ နောင်ဘဝကို လိုချင်တဲ့၊ တွယ်တာတဲ့ တဏှာဆိုတာ လုံးဝမရှိတော့ဘူး၊ နောင်ဘဝအတွက် မျှော်လင့် ခြင်းတဏှာ မရှိတော့ဘူး၊ တွယ်တာမှုတဏှာ မရှိတော့ဘူး။

http://www.dhammadownload.com



**"တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ"** သူတို့မှာ ဘဝမျိုးစေ့တွေ ကုန်သွားပြီ၊ နောင်ဘဝမှာ ဘဝမျိုးစေ့ဆိုတာ မရှိတော့ဘူး။ ဘုန်းကြီးတို့တစ်တွေမှာ ဘဝမျိုးစေ့ဆိုတာ အပြည့်အဝရှိနေသေးတယ်။ အေး . . . ကံဆိုတဲ့ မျိုးစေ့လို့လည်း ပြောလေ့ရှိတယ်။ အဲဒီ ကံဖန်တီးပေးလိုက်တဲ့ ဝိညာဏ်ဆိုတဲ့ မျိုးစေ့လည်း ရှိတယ်ပေါ့။

မြတ်စွာဘုရားက **အင်္ဂုတ္တရနိကာယ် ဘဝသုတ္တန်**မှာ ဟောထားတဲ့ ဥပမာလေးရှိတယ်။ **'ကမ္မံ ခေတ္တံ၊ ဝိညာဏံ ဗီဇံ၊ တဏှာသ္နေဟော'** လို့ ဥပမာပေးထားတာ။ ဘဝတစ်ခုကို သွားပြီဆိုလို့ရှိရင်၊ အဲဒီဘဝမှာ ပဋိသန္ဓေဆိုတဲ့ မျိုးစေ့လေး ကျတာ။ ဘယ်မှာကျတုန်းဆိုရင် ကံပေါ်မှာ ကျတာ။ ဘာဖြစ်လို့တုန်း၊ အဲဒီမှာ ကံရဲ့စွမ်းအားနဲ့ ပဋိသန္ဓေမျိုးစေ့ ကျရတာဖြစ်သောကြောင့် ကံသည် မြေလွှာသဖွယ် ဖြစ်ပါတယ်။ ဒါကြောင့်မို့ **"ကမ္မံ ခေတ္တံ"** လို့သုံးတာ။ ကံရဲ့အရှိန်နဲ့ ကံရှိလို့ဖြစ်ရတာ ဖြစ်သောကြောင့် ကံဆိုတဲ့ မြေလွှာ ရှိသောကြောင့် ဝိညာဏ်ဆိုတဲ့ မျိုးစေ့လေး ပေါ်ပေါက်ရတယ်။

အဲဒါကြောင့်မို့ အဲဒီသုတ္တန်မှာ မြတ်စွာဘုရားက ဘဝဆိုတာနဲ့ ပတ်သက်ပြီးတော့ ရှင်းပြထားတယ်။ **"ကမ္မံ ခေတ္တံ"** ကံတရားဟာ မြေလွှာပဲတဲ့။ **"ဝိညာဏံ ဗီဇံ"** ကံတရားကြောင့် ဖြစ်လာတဲ့ သန္ဓေစိတ်ကလေးဟာ မျိုးစေ့ပဲတဲ့။ အဲဒီ မျိုးစေ့လေးဟာ အပင်ပေါက်ဖို့အတွက် **"တဏှာ သ္နေဟော"** တွယ်တာမှုဆိုတဲ့ တဏှာရာဂသည် အရည်အစေးပဲလို့ ဒီလိုဟောတာ။

http://www.dhammadownload.com



ဟော သဘာဝကိုကြည့်မယ်ဆိုလို့ရှိရင်လည်း မြေရှိမှရမယ်၊ ရေရှိမှရမယ်၊ ဒါမှ မျိုးစေ့ပေါက်မှာပေါ့။ မြေမရှိ၊ ရေမရှိဘဲ မျိုးစေ့လေးချည်းထားရင် မပေါက်ဘူး။ မြေနဲ့ ရေနဲ့ ပေါင်းမှ ပေါက်တယ်။ အဲဒါလိုပဲ ဝိညာဏ်ဆိုတဲ့ မျိုးစေ့လေးဟာ ကံဆိုတဲ့ မြေလွှာရှိရမယ်၊ တဏှာဆိုတဲ့ မျိုးစေ့ရှိရမယ်တဲ့။ ကံနဲ့ကိလေသာ နှစ်ခုပေါင်းပြီးတော့ ထုတ်လုပ်တယ်ဆိုတဲ့ အဓိပ္ပါယ်ကို ပြောတာ ပဲ။

အေး . . . ရဟန္တာဖြစ်သွားပြီဆိုရင် **'ခီဏဗီဇာ'** မျိုးစေ့တွေ မရှိတော့ဘူး၊ ကုန်သွားပြီ၊ နောက်ထပ်ပေါက်စရာ မရှိတော့ဘူး။ သူ့ဘဝမှာ **"အဝိရူဠှိ ဆန္ဒာ"** ဖြစ်ချင်တဲ့ ဆန္ဒတွေလည်း ကုန်ခမ်း သွားပြီတဲ့။ ရဟန္တာဘဝဟာ ရထားတဲ့ ဘဝတစ်ခု အဆုံးသတ် သွားတာနဲ့ တစ်ပြိုင်နက် ဘယ်ရောက်သွားတယ်လို့ ပြောလို့ မရဘူး။ **"နိဗ္ဗန္တိ ဓီရာ"** ငြိမ်းသွားတယ်လို့ပဲ ပြောရမယ်။

ဥပမာ ဖရောင်းတိုင်မီးလေး၊ ဆီမီးလေး ငြိမ်းသွားသလိုပဲ၊ **"ယထာယံ ပဒီပေါ"**တဲ့။ စဉ်းစားကြည့်၊ ဆီမီးလေးတစ်ခု ထွန်းထားတယ်၊ ထွန်းထားတဲ့အချိန်မှာ ဆီလည်းကုန်သွားတယ်၊ မီးဇာလည်း ကုန်သွားတယ်ဆိုရင်၊ ဒီမီးလေး ငြိမ်းသွားတယ်၊ အထောက်အပံ့ အကြောင်းတရားတွေ ကုန်လို့ ငြိမ်းသွားတယ်။ ဒါဖြင့် ဒီမီးလေး ဘယ်ရောက်သွားတုန်းလို့ ပြောလို့ရလား၊ မရဘူး လား။ ငြိမ်းသွားတာလို့ပဲ ပြောရမှာပဲ။ ငြိမ်းသွားတာဟာ ငြိမ်းသွားတယ်လို့ပဲ ပြောရမယ်။

အဲဒီတော့ ရဟန္တာပုဂ္ဂိုလ်တွေကလည်း ဒီလိုပဲ အကြောင်း

http://www.dhammadownload.com



တရားတွေ ကုန်သွားသည့်အတွက်ကြောင့် သူတို့ဘဝတစ်ခု ရုပ်နာမ်ခန္ဓာတွေ ငြိမ်းသွားတာကို **"နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ"**။ ဘယ်ရောက် သွားတယ်လို့ ပြောလို့မရဘူး။ အဲဒီ ငြိမ်းသွားတာကိုပဲ အရပ်စကားအနေနဲ့ ပြောတာ၊ နိဗ္ဗာန်စံဝင်သွား တယ်ဆိုတော့ နိဗ္ဗာန်ဟာ ဘုံဗိမာန်ကြီးလိုလို ဘာလိုလို တွေးထင် ကြတယ်။ ဒါ တင်စားပြောတဲ့ စကား၊ Metaphorical term ဖြစ်တယ်။ တင်စားပြောမှ တချို့ကလည်း နားလည်တာကိုး။ တင်စားပြောမှ နားလည်သလိုပဲ တစ်ခါတစ်ခါ တင်စားပြော တာကိုပဲ အဟုတ်မှတ်လို့ရှိရင်လည်း ဘုံဗိမာန်ကြီးလို သွားထင် တတ်တယ်။

အဲဒါကြောင့် ရဟန္တာပုဂ္ဂိုလ်ဆိုတာ အဲဒီလိုဟာမျိုး၊ အခု ဒီဂါထာမှာ ပြထားတဲ့အတိုင်း ဝဋ်သုံးပါးဆိုတာ အားလုံးသိကြတဲ့ အတိုင်း ဝဋ်သုံးပါးမှာ ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်။ အဲဒီဝဋ်သုံးပါး တစ်ခုစီကို ဖြုတ်သွားပုံကိုကြည့်။ အကျဉ်းချုပ် ပြောမယ်ဆိုရင် "ကိလေသဝဋ်ဆိုတာ လိုချင်တာကို ပြောတာ၊ ကမ္မဝဋ်ဆိုတာ လိုချင်တော့ လုပ်တာ"။ လူတွေက လိုချင်တယ်၊ လိုချင်ရင် ဘာလုပ်လည်း ရအောင်လုပ်တယ်၊ ရအောင်လုပ်တော့ ရတယ်။ ဟော- လိုချင်တာက ကိလေသဝဋ်၊ ရအောင်လုပ် တာက ကမ္မဝဋ်၊ "ရတာက ဝိပါကဝဋ်။"

ရလာတဲ့အခါ ရပ်သွားလားဆိုတော့ မရပ်ဘူး၊ ရလာလို့ ရှိရင် လိုချင်ပြန်တယ်၊ လုပ်ပြန်တယ်၊ ရပြန်တယ်၊ "ဝဋ်လည်တယ်" ဆိုတာ အဲဒါပြောတာနော်။ လူတွေက ဝဋ်လည်တယ်ဆိုတာ

http://www.dhammadownload.com



မသိဘူး။ သူများ မဟုတ်တာလုပ်ရင် ကိုယ်ခံရတာ၊ ဒါပဲ ဝဋ်လည်တယ် ပြောနေတာ။ ဝဋ်လည်တယ်ဆိုတာ ဒါပြောတာ။ ကိလေသာရှိရင် ကမ္မဝဋ် လာလိမ့်မယ်၊ ကမ္မဝဋ်ရှိရင် ဝိပါကဝဋ်လာလိမ့်မယ်။ ဒီလိုလည်ပတ်နေတာကို ပြောတာနော်။

ကဲကောင်းပြီ အဲဒီလည်ပတ်နေတဲ့ ဝဋ်တွေ သုံးခုရှိတဲ့ အထဲမယ် ရဟန္တာဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေက ဘာကို ဖယ်လိုက်တာတုန်းဆိုတော့ ကိလေသဝဋ်ကို ဖယ်လိုက်တာ၊ ဘာကျန်တုန်းဆိုရင် ကမ္မဝဋ်နဲ့ ဝိပါကဝဋ် ကျန်တယ်ပေါ့။ အဲဒီကမ္မဝဋ် ကျန်တယ်ဆိုတာ ဘဝတစ်ခု တည်ဆောက်နိုင်တဲ့ စွမ်းရည်သတ္တိမရှိတော့ဘူး။ ကိလေသာဝဋ်ဆိုတဲ့ အခန်းတစ်ခု ပျက်စီးသွားပြီ။ အခန်းသုံးခုထဲမယ် ကိလေသာဝဋ်ဆိုတဲ့ အခန်းတစ်ခန်း ပျက်စီးသွားသည့်အတွက်ကြောင့် ကမ္မဝဋ်ဆိုတာ သိပ်ပြီးတော့ စွမ်းဆောင်နိုင်မှု မရှိတော့ဘူးပေါ့။ အဲဒါကြောင့် **“ကိလေသနီရောဓေ ကမ္မနိရောဓေါ”**တဲ့။ ကိလေသာ ကုန်သွားရင် ကံကုန်သွားတယ်။ အဲဒီတော့ ဘာကျန်နေတုန်းဆိုရင် ဝိပါကဝဋ်တစ်ခုကျန်နေတယ်။ ကံကိလေသာပေါင်းပြီးထုတ်ထားတဲ့ အကျိုးတစ်ခုကျန်နေတယ်။

ဆိုပါစို့ မြတ်စွာဘုရားကိုကြည့်လိုက်၊ ဘုရားအလောင်းတော်ဟာ တရားဓမ္မကျင့်ကြံကြိုးကုတ် အားထုတ်တယ်၊ အဲဒီလိုကျင့်ကြံကြိုးကုတ် အားထုတ်တဲ့အခါမှာ ကဆုန်လပြည့်နေ့မှာ ဗုဒ္ဓဂယာ မဟာဗောဓိပင်အောက် တရားထူးတရားမြတ်ကို ရလိုက်တယ်။ တရားထူးတရားမြတ် ရလိုက်တဲ့အခါ ကိလေသဝဋ်

http://www.dhammadownload.com



ကုန်သွားတယ်။ ကိလေသဝဋ်ကို ဖျက်ဆီးလိုက်နိုင်သည့်အတွက်ကြောင့် ကမ္မဝဋ်ဆိုတာလည်း စွမ်းဆောင်နိုင်မှု မရှိတော့ဘူး၊ ဟော ဖျက်ဆီးလိုက်တာက ကိလေသာ၊ ထိခိုက်သွားတာက ကမ္မဝဋ်က ထိခိုက်သွားတယ်ပေါ့။ ဘာကျန်နေတုန်းဆိုတော့ ကံနဲ့ကိလေသာ ပေါင်းထုတ်ထားတဲ့ ဝိပါကဝဋ်ကြီး ကျန်နေတယ်။

အဲဒီတော့ ဗုဒ္ဓဂယာ မဟာဗောဓိပင်အောက်မှာ ရလိုက်တဲ့ နိဗ္ဗာန်ဟာ ဘာနိဗ္ဗာန်လဲဆိုရင် **'သဉပါဒိသေသ'** နိဗ္ဗာန်ဖြစ်တယ်။ ကိလေသာတွေ ကုန်သွားတယ်။ သို့သော် ကိလေသာကံတို့ရဲ့ အကျိုးဆက်ဖြစ်တဲ့ ခန္ဓာကြီးကတော့ ရှိနေသေး တယ်တဲ့။ **'ဉပါဒိ'** ဆိုတာ ကံကိလေသာတို့ရဲ့အကျိုး၊ **'သေသ'** ဆိုတာ ကျန်နေသေးတယ် ဒီလိုဆိုလိုတယ်။

အေး . . . သက်တော်(၈၀)ပြည့်တဲ့အခါ ကုသိနာရုံ မလ္လာမင်းတို့ရဲ့ အင်ကြင်းစုံမှာ မြတ်စွာဘုရား ကိုယ်တော်မြတ် ကဆုန်လပြည့်နေ့မှာပဲ ပရိနိဗ္ဗာန်စံသွားတယ်။ အဲဒီအခါ ဘယ်အခန်း ထပ်ပျက်စီးသွားလဲဆိုတော့ **ဝိပါကဝဋ်** အခန်း ပျက်စီးသွားတယ်။

အရင်ကုန်သွားတာက **ကိလေသဝဋ်**၊ ကိလေသဝဋ် ပျက်သွားတော့ **ကမ္မဝဋ်** ပျက်တယ်။ နောက်ဆုံးပျက်သွားတာ **ဝိပါကဝဋ်**တဲ့။ ရုပ်နာမ်ခန္ဓာ အကြွင်းအကျန်မရှိတော့ဘူး။ အားလုံးစက်ဝိုင်းလေးတစ်ခု လုပ်ပြီးတော့ အကွက်လေး (၃)ကွက် ထည့်ကြည့်၊ ထည့်ကြည့်လိုက်တဲ့အခါမှာ ပထမ ကိလေသဝဋ် ဆိုတဲ့ဟာ ဖျက်လိုက်တယ်၊ ဖျက်ပစ်လိုက်ရင် ကမ္မဝဋ်က

http://www.dhammadownload.com



စွမ်းဆောင်မှု မရှိတော့ အားပျော့သွားတယ်။ နောက်ဆုံး ဝိပါကဝဋ်တွေ ပျက်စီးသွားပြီဆိုရင် အကန့်(၃)ကန့်ထဲက တစ်ခုမှ မကျန်တော့ဘူး။ အဲဒါဟာ နိဗ္ဗာန်ရောက်တာပဲပေါ့။ ဒီလို ဆိုလိုတာ။ အဲဒါ **အနုပါဒိသေသ** နိဗ္ဗာန်ဆိုတာပဲ။ ဝိပါကဝဋ်ပါ အကြွင်းအကျန် မရှိတော့ဘူးတဲ့။ ဘာဖြစ်သွားတာတုန်းဆိုရင် ချုပ်ငြိမ်းသွားတာပဲ ပြောရမယ်တဲ့။ ဘယ်ရောက်သွားတာတုန်းလို့ မေးစရာ မရှိတော့ဘူး။

ဘယ်ရောက်တယ်ဆိုတာ ရုပ်နာမ်ရှိမှ မေးလို့ရတာလေ။ အခု ရုပ်နာမ်ရှိတဲ့ပုဂ္ဂိုလ်တွေ ဘယ်ရောက်နေတုန်း တရားပွဲ ရောက်နေတာလို့ ပြောလို့ရတယ်။ ရုပ်နာမ် မရှိတော့ဘူးဆိုရင် ဘယ်ရောက်နေတယ်လို့ ဘယ်လိုလုပ်ပြောမတုန်း။ ပြောရင်တော့ နိဗ္ဗာန်ရောက်တယ်။ နိဗ္ဗာန်ရောက်တယ်ဆိုတာ ချုပ်ငြိမ်းသွား တာကို ပြောတာပဲ။ အဲဒီ အဓိပ္ပါယ်ကို ပြောတာ။ **"နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ"** မီးလေးငြိမ်းသွားသလို ရဟန္တာတွေဟာ ဒီလိုငြိမ်းသွားတယ်။

ဘုန်းကြီးတို့ သီဟိုဠ်နိုင်ငံမှာ သွားပြီးတော့ Master တန်း သွားတက်တုန်းက ပါမောက္ခဆရာကြီးထံ မေးခွန်းတစ်ခု တက်လာတယ်၊ ခရစ်ယာန်ဘုန်းကြီးတွေ အဲဒီမှာ ဗုဒ္ဓဘာသာ တရားကို လာသင်ကြတယ်။ Master တန်းမှာ လာတက်တယ်။ ခရစ်ယာန်ဘုန်းကြီးတစ်ပါးက မေးတယ်၊ "ဗုဒ္ဓဘာသာ ရဟန္တာ တွေ ပရိနိဗ္ဗာန်စံသွားတော့ ဘယ်ရောက်သွားတုန်း" တဲ့။ အဲဒီ ဆရာကြီးက စဉ်းစားပြီးတော့ ပြောတယ်၊ ပြောတော့ ဘုန်းကြီးက

http://www.dhammadownload.com



လှမ်းပြီးတော့ ထောက်ပေးလိုက်တယ်၊ ဆရာကြီး **'နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ'** ဒီစကားလေး ရှိတယ်လို့ ပြောလိုက်တဲ့အခါ သဘောပေါက်သွားပြီး Reverend က ပြောနေတယ်တဲ့၊ **'နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ'** အဲဒီအတိုင်းပဲ မှတ်ရမယ်ဆိုပြီး ဒီမေးခွန်းလေးကို ဖြေခဲ့တယ်။ ရဟန္တာ ဘယ်ရောက်သွားလဲဆိုတဲ့ မေးခွန်းနော်။

အဲဒီတော့ ဘယ်ရောက်သွားသလဲဆိုရင် ပြောစရာမရှိဘူး။ ပြောမယ်ဆိုရင် ခုနက ငြိမ်းသွားတဲ့မီးလေး ဘယ်ရောက်သွားလဲဆိုရင် ဘယ်လိုပြောမလဲ၊ ငြိမ်းသွားတယ်လို့ပဲ ပြောလို့ရတယ်။ ဘယ်ရောက်သွားတယ်လို့ ပြောလို့ရမလား၊ မရဘူး၊ ဒေသနဲ့ ပြောလို့မရဘူး ရှိမှမရှိတဲ့ဟာကို။

အေး အဲဒါကြောင့်မို့ ရဟန္တာပုဂ္ဂိုလ်ဆိုတာ အဲဒါမျိုးကို ဆိုလိုတယ်။ တခြားသုတ္တန်တွေမှာ ရဟန္တာပုဂ္ဂိုလ်အကြောင်း ဘယ်လိုရှင်းပြီး ဟောထားတုန်းဆိုရင် ရဟန္တာဆိုတာ **'အရဟ'** ကိလေသာတွေ မရှိတော့ဘူး။ လောဘမဖြစ်တော့ဘူး၊ ဒေါသမဖြစ်တော့ဘူး၊ မောဟတွေ၊ မာန်မာနတွေ မဖြစ်တော့ဘူး၊ ကိလေသာတွေက ဝေးသွားတဲ့ ပုဂ္ဂိုလ်ဟာ ရဟန္တာ။

နောက်တစ်ခုက **'ခီဏာသဝ'** အာသဝတရားတွေ ကုန်သွားတယ်။ **အာသဝ** ဆိုတာ ကာမာသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ တဏှာရယ်၊ ဒိဋ္ဌိရယ်၊ မောဟရယ်၊ ဒါတွေဟာ မရှိတော့ဘူးလို့ ဒီလိုဆိုလိုတာနော်။

**'ဝုသိတဝါ'** မဂ္ဂင်(၈)ပါး အကျင့်တရားကို ပြည့်ပြည့်ဝဝ

http://www.dhammadownload.com



ကျင့်ပြီးပြီတဲ့ 'ကတကရဏီယော' လုပ်စရာတွေ လုပ်ပြီးသွားပြီ။ လုပ်စရာတွေ မကျန်တော့ဘူး။ ဘုန်းကြီးတို့တစ်တွေဟာ လုပ်စရာတွေ ဘယ်တော့မှ မကုန်ဘူး။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် မရမချင်းဟာ လုပ်စရာတွေ ရှိနေတာပဲ။ ဘယ်သူမှ ပြီးပြည့်စုံပြီလို့ ပြောလို့မရဘူးနော်။ အလုပ်က ရှိနေသေးတာ။ ဟောရဟန္တာပုဂ္ဂိုလ်တွေကျတော့ "ကတ ကရဏီယော" လုပ်စရာတွေ ကုန်သွားပြီ၊ လုပ်ပြီးသွားပြီလို့ ဒီလိုပြောလို့ရတယ်။

နောက်တစ်ခုက 'ဩဟိတ ဘာရော' ခန္ဓာဝန်ထုပ်ကြီး ချလိုက်ပြီ။ ခန္ဓာဆိုတာ ဝန်ထုပ်ဝန်ပိုး ကြီးပဲလေ။ မနက်လင်းကတည်းက သူ့တာဝန် ထမ်းနေရတာ လူတိုင်းလူတိုင်း ခန္ဓာဆိုတာ ဝန်ထုပ်ဝန်ပိုးကြီးပဲ၊ ကိုယ့်အတွက်လုပ်နေလို့ ဘာမှဝန်ထုပ်ဝန်ပိုးလို့ မထင်ကြတာ၊ တကယ်က ဝန်ထုပ်ဝန်ပိုးကြီးပဲ၊ အဲဒီ ဝန်ထုပ်ဝန်ပိုးကြီးကို ချလိုက်ပြီ။ ဒီစကားကို ယူပြီးတော့ ခန္ဓာဝန်ချတယ်။ ခန္ဓာဝန်ချတယ်ဆိုတဲ့ အသုံးကို သုံးနေကြတယ်နော်။

အဲဒီတော့ ခန္ဓာဝန်ချတယ်လို့ပြောတာ ရဟန္တာမှ သုံးသင့်တဲ့စကားလုံးပဲ၊ အပြီးချတာမှ ခန္ဓာဝန်ချတယ်လို့ ပြောတယ်။ ပြန်ယူဦးမှာ ဆိုရင်တော့ အပြီးချတာ မဟုတ်ဘူး။ သေဆုံးတာလောက်ပဲ ရှိသေးတယ်။ ဟုတ်ကဲလား။ ဘယ်သူက ပြန်ပြန်ယူတုန်းဆိုရင် တဏှာက ပြန်ပြန်ယူတာ။ ဘဝကို တွယ်တာတတ်တဲ့ တဏှာက ခန္ဓာအသစ်ကို ပြန်ယူတာ၊ ကံနဲ့ပေါင်းပြီးတော့ ပြန်ယူသွားတာ။ ခန္ဓာဝန်ချတယ်ဆိုတာက ရဟန္တာဖြစ်သွားမှ ခန္ဓာဝန်ချတာ။ အပြီးချပြီးတော့ နောက်ဘယ်တော့မှ ကောက်မယူတော့ဘူး၊

http://www.dhammadownload.com



'သြဟိတ ဘာရော' တဲ့။

နောက်တစ်ခုက 'အနုပ္ပတ္တ သဒတ္ထော' ကိုယ့်ရဲ့ အကျိုးစီးပွားကို ရရှိပြီးသားဖြစ်တယ်။ ဒီနေ့ လူတွေက ကိုယ့်အကျိုးလို့ထင်နေတာ ကိုယ့်အကျိုး ဘယ်သူမှ မရှိကြဘူး။ ရဟန္တာဖြစ်မှ တကယ့် ကိုယ့်အကျိုးဆိုတာ ပြည့်ပြည့်ဝဝရှိတာ။ ကိုယ့်အကျိုးဆိုတာ ဘယ်တော့မှပြည့်ပြည့်စုံစုံ မရနိုင်သေးဘူး တဲ့။

နောက်တစ်ခုက "ပရိက္ခီဏ ဘဝသံယောဇနော" ဘဝပေါ်မှာ တွယ်တာသော သံယောဇဉ်ကုန်ပြီ။ ဘဝပေါ်မှာ တွယ်တာတဲ့ သံယောဇဉ် အားလုံးဟာ ကုန်သွားပြီတဲ့။ ဘဝသံယောဇဉ်တွေအားလုံး ကုန်သွားတဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်။

'သမ္မဒညာ ဝိမုတ္တော' အမှန်အကန် သိပြီးတော့ အတွယ်အတာတွေကနေ လွတ်မြောက်သွားတဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်။ အဲဒါမှ ရဟန္တာလို့ ပြောတာနော်။ ရဟန္တာမှာ အဲဒီအရည်အသွေးတွေ ရှိရမယ်လို့ ပြောတာ။

ဒကာတစ်ယောက်က ဘုရားကိုလျှောက်တယ်လေ၊ 'အရှင်ဘုရား' တဲ့ တပည့်တော် နေ့စဉ်နှင့်အမျှ အလှူအတန်းတွေ လုပ်တယ်၊ အိမ်မှာဆွမ်း အမြဲကပ်တယ်၊ တပည့်တော်ဆီကြွတဲ့ ကိုယ်တော်တွေက ရဟန္တာတွေချည်းပဲတဲ့။

မြတ်စွာဘုရားက ဘာအမိန့်ရှိလဲဆိုတော့ "ဒကာတဲ့ သင်လို လူဝတ်ကြောင်တစ်ယောက်အနေနဲ့ ဒီပုဂ္ဂိုလ်ဟာ ရဟန္တာ၊ ဒီပုဂ္ဂိုလ်ဟာ ရဟန္တာ မဟုတ်ဘူးလို့ သိဖို့ခက်ပါတယ်တဲ့။

http://www.dhammadownload.com



အဲဒါကြောင့် သံဃာကိုသာ ရည်စူးပြီးကပ်ပါ” လို့ သံဃာကိုပဲ ရည်စူးပြီး လှူပါလို့ မြတ်စွာဘုရားက ဆုံးမဩဝါဒ ပေးဖူးတယ်။ အဲဒီသုတ္တန်ကို ‘ဒါရုကမ္မိကသုတ်’ လို့ခေါ်တယ်။

ရဟန္တာ ဆိုတာဟာ ဒီလိုအရည်အသွေးတွေ ရှိရမယ်ဆိုတာ သိထားဖို့လိုအပ်တယ်ပေ့ါ။ အဲဒါမှ ရဟန္တာအစစ်အမှန်ကိုလည်းပဲ ကြည်ညိုနိုင်တယ်။ ရဟန္တာအစစ် အမှန်မဟုတ်ရင်လည်းပဲ ကိုယ်ဟာ ရဟန္တာမဟုတ်ကြောင်းကို သိနိုင်တယ်၊ ဒီလို အရည်အသွေးရှိမှ ရဟန္တာဆိုတာကို ထင်ထင်ရှားရှား သိရမယ်။

ဟောဒီလို ကိလေသာအာသဝေါ ကုန်ပြီးသားဖြစ်တဲ့ သံဃာရဲ့ နှစ်သက်စရာကောင်းတဲ့ ဒီ အရည်အချင်းတွေပေ့ါ။ အခုလို ကိလေသာတွေ ကုန်သွားလို့ ဘဝမျိုးစေ့တွေ ပျက်သွားတာဟာ အလွန်နှစ်သက် စရာကောင်းတဲ့ အရည်အချင်း တစ်ခုပဲပေ့ါ။ အဲဒီ အရည်အချင်းဟာ မွန်မြတ်တဲ့ ရတနာတစ်မျိုးပဲ ဖြစ်ပါတယ်။ ဒီမှန်ကန်သောစကားကို ဆိုရသောကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေလို့ ဒီလိုဆိုလိုတာနော်။

အဲဒီလို သစ္စာဆိုလိုက်တဲ့အခါကျတော့ သတ္တဝါတွေဟာ၊ ဝေသာလီပြည်က လူတွေဟာ ကျမ်းမာချမ်းသာသွားကြတယ်။

မြတ်စွာဘုရားဟာ ဒီတရားကို (၇)ရက်တိတိ ဟောတယ်။ ဒီဂါထာလေးအဆုံးမှာ မြတ်စွာဘုရားရဲ့ တရားနာရလို့ လူရော နတ်ရော သတ္တဝါတွေ အများကြီး ကျွတ်တန်းဝင်သွားကြတယ်ပေ့ါ။ အဲဒီလို ကျွတ်တန်းဝင်သွားတဲ့ ပရိသတ်ထဲမှာ အဲဒီတုန်းက ပါဝင်တက်ရောက် ကျွတ်တန်းဝင်သွားတဲ့ ဒီလူတွေ နတ်တွေ

http://www.dhammadownload.com



ကျွတ်တန်းဝင်သွားကြ တယ်ပေါ့။

အဲဒီတုန်းက တက်ရောက်တဲ့ ပရိသတ်ထဲမှာလည်း သိကြားမင်းကြီးကိုယ်တိုင် ပါတယ်။ ကိုယ်တိုင်ပါတော့ သူကိုယ်တိုင် သစ္စာဆိုတဲ့ အနေနဲ့ ထပ်ပိုးပြီးတော့ နောက်ထပ်ဂါထာလေး (၃)ပုဒ်ကို ရွတ်ဆိုတယ်။

အဲဒီဂါထာလေး (၃)ပုဒ်က နော်-

**"ယာနီဓ ဘူတာနိ သမာဂတာနိ၊**
**ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။**
**တထာဂတံ ဒေဝမနုဿပူဇိတံ၊**
**ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။**
**ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။**
**သံဃံ နမဿာမ သုဝတ္ထိ ဟောတု။"**

ကန်တော့တဲ့ ဂါထာလေးကိုဆိုပြီးတော့ သစ္စာပြုသွားတယ်။ ဒါက သိကြားမင်းဆိုတဲ့ ဂါထာ (၃)ပုဒ်လို့ ဒီလိုမှတ်ရမယ်။

ဟော . . . ပေါင်းလိုက်တဲ့ အခါကျတော့ ရတနသုတ်မှာ ဂါထာပေါင်း (၁၈)ပုဒ်လို့ နိဒါန်းအချိုး နိဒါန်းဂါထာ မပါဘူး။ အဲဒီတော့ ရတနသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြတော့မယ်၊ အဓိပ္ပါယ်ကို နားလည်းပြီးတော့ ရွတ်ဖတ်သရဇ္ဈာယ်ကြတော့မယ် ဆိုလို့ရှိရင် မြတ်စွာဘုရားရဲ့ ဂုဏ်တော်၊ ကျေးဇူးတော်တွေကို ရှေးဦးစွာ အာရုံပြုပြီးတော့ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ် တွေကို ရွတ်ဆိုပါ။ သစ္စာဆိုကြမယ်ဆိုရင် မိမိတို့မှာ ကျရောက်နေတဲ့ အခက်အခဲတွေ၊ ဘေးရန်အန္တရာယ်တွေကနေ တကယ်

http://www.dhammadownload.com



လွတ်မြောက်နိုင်ပါတယ်လို့ ယုံယုံကြည်ကြည်နဲ့ ဒီလိုသစ္စာဆို ကြရမယ်။ ထိုသစ္စာဆိုတဲ့ စကားလုံးတွေထဲမှာလည်းပဲ မိမိတို့ လိုက်နာကျင့်သုံးဖွယ်ရာ အချက်အလက်တွေ အများကြီးပါတယ်။

တို့တစ်တွေဟာ သံသရာက လွတ်ချင်လို့ရှိရင် ကံဟောင်း တွေ ကုန်ဖို့လိုတယ်။ ကံသစ်တွေလည်း ကိုယ်သန္တာန်မှာ မဖြစ်ဖို့ လိုတယ်။ ဘဝကြီးကို တွယ်တာတဲ့ တဏှာတွေကို ကင်းပြတ် သွားအောင် လုပ်ဖို့လိုတယ်။ ဒါမှ တို့တစ်တွေဟာ နိဗ္ဗာန်ဆိုတဲ့ အငြိမ်းဓာတ်ကို ရကြမှာဖြစ်ပါတယ်လို့ ကိုယ်စီကိုယ်စီ သဘောကျ ပြီးတော့ မြတ်စွာဘုရား ဟောကြားထားတဲ့ ဒီရတနသုတ်အတိုင်း လိုက်နာကျင့်ကြံကြိုးကုတ် အားထုတ်တော် မူနိုင်ကြပါစေကုန် သတည်း။

သာဓု သာဓု သာဓု

ရတနသုတ်အနှစ်ချုပ် (အပိုင်း-၃) ပြီး၏။